
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ငရဲသို့ပျော်ပွဲ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၅၈၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၄၂၀၉၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





မောင်ကျော်လှိုင်
စေတနာ့စာပေ

တက္ကသိုလ် တင်မြင့်



# ငရဲသို့ပျော်ပွဲ

www.burmeseclassic.com

www.burmeseclassic.com







## အိမ်ကောနိုင်နှင့် တွေ့ဆုံခြင်း

သီတဂူမှာပင် ဘတ်(စ်)ကား၏ လမ်းဆုံးဖြစ်ပေသည်။

သီတဂူသည် အောင်သပြေအဖို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော ဒေသစိမ်းနေရာ စိမ်းသက်သက် ဖြစ်ပါ၏။

ဘတ်(စ်)ကားပေါ်မှ အောင်သပြေ ဆင်းသည်နှင့် သီတဂူ၏ အရပ်လေးမျက်နှာကို အောင်သပြေ ဝေ့ဝိုက် ကြည့်ပေသည်။

"အစ်ကို ... သီတဂူမှာ ညအိပ်ညနေ နေမှာ မဟုတ်လားနော်"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေက လာမေးသော အမျိုးသမီးလေးကို ကြည့်လိုက်သည်။

တော်တော်ချော တော်တော်လှ တော်တော်ကျော့ရှင်းသော ကောင်မလေးဖြစ်သည်ကို တွေ့ရပေသည်။

အသက်(၁၈)နှစ်ခန့်သာ ကောင်မလေးဖြစ်သည်ကို တွေ့ရပေသည်။

အသက်(၁၈)နှစ်ခန့်သာ ရှိဦးမည်။ အသားဖြူဝင်းသည်။ သူမ၏ မျက်ဝန်းစုံမှာ အလိုလို ပြုံးနေသည်ဟု ထင်ရသည်။ သူမ၏ နှုတ်ခမ်းစုံက ပြုံးသည် မဟုတ်ပါဘဲလျက် မျက်နှာလေး ပြုံးနေသယောင် ရှိသည်။

ဆံကေသာမှာ ကျော့ဖုံးဖားလျားလေး ဖြစ်ပါ၏။ နက်မှောင်ဖွာရာနေသည်။

ဖြူဆွတ်သော တတ်ထရွန်လက်ရှည်ရင်ဖုံးအကျႌဝတ်ထားသည့် ကျောင်းစိမ်းတက်တတ်ထရွန်ထဘီ ဖြောင်ဝတ်ထားသည်။

ဟိုက်စကူးကျောင်းသူမလေး ဖြစ်ဟန်တူပါ၏။ သူမ၏ အရပ်မှာ ငါးပေလေးလက်မခန့် မရှည်လွန်း မပုလွန်း အံလောက်အရပ်လေး ဖြစ်သည်။





သူမ၏အရပ်နှင့် လိုက်ဖက်သော ခြေတံ လက်တံကို ခန္ဓာအချိုးမှန်စွာ ရှိနေပါ၏။

တော်တော်ကြည့်ကောင်းသော ကောင်မငယ်လေးပါပေ။ သူမ၏ကိုယ်ပေါ်တွင် ရွှေဆိုု၍ နားတွင် နားကွင်းလေးသာ ရှိသည်။ ရွှေလက်ကောက် ရွှေလက်စွပ်၊ ရွှေဆွဲကြိုးမရှိ မဝတ်၊ လည်ပင်းတွင် အဝယ်ရလွယ်သော မုလဲပုတီးလေးတစ်ကုံး ဆွဲထားသည်။

"အေး … သီတဂူကို မရောက်ဘူးလို့တစ်ကြောင်း၊ တို့ကိုယ်တိုင်က အဲဒီကားဂိတ်ကို ရောက်သွားတာတစ်ကြောင်း၊ အဲဒါနဲ့ တက်လိုက်လာတာပဲ … "

"သီတဂူကို မရောက်ဖူးဘူးလား … လည်သင့်ပါတယ် အစ်ကို … သီတဂူရဲ့ ရာသီဥတုဟာ မအေးလွန်း မပူလွန်းနဲ့ သိပ်မျှတပါတယ် … တောတောင်လျှိုမြောင်တွေနဲ့ ရှုခင်းလည်း သိပ်သာယာပါတယ် … တန်ခိုးကြီးဘုရား … သမိုင်းဝင်ဘုရားတွေလည်း ရှိသင့်သလောက် ရှိပါတယ် … အခုသုံးလေးနှစ်အတွင်းမှာ ပြည်တွင်းကရော ပြည်ပကရော ဧည့်သည်တွေ တော်တော်လာကြပါတယ် … သီတဂူမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး စည်ကားလာပါတယ် အစ်ကို ...”

“ဟဲ ... ဟဲ ... အချက်အချာကျနေတဲ့မို့ ပိုပြီး စည်ကား လာတာကိုတော့ အမိလေးက ထည့်မပြောတော့ဘူးလား”

အမျိုးသမီးငယ်လေးက ဇလိုက်ဇယော ရယ်သွမ်း သွမ်းလိုက်သည်။

ရယ်လေမှ ပို၍ပင် ကြည့်ကောင်းသွားသေးသည်။ နှုတ်ခမ်းစုံ ထူအန်းအန်းလေး ဖွင့်လိုက်သည်နှင့် ပုလဲတန်းစီ သွား လေးတွေ ပေါ်လာပြီး ပါးချိုင့်လေးတစ်ဘက်ခွက် ဝင်သွားသော ကြောင့် ဖြစ်ပါ၏။

“အစ်ကို့မှာ ဒီ သီတဝူမှာ အသိမိတ်ဆွေ ရှိသလားဟင်”

“တစ်ယောက်မှ မရှိဘူး ...”

“ဒါဆို ဘယ်မှာတည်းမှာလဲ အစ်ကို ...”

“ဘုန်းကြီးကျောင်းတစ်ခုခုမှာပေါ့ မြန်မာဘုန်းကြီးကျောင်း ဖြစ်ဖြစ် ဒီမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ တည်းမှာ”

“အယ် ... မဟုတ်လိုက်တာ ...”

“ဘာလို့ အယ်တာလဲ ... ဘာလို့ မဟုတ်လိုက်တာလဲ အမိ လေး ...”





(အစ်ကို့လောက် ဥပမိရုပ် သန့်ပြီး အစ်ကိုလို အဆင့်မြင့် လူတစ်ယောက်ဟာ ဘယ်လိုမှ ဘုန်းကြီးကျောင်းမှာ တည်းမှာ မဟုတ်ဘူးလို့ အိကေခိုင်က အတတ်သိလို့ အံ့ဩ တဲ့‘အယ်’သံ ထွက်သွားတာ)... ကဲပါ ... အစ်ကိုရာ ... သီတဝူမှာ တည်းခိုခန်းတွေ လေးငါးခြောက်ခုရှိပေမဲ့ ရွှေ နန်းဘုံမှာပဲ တည်းပေါ့ အစ်ကို ... ဒေါ်ဒေါ်ဖွားက အစ်ကို တို့လို လူရည်သန့်တွေ တည်းခိုစေဖို့ တမင် ကျကျနန ပြုပြင် ထားတဲ့ တည်းခိုဆောင်ပါ ... ရွှေနန်းဘုံဟာ မနိမ့်မမြင့် တောင် ကုန်းလေးမှာ တည်ဆောက်ထားတာပါ ... အပေါ် ထပ်မှာ တည်းခိုခန်းတွေထားပြီး အောက်ထပ်မှာတော့ စားသောက်ဆိုင် ဖွင့်ထားတယ် ... အစ်ကိုတို့မြို့ကြီးတွေ မှာတောင် ဒေါ်ဒေါ်ဖွားရဲ့ ရွှေနန်းဘုံ တည်းခိုဆောင်ကို မီမှာ မဟုတ်ပါဘူး ... ရွှေနန်းဘုံ အပေါ်ထပ်တည်းခိုခန်း ပြတင်းပေါက်က ကြည့်လိုက်ရင် သိပ်သာယာလှပတဲ့ ရှုခင်း တွေ တစ်ဝကြီး ကြည့်နိုင်တယ် ... အခန်းကလည်း အကျယ် ကြီး ... ရေမီးပြည့်စုံတယ် ... သိပ်သန့်တယ် ... အောက် ထပ်စားသောက်ခန်းမှာဆိုလည်း မြန်မာစာ၊ တရုတ်စာ

www.burmeseclassic.com



ကုလားစာ ကြိုက်တာမှာစားလို့ ရတယ် အစ်ကို … သီတဂူ ရောက်ပြီး … ဒေါ်ဒေါ်ဖွားရဲ့ ရွှေနန်းဘုံမှာ မတည်းခိုရင် လာရကျိုး မနပ်ဖြစ်သွားမယ် အစ်ကို … ”

“အမိလေးက ရွှေနန်းဘုံတည်းခိုဆောင်က ဒီကားဂိတ်ကို လွှတ်ထားတဲ့ ဧည့်ကြိုမလေးလား … ”

“ဆိုပါတော့ အစ်ကို … အိကေနိုင်က ရွှေနန်းဘုံရဲ့ လခစား ကောမရှင်စား တစ်ယောက်လို့ပဲ ဆိုပါတော့ … ရန်ကုန်-မန္တလေး-ပုဂံညောင်ဦးဒေသတွေ၊ စကားနဲ့ပြောရရင် ရွှေနန်းဘုံရဲ့ လခစား(PROTOCOL)တစ်ယောက်လို့ ပြောလို့ ရပါတယ် အစ်ကို … ”

(PROTOCOL)ဆိုသည်မှာ နိုင်ငံခြားဧည့်သည်များအား ကြိုဆိုခြင်း၊ နေရာချထားခြင်း၊ တန်ခိုးကြီးဘုရားများကို လိုက်ပြခြင်း၊ ရာဇဝင်ကြောင်းတွေကို ပြောပြခြင်း၊ ထူးဆန်းအံ့ဖွယ်ရာများကို ပြသပြီး ထူးဆန်းအံ့ဖွယ်ရာများ ဖြစ်ပေါ်လာပုံကို ပြောပြခြင်း စသည့် ဒေသ၏ ရှေ့ဆောင်လုပ်ငန်းကို ခေါ်ခြင်းဖြစ်သည်။ ယင်းဖို့ (PROTOCOL) အလုပ်ကို ရန်ကုန်၊ မန္တလေး၊ ပုဂံညောင်ဦး၊ အင်းလေး၊ ပင်းတယများတွင် အထင်ကရ ရှိသော်လည်း ယခု





သီတဂူလိုလေး နေရာတွင် (PROTOCOL)ထားရှိလောက်သော နေရာ မဟုတ်ပေ။

“မင်း ရွှေဘုံနန်းအတွက် အခုလို ဧည့်ကြိုလုပ်ပေးတာ လခ ဘယ်လောက်ရသလဲ အမိလေး … ”

“လခရယ်လို့တော့ ဘယ်ထားမလဲ အစ်ကို … သီတဂူကို ဧည့်စိမ်းတွေလာတာက နည်းသေးတာပဲ … ဒီတော့ ဒေါ်ဒေါ်ဖွားက သူ့ ရွှေနန်းဘုံကို လာတည်းခိုဖို့ ဧည့်အရေအတွက်ပေါ်မှာမူတည်ပြီး ဘောက်ဆူးပေးတဲ့ သဘောလောက် အိကေနိုင်ရတာပါ … ”

“မင်း နာမည် ‘အိကေနိုင်’လား … နာမည်လေး လှသားပဲ၊ လူနဲ့ လိုက်ဖက်တဲ့ နာမည်လေးပဲ … ”

“အဲဒီနာမည်ကို ဘိုးဘိုးက နေ့သင့်နံသင့်မှည့်ပေးတာ … အိကေနိုင်က တနင်္ဂနွေသမီးလေ … ”

“ထားပါတော့ … ငါ တစ်ခုတော့ မင်းကို မေးချင်တယ်၊ အခု သီတဂူကို ဘတ်(စ်)ကား ရပ်လိုက်တော့ ပါလာတဲ့ ခရီးသည်တွေ ဆင်းကြတာ အများကြီးပဲ … ဒီအထဲက အိကေနိုင်က တခြားလူတွေကိုတော့ ဧည့်မကြိုဘဲ ကိုယ့်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ရွေးပြီး ညှော်ကြို့တာလဲ အိကေနိုင် ...”

“ဩော် ... ဒါလား ...”

အိကေနိုင်က ...

“ဩော် ... ဒါလား ...”

ဟု ပဏာမ စပြီးမှ ဆက်ရှင်းပြသည်။

“အိကေနိုင်ရဲ့ အလုပ်က ဒီသီတဂူဌာနေ လူတွေကိုလည်း သိထားရတယ် ... နောက်ပြီး လူကဲလည်း ခတ်တတ်ရတယ် ...”

“အင်း ... ဆိုပါဦး ...”

“ဘတ်(စ်)ကားပေါ်က ဆင်းလာတဲ့ လူတွေကို အိကေနိုင် ကြည့်ရတယ် ... ဒေသခံသီတဂူက လူတွေ ခရီးသွားရာက ပြန်လာတာလား ... အဲဒီလူတွေကို ဘေးဖယ်ရတယ် ... သူတို့မှာ သီတဂူမှာပဲ အိုးအိမ်ရှိပြီးသားတွေကိုး ... အဲ ... အစ်ကိုလို လူသစ်လူစိမ်းတွေ ဘတ်(စ်)ကားပေါ်ကအဆင်း ကိုလည်း ဒီလူဟာ ရွှေဘုံနန်းဟိုတယ်မှာ တည်းခိုနိုင်အောင် ပြည့်စုံရဲ့လားဆိုတာပေါ့လေ ... အဲ ... အစ်ကိုကျတော့ အစ်ကိုက ရွှေဘုံနန်းမှာ တည်းခိုနိုင်တဲ့လူ ငွေကြေးတတ်





နိုင်တဲ့ လူလို့ သတ်မှတ်ပြီး ခေါ်တာပါ ... ရွှေဘုံနန်း တည်းခိုခန့်နန်းက ဈေးကြီးတယ်လေ၊ တစ်နေ့ကို အစားအသောက် မပါ တည်းခိုခသက်သက် ငါးရာယူတယ် ...”

“များလှချည်လား ... ဒီနေရာမျိုးမှာ ...”

“ဈေးများသလောက်လည်း ရွှေဘုံနန်း တည်းခိုခန်းက အဆင့်မြင့်ပါတယ် အစ်ကို ... ရောက်ရင် အစ်ကို တွေ့မှာ ပါ ... ပိုင်ရှင် ဒေါ်ဒေါ်ဖွားက ပစ္စည်းကောင်း သိပ်သုံးတာ”

“ဩော် ... ဒီလိုလား ...”

“ဂျစ်ကား ခေါ်လိုက်ရတော့မလား အစ်ကို ...”

“တည်းခိုဆောင်က ဂျစ်ကားနဲ့ သွားရတဲ့ထိ ဝေးလို့လား အမိလေး ...”

“ရွှေဘုံနန်းဟာ သီတဂူမှာဆိုပေမဲ့ မြို့နဲ့ တစ်မိုင်ကျော်ဝေး တဲ့တောင်ကုန်းမြင့်မှာ သီးသန့်တည်ဆောက်ထားတာပါ အစ်ကို ... အဲဒါကလည်း တည်းခိုသူတွေအတွက် အေးချမ်း သာယာဖို့ပါ ... အဲ ... မြင်းလှည်းနဲ့ သွားလည်းရတယ် အစ်ကို ... ဒါပေမဲ့ အစ်ကို့အဆင့်အတန်းနဲ့ဆိုရင် မြင်းလှည်း ကြီးနဲ့ သွားရတာ အောက်ပါတယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"အိကေနိုင်က ဘယ်ဆိုးလို့လဲ ... ရွှေဘုံနန်းမှာ တည်းခိုချင်လာအောင် အမြောက်လေးတွေ ... အပင့်လေးတွေနဲ့ တော်တော် ပြောတတ်တာပဲ ..."

"အိကေနိုင် အခါအားလျော်စွာ အခြေအနေပေါ် မူတည်ပြီး မြောက်ပင့်ပြောတတ်ပါတယ် အစ်ကို ... ဒါကလည်း လိုအပ်မှပါ ... အစ်ကိုကျတော့ အိကေနိုင် လုံးဝအမြှောက်အပင့်စကား မပါ,ပါဘူး၊ အိကေနိုင် ကြည့်ကောင်းတဲ့ယောကျ်ားတွေ တော်တော်များများ တွေ့မြင်ဖူးပါတယ် ... ဒါပေမဲ့ အိကေနိုင်တစ်သက်မှာ ကြည့်အကောင်းဆုံး ယောကျ်ားပါလားလို့ အိကေနိုင်စိတ်ထဲက သတ်မှတ်လိုက်တယ် ... တကယ်ပါ ... အစ်ကိုဟာ အရမ်းကြည့်ကောင်းပါတယ်"

အောင်သပြေ ပခုံးတွန့်ပြပါ၏။

ယခုနေ့ခေတ်တွင် အောင်သပြေ၏ပုံသွင် ဒီဇိုင်းသည် မိန်းကလေးတွေ သဘောကျစေဟု တမင်ဖော်ထားသော ဒီဇိုင်း မဟုတ်။

အောင်သပြေကိုယ်တိုင် သူ့ဝါသနာအရ လေ့ကျင့်ခန်းတွေ မပြတ်လေ့ကျင့်[illegible]ကြောင့်ရော၊ ပင်ကိုယ်အရှိကြောင့်





ရော ယခုလို ဒီဇိုင်းပုံ အလိုလို ပေါ်ထွက်နေခြင်း ဖြစ်သည်။

"ကဲ ... အိကေနိုင် ... ဂျစ်ကားဟွားပေတော့ ... တို့ ခရီးပန်းလာလို့ အနားယူချင်နေပြီ ..."

"ရတယ် အစ်ကို ..."

အိကေနိုင်က လွယ်လွယ်လေး ဂျစ်ကားငှားပြလိုက်သည်။

ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ဂျစ်ကားတစ်စီးဆီသို့ သူမက လက်ကလေးတစ်ဖက် မြှောက်ပြီး လက်ယပ်ခေါ်လိုက်သည်နှင့် အပြာရောင် ဂျစ်ကားတစ်စီး ဝူးခနဲ မောင်းထွက်လာသည်ကို အောင်သပြေ တွေ့ရသည်။

ဘယ့်နှယ် ဂျစ်ကားတွေ လေးငါးခြောက်စီး တန်းစီရပ်နေပါလျက် အိကေနိုင် လက်မြှောက်လက်ယပ်ပြသည်နှင့် တခြားဂျစ်ကားတွေက တုတ်တုတ်မျှမလှုပ်ဘဲ ၎င်းဂျစ်ကားအပြာသာလျှင် သီးသန့် ထွက်လာသည်ကို အောင်သပြေ အံ့ဩမိသည်။

တကယ်ဆိုလျှင် ဂျစ်ကားတွေ အလုအယက် အော်ဒါယူဖို့ လှုပ်ရှားသင့်သည်ဟု အောင်သပြေ ယူဆသည်။

"ဘယ်လိုလဲ အမိလေး၊ လက်ယပ်ပြခေါ်လိုက်တာနဲ့ တခြား



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားတွေက ဘာမှအရေးတယူမရှိဘဲ ဒီဂျစ်ကားအပြာကသာ ထွက်လာတာပါလား ...”

“ဒါလား အစ်ကို ...”

အိကေနိုင်က မရှင်းပြမီ ဒါလားအစ်ကိုဟု ဆိုပြန်လေသည်။ ယင်းသို့ အိကေနိုင်က လိုရင်းမပြောမီ“ဒါလား အစ်ကို” ဟု ပဏာမခံသည်ကပင် တစ်မျိုး ချစ်စရာကောင်းနေပါ၏။

“အခု ထွက်လာတဲ့ ဂျစ်ကားအပြာက ရွှေဘုံနန်းရဲ့ ဘော်ဒါလေ ... သီတဂူက အငှားလိုက်တဲ့ ဂျစ်ကားတွေဟာ သူတို့လိုင်းနဲ့ သူတို့ ခွဲထားတယ် ... အခုထွက်လာတဲ့ ဦးလေးဖြိုးရဲ့ဂျစ်ကားအပြာက ရွှေဘုံနန်းရဲ့ ပင်တိုင်ခံ အငှားကားလို့ သတ်မှတ်ထားကြတယ် ... အိကေနိုင်က ရွှေဘုံနန်းကို သွားမယ်လို့ လက်ယပ်ပြလိုက်တာနဲ့ ဦးလေးဖြိုးရဲ့ဂျစ်ကား အပြာပဲ လာရစေတယ် ... တကယ်လို့ အစ်ကိုကိုယ်တိုင် ရွှေဘုံနန်းမှာ မတည်းဘူး ... တခြားမှာ တည်းမယ်ဆိုပြီး လက်ယပ်ပြခေါ်ရင်တော့ ဦးလေးဖြိုးက တုတ်တုတ်မှ မလှုပ်နေပြီး တခြား ဂျစ်ကားတွေ အလုအယက် အစ်ကို့ဆီ လာမှာပဲ ... အဲဒီကြားမှာ ဦးလေးဖြိုး ဂျစ်ကားအပြာ





ဝင်မလုနဲ့ ... ဦးလေးဖြိုး ခံသွားရမယ်လေ ... ဦးလေးဖြိုး ဝင်လိုက်ရင် အရိုက်ခံရမယ် ...”

သူမဘာသာ ပြောပြီး သူမဘာသာပင် ရယ်လိုက်ပါ၏။

ဟာသမပါဘဲ ရယ်လိုက်သော အိကေနိုင် မျက်နှာတွင် ပါးချိုင့်လေး ခွက်ဝင်သွားပြီး ညီညာလှပသော သွားဖြူလေးပေါ်လာသည်ကို အောင်သပြေ ငေးကြည့်နေမိသည်။

ဦးလေးဖြိုး ဂျစ်ကားလာရပ်သည်မို့ ဂျစ်ကားပေါ် တက်ကြသည်။

အမျိုးသမီးတစ်ဦးအတွက် ဂျစ်ကားရှေ့မှတက်ပြီး နောက်ခုံသို့ ကူးရန်မှာ ခါးကိုင်းထားရသည်။ ခြေသလုံးပေါ် ဒူးပေါ် တွေလည်း ဖြစ်ရသည်။

“ရှေ့မှာပဲ ထိုင်ပါလား အိကေနိုင် ... ရှေ့ခုံမှာ ဒရိုင်ဘာနဲ့ တစ်ဆက်တည်း ကုရှင်မို့ အလယ်က ထိုင်ရင် ရသားပဲ ... ကျောမှီလည်း ပါတာပဲ ... တို့က အိကေနိုင်နဲ့ အသားခြင်း မထိအောင် ထိုင်ပေးမှာပါ ...”

“ဟာ ... ဒါကြောင့် မဟုတ်ပါဘူး ... အိကေနိုင်ပါ ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရင် အစ်ကို အထိုင်ရကျပ်မှာစိုးလို့ပါ ...”

“ဒါဆို ရေ့မှာပဲထိုင် ... တို့အဖို့ ယော်ကျားသားပဲ ... ကျ

တာတွေ ဘာတွေ မရှိပါဘူး ...”

အိကေခိုင် နောက်ကူရှင်သို့ မကူးတော့ဘဲ အလယ်

မှာပင် ထိုင်ချလိုက်သည်။

အောင်သပြေက သူ၏ဆွဲအိတ်ကြီးကို နောက်ကူရှင်

ခွန်းတွင် ထားပါ၏။ အိကေခိုင်ဘက်သို့ သူ၏ခန္ဓာကိုယ် မရော

စေရန် ခြေတစ်ချောင်းနှင့် ကိုယ်တစ်ခြမ်း အပြင်သို့ ထုတ်ထား

သည်။

အိကေခိုင်က အောင်သပြေကို ငဲ့စောင်းကြည့်သည်

ပခုံးတန်းကျယ်ပြောသည်။ လက်မောင်းအိုးကြီးတွေ တုတ်ခိုင်သည်

ပေါင်တံတွေကလည်း ကျစ်ပြီးမာကျော တုတ်ခိုင်သော ပုံရိပ်ထွက်

နေသည်။ အရပ်ရှည် ကိုယ်ထည်ထွားနှင့် ဦးခေါင်းဂျစ်ကား အမိုး

ထိလုနေသည်။

ပြီး ... အိကေခိုင်နှင့် ထိမိဖိမိမည်စိုးကာ ကိုယ်တစ်

ခြမ်း အပြင်ထုတ်ထားပြီး ကူရှင်ခွန်းတွင် ဖင်တစ်ခြမ်းသာ ထိုင်

သည်။





ဂျစ်ကား မောင်းထွက်ခဲ့ပြီ။

သီတဂူ၏ ကားလမ်းသည် ကျဉ်းသည်။ ကားနှစ်စီး

ရောက်နှာခြင်းဆိုင်ဖြစ်လာလျှင် နှစ်စီးစလုံး လမ်းဘေးသို့ ဘီးတစ်

ဘက်ချပြီး ရှောင်မောင်းရသည်။

“အစ်ကို ... လမ်းက ကျဉ်းတယ်နော် ... ကုန်တင်ကား

ကြီးတွေနဲ့ ရှောင်တဲ့အခါ အစ်ကို ကိုယ်တစ်ခြမ်း ပါသွားမယ်”

အိကေခိုင်ပြောပုံကို သဘောကျ၍ ရယ်မိသည်။ မိမိ

အတွက် ဒီကောင်မချောလေးက ပူရှာသားပဲဟုလည်း စိတ်ထဲ ထင်

တော်လိုက်သည်။

“ခြေတစ်ချောင်းနဲ့ ကိုယ်တစ်ခြမ်း ပါသွားကာမှ ပါသွားရော၊

အရေးကြီးတာက အိကေခိုင်ကို ကိုယ်မထိမိစေဖို့ဘဲမဟုတ်

လား ... အိကေခိုင်က တို့နဲ့ အသားချင်း ထိမှာကြောက်

တယ် မဟုတ်လား ...”

“ဒါတော့ အစ်ကိုရာ ... အစ်ကိုစိတ်ထဲမှာ မောင်လို့နှမလို

သဘောထားလိုက်ရင် ပြီးတာပဲဟာ ...”

အောင်သပြေ ထပ်မံ၍ အိကေခိုင်၏အပြောလေးကို

ရယ်မောမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိကေနိုင်သည် ဇမ်းစာအရေးအတွက် ရွှေနန်း
၏ ဧည့်ကြိုပရိတ်ကိုမလေး အလုပ်လုပ်နေစေကာမူ သူမ၏စိတ်
လေးသည် ကလေးတစ်ဝက် လူကြီးတစ်ဝက် အရွယ်သာရှိပေသေး
သည်။

အိကေနိုင်၏စိတ်ထဲတွင်လည်း ဒီအစ်ကိုသည်တခြား
ယောက်ျားတွေနှင့် မတူဘဲ ထူးခြားသည်၊ ယောက်ျား
ဝီသသည့် အမျိုးသမီးများအပေါ်တွင် အခွင့်အရေး မယူတတ်သော
သူ ဖြစ်သည်ဟု တွေးနေမိသည်။ ယခု တွေ့ကြုံသိကျွမ်းရသော
မိနစ်ပိုင်း နာရီပိုင်းမှာပင် ဒီအစ်ကိုကို အိကေနိုင် လေးစားသွား
သည်။

တကယ်လည်း အောင်သပြေသည် မိန်းကလေး
များအပေါ်တွင်,အခွင့်အရေးယူတတ်သော အကျင့်မျိုး မရှိ။

ရန်ကုန်တွင် အောင်သပြေ သိပ်သိပ်ချစ်ရသော 'ပိုင်း'
ရှိနေသည်။

ချစ်သူ'ပိုင်း'နှင့် မကြာခဏ နှစ်ယောက်ချင်း ဆိတ်
ငြိမ်ရာတွင် တွေ့စေကာမူ ချစ်သူဘာဝ ချစ်သူသင်္ကေတ ဖြစ်နိုး
ဖြစ်စဉ် ချစ်စွာသော 'ပိုင်း'ကို ပွေ့သည်။ ဖိုက်သည်။ နမ်းသည်။





ထိုထက် မပိုမိအောင် ကိုယ့်ဟာကိုယ် ထိန်းသည်။
း'နှင့် တရားဝင် လက်ထပ်ပြီးမှ အဆုံးစွန်ဖြစ်စေရမည်။လက်ထပ်
မှ လူပျိုအပျိုဘဝကို စစ်မှန်စွာ စွန့်မည်ဟူသော စိတ်ဓာတ်ထား
သူ ဖြစ်ပါ၏။

ယခုလည်း အသက်လေးငယ်ငယ် ကိုယ့်ဝမ်းကိုယ်
ထားနေသော အိကေနိုင်လို မိန်းမငယ်လေးအပေါ် အောင်သပြေ
အခွင့်အရေး ယူမတဲ့လား ဝေးသေး။

"အိကေနိုင်တို့ တည်းခိုရိပ်သာက တော်တော်ကြွားတဲ့ နာ
မည်ပဲနော် ... ရွှေဘုံနန်းတဲ့ ..."

"နာမည်နဲ့ လိုက်အောင်လည်း ရွှေဘုံနန်း တည်းခိုဆောင်
တွေရော၊ အောက်ထပ် စားသောက်ခန်းကြီးရော၊ ခမ်းနား
တယ် အစ်ကို ... ဟိုရောက်ရင် အစ်ကို မျက်မြင်ကိုယ်တွေ့
ဖြစ်မှာပါနော် ... တည်းခိုခန်းထဲ ရောက်တာနဲ့ ဆွေမျိုးမေ့
သွားမယ် ..."

"ဟာ ... ဒါဆို ကားပြန်ကွေ့တော့ ... တခြားမှာပဲ သွား
တည်းတော့မယ် ..."

"ဘာလို့လဲ အစ်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



အိကေနိုင်က ဟျာဟျာသလဲ မေးလိုက်ပါ၏။

"ဟ … တို့က ဆွေမျိုးသိမ်ချစ်တာ … ဆွေမျိုးမေ့သွားလို့ မဖြစ်ဘူး … "

ယခုမှ အစ်ကိုက နောက်ပြောင်မှန်းသိတာ။ အိကေနိုင် နှုတ်ခမ်းထူလေး ပွင့်ညီညာဖြူဖွေးသော ပုလဲစီ သွားတန်းပေါ်လာအောင် ရယ်ပေသည်။

"ဆွေမျိုးဆိုတာ မေ့ချင်မေ့သွားလည်း ဘာအရေးလဲ … အရေးကြီးတာက ကိုယ့်ဇနီး ဒါမှမဟုတ် ကိုယ့်ချစ်သူကိုသာ မေ့မသွားဖို့ လိုတာပါ … ရွှေဘုံနန်းရောက်ရင် ဇနီးဖြစ်ဖြစ် ချစ်သူဖြစ်ဖြစ် မေ့မသွားတဲ့အပြင် ပိုပြီးတောင် သတိရမှာပါ အစ်ကို … ဒီလောက် ကောင်းမွန်ခမ်းနားတဲ့ နေရာကို ကိုယ့်ဇနီး၊ ကိုယ့်ချစ်သူကို ခေါ်မလာမိတာ မှားတယ်လို့တောင် နောင်တရဦးမှာ … "

စကားတတ်သော ကောင်မလေး၏ ငယ်ယပ်ကို မချင့်မရဲ ခေါက်ချင်စိတ်ပင် အောင်သပြေ ရင်ထဲ၌ ဖြစ်ပေါ်လာခဲ့သည်။

"ဘာလဲ … အိကေနိုင်က တို့မှာ ဇနီးရှိလား ချစ်သူရှိလား





ဆိုတာ ကွက်ရှင်အောက်လိုက်တာလား … "

"ဆိုပါတော့ အစ်ကို … ဒီအရွယ်ရောက်မှတော့ အမြီးပေါက်ရောပေါ့ဆိုတဲ့ စိတ်နဲ့ ပြောမိတာပါ … "

ဂျစ်ကားပြာလေးသည် သီတဂူကို ဖြတ်မောင်းပြီး တစ်မိုင်ခန့် အရောက်တွင် မြေနီလမ်းနှင့် တောင်ကုန်းအမြင့်လေးပေါ်သို့ မောင်းတက်လာသည်။ မြေနီလမ်းဆိုစေကာမူ ကျောက်ချစ်ခဲလေးများဖြင့် မာကျောသောလမ်း ဖြစ်ပါ၏။ သီးသန့်ဖောက်ထားသော လမ်းလေးဖြစ်လောက်ပေသည်။

တစ်ခဏအတွင်းမှာပင် … တောင်ကုန်းမြင့်ထိပ် အလယ်ဗဟိုတွင် တည်ရှိနေသော ရွှေဘုံနန်းအဆောက်အဦသို့ ရောက်လာပေတော့သည်။

ရွှေဘုံနန်းဟိုတယ်

အစိမ်းရောင်နောက်ခံတွင် အဝါရောင်စာလုံးဖြင့် ဆိုင်းဘုတ်အကြီးကြီး အဝင်ခြံပေါက်ထိပ်တွင် တက်ဆင်ထားသည်ကို ထင်းခနဲ တွေ့ရသည်။

ရွှေဘုံနန်းဟိုတယ်ထဲသို့ ဝင်ခဲ့ကြသည်။

အဆောက်အဦမှာ … တိုက်ခံပျဉ်ထောင်နှစ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦကြီး ဖြစ်ပါ၏။ ရန်ကုန်ဘူတာကြီးကဲ့သို့ အမိုးပိုင်းတွင် စုလစ်မွန်းချွန်များ တန်ဆာဆင်ထားသည်။ ဤစုလစ်မွန်းချွန်တွေကိုပင် အစွဲပြုပြီး 'ရွှေဘုံနန်း'ဟု အမည်ပေးထားခြင်း ဖြစ်တန်ရာသည်။

အောက်ထပ်တွင် မန်နေဂျာအခန်းကိုသာ အခန်းဖွဲ့ထားပြီး ကျန်အပိုင်းအားလုံး ဟော(လ်)ကြီး ဖြစ်ပေသည်။

စားပွဲကုလားထိုင်တွေမှာ ခေါက်စားပွဲခေါက်ကုလားထိုင်တွေ မဟုတ်။

ထို့ပြင် တံခါးပေါက်တွင် အခန်းဆီးတပ်ထားသောသီးသန့်ခန်းတွေလည်း ထားရှိသည်။ အရက်ကောင်တာမှာ ဟော(လ်)ကြီး ဒေါင့်တစ်နေရာတွင် နိုင်ငံခြားသားကောင်တာကဲ့သို့ ထားရှိသည်။ ဆိုဖာအုပ် ထိုင်ခုံရှည်ကြီးများ ချထားသည်။ ဆုံလည်ထိုင်ခုံတွေချည်း ဖြစ်ပါ၏။

ညနေပိုင်း စားသောက်ချိန်မို့ စားပွဲတိုင်းလိုလို စားသောက်ဧည့်များ ပြည့်နှက်နေသည်။

"အစ်ကို ... ဘယ်နှစ်ရက်တည်းမှာလဲ ..."

"သုံးရက်လောက်ပါ ..."





"ဒါဆို ငွေသုံးထောင်ပေး အစ်ကို ... အခန်းအတွက် ... တင်ကြိုငွေ သွင်းရတယ် ... တကယ်လို့ အစ်ကိုက တစ်ရက်ပဲ တည်းတည်း ပိုငွေကို ပြန်အမ်းတယ် အစ်ကို ... ပြီး ... အစ်ကိုရဲ့ အမျိုးသားမှတ်ပုံတင် ကတ်ပြားပေး ..."

အောင်သပြေက အိကေနိုင်တောင်းသည့်အတိုင်း ထုတ်ပေးသည်။

အိကေနိုင် မန်နေဂျာခန်းထဲ ဝင်သွားသည်။ သိပ်မကြာလိုက်ဘဲ ပြန်ထွက်လာသည်။ ဖြတ်ပိုင်းနှင့်တကွ အခန်းသော့ယူလာသည်။

"လာ အစ်ကို ... အစ်ကိုနေမဲ့အခန်း အိကေနိုင် လိုက်ပြပေးမယ် ..."

အိကေနိုင်ကပင် ရှေ့မှ ဦးဆောင်ပြီး အပေါ်ထပ်လှေကားတစ်သို့ တက်ခဲ့သည်။

အပေါ်ထပ် ဘေးဆုံးအခန်းရှေ့သို့ ရောက်လာသည်။

"အဲဒီအခန်းပဲ အစ်ကို့ကိုပေးတဲ့ သော့နဲ့ ဖွင့်လေ ..."

အောင်သပြေ အခန်းသော့ဖွင့်ပြီး အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ဟုတ်ပါ့ ... ရွှေဘုံနန်းဟိုတယ်၏ တည်းခိုခန်းသည် ခမ်းနားပါပေသည်။

အခန်းမှာ ကျယ်ပြောသည်။ ပါလစ်ရောင် တောက်နေသော တစ်ယောက်အိပ်ခုတင်ထက်ဝယ် တစ်ထွာခန့် မြင့်သော ရေမြှုပ်မွေ့ရာရှိသည်။ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်မှာ ကြည်ပြာရောင်အောက်ခံတွင် အဖြူရောင်ပန်းပွင့်များ ဖော်ထားသည်။ သန့်ရှင်းသပ်ရပ်ပြီး ဇိမ်ကျသော အိပ်ရာဖြစ်ပါ၏။ စောင်မှာလည်း တန်ဖိုးကြီးမားသော စောင်အကောင်းစား။

ခုတင်ဘေးတွင် စာကြည့်စားပွဲလှလှလေး ရှိသည်။ စားပွဲတင်မီးအိမ်လေးကလည်း အပျံစားလှပေသည်။ ဖန်သားဆေးလိပ်ပြာခွက်လည်း ထားရှိသည်။

အဝတ်ထည့်ရန် ရင်စို့လောက်ထိမြင့်သော မှန်ဗီရိုလေးလည်း ထားရှိပေးသည်။ မှန်တင်ခုံလေးပင် ရှိသေးသည်။

"ခြင်ထောင်တော့ မထားဘူး အစ်ကို ... ပိုင်ရှင်ဒေါ်ဒေါ်မွှားက သူ့တည်းခိုခန်းထဲမှာ ခြင်တစ်ကောင်တွေ့ရင် ငွေငါးရာပေးမယ်လို့တောင် အာမခံထားတယ် ... ကွပိုးတစ်ကောင်





တွေ့လည်း ငါးရာပဲ ... "

"တယ်ဆိုတဲ့ စာပါလား အိကေနိုင် ... "

"ဆိုသလောက် ဟုတ် မဟုတ် အစ်ကိုကိုယ်တိုင် တွေ့ရမှာပဲလေ ... "

အောင်သပြေက အခန်းထဲဝင်ပြီး သူ၏ဆွဲအိတ်ကျောပိုးအိတ်တွေကို စားပွဲပေါ်တင်ထားလိုက်သည်။

"ရေအိမ်နဲ့ ရေချိုးခန်းလည်း ဒီအခန်းမှာပဲ ရှိတယ် အစ်ကို"

"အထဲမဝင်တော့ဘူးလား ... အိကေနိုင် ... တို့က ကိုက်စားတတ်တဲ့ သတ္တဝါ မဟုတ်ပါဘူး ... နက်ဖြန် သွားဖို့လေး ဘာလေး စီစဉ်တိုင်ပင်ချင်လို့ ... "

အိကေနိုင်က အောင်သပြေကို ငေးကြည့်နေသည်။ တွေဝေသော အကြည့်မျိုးဖြစ်ပါ၏။ အိကေနိုင်သည် ညှိုကြိုပရိုတိုကို အလုပ်လုပ်သည်တော့ မှန်သည်။

သို့သော် ...

ယနေ့ ဒီအစ်ကိုကို ညှိုကြိုအဖြစ် ရွှေဘုံနန်းဟိုတယ်တည်းခိုခန်းသို့ မရမက ဖြားယောင်းသွေးဆောင်ကာ ခေါ်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ ဤဘတ်(စ်)ကားဖြင့် အောင်သပြေ ပါလာမည်မှန်း အိကေနိုင် တင်ကြိုသိနေသည်။

အဘဦးဖိုးထွားသည် ရွှေဘုံနန်းပိုင်ရှင် ဒေါ်ဒေါ်ဖွားအပေါ်တွင် ဩဇာသက်ရောက်လွှမ်းသည်။

အဘဦးဖိုးထွားမှတစ်ဆင့် ဒေါ်ဒေါ်ဖွားက အိကေနိုင်ကို အစ်ကိုအောင်သပြေ၏ ဓာတ်ပုံကို သေချာပြသည်။

၎င်းဓာတ်ပုံပိုင်ရှင်၏အမည်မှာ အောင်သပြေဟု ခေါ်သည်။

ယင်း အောင်သပြေကို ရွှေနန်းဘုံဟိုတယ်တည်းခိုခန်းတွင် တည်းခိုရန် အပါခေါ်ခဲ့ရမည်။ ဒီအတွက် အဘဦးဖိုးထွားက အိကေနိုင်ကို ငွေတစ်သောင်းဆုချမည်ဟု ပြောထားသည်။

အဘဦးဖိုးထွား ချီးမြှင့်မည့် ငွေတစ်သောင်းကို မက်မောသောကြောင့် ဒီလုပ်ငန်းကို အိကေနိုင် လက်ခံလိုက်ခြင်းသာဖြစ်သည်။

သူမ တာဝန်အတိုင်း အစ်ကိုအောင်သပြေသည် ရွှေဘုံနန်းဟိုတယ် တည်းခိုခန်းသို့ အိကေနိုင် အပါခေါ်ခဲ့ပြီးပြီ။

သို့သော် ...





အစ်ကိုအောင်သပြေနှင့် ဘတ်(စ်)ကား အဆင်းမှ ယခု တည်းခိုခန်း ရောက်သည်အထိ ပြောဆိုဆက်ဆံခဲ့ရာတွင် အိကေနိုင်၏ရင်ထဲတွင် ယခင်ကတစ်ခါသူးမှ မခံစားဘူးသေးသော ခံစားမှုမျိုးလေးတွေ ခံစားရသည်။

အဘဦးဖိုးထွားသည် အစ်ကိုအောင်သပြေအား ရွှေဘုံနန်းတွင် လာရောက်တည်းခိုစေအောင် မိမိကို အာကြောင့်များ ငွေတစ်သောင်းကြီးတောင် ပေးကမ်းကာ ခေါ်စေခဲ့ခြင်းပေနည်း။

ယင်းသို့ အပါခေါ်ခဲ့စေခြင်းမှာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား၊ အစ်ကိုအောင်သပြေကို အန္တရာယ်တစ်ခုခု ပေးလို၍ ပေလား။

အခု အဘဦးဖိုးထွားသည် အစ်ကိုအောင်သပြေကို ဆင်ကို ကျုံးသွင်းသလို ခေါ်စေသည့်ပုံစံ ရှိနေသည်။

အစ်ကိုအောင်သပြေကို ဆက်ဆံရာတွင် လူဆိုးလူကြမ်းကြီး မဟုတ်ရုံသာမက အလွန်တည်ကြည်သိက္ခာရှိသူမှန်း အိကေနိုင် မြင်တွေ့ရသည်။

တဒင်္ဂမှာပင် အိကေနိုင်၏ရင်ထဲက အစ်ကိုအောင်သပြေကို ကြည်ညိုလေးစား စွဲမင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိကေနိုင်သည် ငွေရှာရေးအတွက် ဤပရိုကိုအလုပ်ကို လုပ်ရသော်လည်း သူမကိုယ်ကို အလွန်ထိန်းသိမ်းသော မိန်းကလေးဖြစ်ပါ၏။

ယခုလည်း ...

အစ်ကိုက နက်ဖြန်အစီအစဉ်ကိုစွတိုင်ပင် ပြောဆိုချင်သောကြောင့် အခန်းထဲသို့ ဝင်ရောက်ခဲ့ရန် ခေါ်နေပေပြီ။

အစ်ကိုအား ... လေးစားယုံကြည်သော်လည်း ယောကျ်ားပျိုတစ်ဦး၏ အိပ်ခန်းထဲသို့ မိန်းကလေးအနေနှင့် ဝင်သင့်ရဲ့လား။

အစ်ကို့ကို ယုံကြည်လေးစားသည်ပဲထား။ အေးလူတွေ မြင်တွေ့သွားပါက မိမိကို အထင်သေးခံရမည်။

ထို့ကြောင့် အထဲသို့ မဝင်ဘဲ တံခါးဝမှာပင် ရပ်နေခြင်း ဖြစ်ပါ၏။

အိကေနိုင်က ယင်းသို့ အတွေးမျိုး ဝင်ပြီး မိမိအားတွေဝေစွာ ကြည့်နေသည်ကို အကင်းအလွန်ပါးသော အောင်သပြေက အကဲခတ်မိသွားသည်။

"ကဲ ... အိကေနိုင် ... မြန်ချင်ပြန်တော့လေ ... တို့အဖို့က





သီတာဂူကို အခုမှ မထမဆုံးအကြိမ် ရောက်ဘူးတာမို့ အစိမ်းသက်သက်ဖြစ်ပြီး သီတာဂူရဲ့ အရှေ့အနောက်တောင်မြောက်ကိုတောင် မသိသေးဘူး ... ဒါကြောင့် တို့နက်ဖြန်ကျရင် တို့သွားချင်တဲ့နေရာတွေကို အိကေနိုင်က တိုးရစ်(စ်)ဂိုက်သဘောမျိုးလိုက်ပြ ... လိုက်ပို့နိုင်မလားလို့ပါ ... ဒါဆို ဒီလိုလုပ်ပါလား အိကေနိုင် ... နက်ဖြန်မနက် ရှစ်နာရီအထိ အိကေနိုင်တို့ကို စောင့်မယ် ... ရှစ်နာရီထိုးလို့မှ အိကေနိုင် မလာဘူးဆိုရင် တို့ဟာတို့ပဲ သီတာဂူမှာ လျှောက်လိမ့်တော့မယ် ..."

အိကေနိုင်က စိတ်မကောင်းသော မျက်နှာလေးနှင့် အောင်သပြေကို ကြည့်ပြီး နှုတ်ဆက်လိုက်သည်။

"အိကေနိုင် ပြန်မယ် အစ်ကို ..."

ပြီး ... အိကေနိုင် ပြန်လာတော့သည်။ အိကေနိုင်အဖို့ အဘဦးဖိုးထွားထံမှ ငွေတစ်သောင်းရတော့မည်။ ထိုရသောငွေတစ်သောင်းနှင့် မိမိစုဆောင်းထားသော ငွေတွေကို ပေါင်ကာ ရန်ကုန်သို့ဆင်းပြီး ဝါသနာပါလှသော အဆိုတော်ဖြစ်အောင် ကြိုးစားမည်ဟု စိတ်ကူးယဉ်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အိကေခိုင် ပြန်သွားမှ အခန်းတံခါးပိတ်ပြီး အိပ်ရာပေါ်သို့ အောင်သပြေ ပစ်လှဲချလိုက်သည်။

ရန်ကုန်မှချစ်စွာသော ချစ်သူ'ဝိုင်း'ကို သတိရမိသည်။

ဝိုင်းသည် မိမိကို သိပ်ချစ်ရှာသည်။ မိမိအတွက် ဆိုပါက သူမ၏ဘဝကိုပင်ပေးကာ မိမိကိုချစ်လှကြောင်း သက်သေထုတ်သွားသည်များကို ပြန်စဉ်းစားသည်။





## ပြန်လည်စဉ်းစားခြင်း

သူ့ကိုကြည့်ရသည်မှာ စိုးစဉ်းမျှ စိုးရိမ်စိတ် မရှိ။
စိုးစဉ်းမျှ ထိတ်လန့်မှု မရှိ။
ပကတိမှ ပကတိအတိုင်း။

တကယ်တော့ အမှုက အမှုများထဲတွင် အကြီးဆုံးအမှု။

လူသတ်မှု။

သူ့ကိုလက်ထိတ်ဖြင့် အစောင့်ရဲဖြင့် တရားခွင်သို့ ခေါ် ထုတ်လာခြင်း ဖြစ်သည်။

ယနေ့ သူ အမှုချိန်းနေ့။



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်တွင် သူ့ကို တရားခံဝက်ခြံထဲထည့်ကာ ရဲအစောင့်က ဘေးမှရပ်နေသည်။ သူက တရားခံ။

ဤလူသတ်မှုအတွက် သက်ဆိုင်ရာ အကျိုးဆောင် ရှေ့နေတွေ၊ သက်သေတွေ၊ တရားခံသူ့ဘက်မှ သက်ဆိုင်သူတွေနှင့် စိတ်ပါဝင်စား၍ လာရောက်နားထောင်သူတွေ အပြည့်ရှိနေပါ၏။

သူက အဲဒီလူတွေကို ဘယ်သူဆို ဘယ်သူ့တို့မှ မကြည့်၊ ငေးမိငေးရာသို့သာ ငေးကြည့်နေသည်။

သူသည် တရားခံဆိုသော်လည်း တည်ငြိမ်လွန်းလှပေသည်။

အမှုစတင်ပေပြီ။

"အဘဦးမြင့်နိုင်၊ အမိဒေါ်ရည်မွန်၏သား အောင်သပြေသည် (၁၉၉၀)ခုနှစ်နဝမ်ရီလ(၁၅)ရက်နေ့ညတွင် ဦးကိုကိုအား သေနတ်နှင့် ပစ်သတ်သည်ဟူ၍ စွဲချက်တင်ထားသည့် ၎င်းကိစ္စနှင့် ပတ်သက်၍ တရားခံအောင်သပြေ ဘာပြောချင်သလဲ"

"ဦးကိုကိုကို ကျွန်တော် မသတ်ဘူး ... ဘယ်သူတစ်ဦးတစ်ယောက်ကိုမှလည်း ကျွန်တော် မသတ်ဘူး ..."

အောင်သပြေ ပြန်ဖြေပုံ ပြောပုံမှာ ဗျာပျာသလဲမရှိ





ချက်စိပျက် မျက်နှာပျက်မရှိ၊ တရားသူကြီးမေးသည့်ကို သာမန်ဖြေသလိုသာ ပြန်ဖြေသည်။

တရားခံကိုမေးပြီးနောက် သက်ဆိုင်ရာက တရားလိုကို ဆက်လက်မေးမြန်းသည်။

အောင်သပြေသည် တရားလို၏အကျိုးတော်ဆောင်၏မေးမြန်းချက်ကိုလည်း အာရုံမထားဘဲ တရားလိုဘက်မှ ဘာတွေ ထွက်ဆိုသည်ကိုလည်း နားမထောင်ဘဲ တရားခံခြံကို ကျောမှီကာ မျက်လုံးအစုံကို မှေးထားပါ၏။

တရားရုံးတွင် အစစ်အမေးခံရသည်များကို အောင်သပြေ ငြီးငွေ့လှပြီ။

အောင်သပြေအား အမှုလိုက်ရဲအရာရှိ အောင်ကျော်ဇင်က လူသတ်မှုဖြင့် ဖမ်းဆီးပြီး ရမန်ရက်အတွင်း အချုပ်ခန်းသွင်းထားသည်။ အမှုကို စွဲချက်တင်သောအခါ အောင်သပြေအား ထောင်ကြီးချုပ်သို့ ပို့ဆောင်ပြီး ရုံးချိန်းရက်ကျမှ ထောင်ကြီးချုပ်က ခေါ်ထုတ်ခြင်း ဖြစ်သည်။

ထောင်ကြီးချုပ်တွင် နှစ်ကြီးသမားတွေ အမှုကြီးသမားတွေက ဝင်လာသော လူသစ်ထောင်ထဲရောက်လာပြီဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်မှုတွေ ပြုကြသည်။

"ဟေ့ကောင် ... မင်းက ဘာမှုလဲ ..."

ထောင်ခန်းထဲတွင် ထောင်ကျနှစ်ဆယ်ခန့် ရှိသည်။ ထောင်ထဲ ရောက်လာသော သားရေကျာကင်အကောင်းစား ဥပဓိရုပ်သန့်သန့် အောင်သပြေကို အသက်(၄၀)ခန့် ကျွဲပေါက်တစ်ကောင်လောက်နီးပါး ရှိသည့်အသားမည်းမည်း တုတ်တုတ်ခိုင်ခိုင်နှင့် ထောင်သားကြီးက မာကျောသောအသံဖြင့် မေးလိုက်သည်။

ထိုထောင်သားကြီးကို သက်ဆိုင်ရာတွေက ကျွဲကြီးဟု အမည်ပေးထားသော ကျွဲကြီးကလည်း သူ့ကို ကျွဲကြီးတစ်ကောင်လို တပ်ဝံစားခေါ်သည်ကို နှစ်သက်ပုံရသည်။ ထိုထောင်ခန်းတွင် အားလုံးက ကျွဲကြီးကို ဆရာတစ်ဆူလို ရှိသေလေးစားကိုး ကွယ်သည့် သဘောရှိသည်။

ကျွဲကြီးက အောင်သားများထဲမှ သူ့ စိတ်ကြိုက်တပည့်နှစ်ယောက်ကို ရွေးကာ လက်ထောက်နေရာပင် ပေးထားသည်။

တစ်ယောက်မှာ ပေတိုးဖြစ်ပြီး၊ နောက်တစ်ယောက်မှာ ပေသီးဟု ခေါ်ကြပါ၏။





ထောင်ထဲတွင် ထောင်သားအချင်းချင်း အမည်မှန်ကို မသိကြရ၊ သူတို့၏အမည်ရင်း အမည်မှန်ကို သက်ဆိုင်ရာထောင်ချုပ်သူများသာ သိကြသည်။

လူသစ်ဝင်လာသော အောင်သပြေအား ကျွဲကြီးက မေးလိုက်ခြင်း ဖြစ်သည်။

အောင်သပြေက ကျွဲကြီး၏မေးမြန်းချက်ကို ဘာမျှပြန်မဖြေဘဲ နံရံမှီထောင့်ကပ်ပုံစံနှင့်သာ ထိုင်မြဲထိုင်နေသည်။

"ဟေ့ကောင် ... ငါမေးနေတာ မင်း မကြားဘူးလား"

"ကြားသားပဲ ..."

"ကြားရင်ဖြေလေကွာ ..."

"လူသတ်မှုလို့ ပြောတာပဲ ..."

"ဘာကွ ... လူသတ်မှု ဟုတ်လား ... မင်းလိုကောင်က လူသတ်သတဲ့လားကွာ ... ရုပ်ချောချောလှလှနဲ့ ဒီလိုရုပ်မျိုးက လူသတ်ရဲတဲ့ ရုပ်မျိုးမှ မဟုတ်တာ ..."

"တကယ်လည်း ကျုပ် ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူးဗျာ ... ဒါပေမဲ့ ကျုပ်ကို လူသတ်တယ်ဆိုတဲ့ စွဲချက်တင်ထားတာပဲ ..."

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒီလိုပဲ ဖြစ်မှာပါ ... မင်းရဲ့ဥပမိရုပ်နဲ့ ပုံစံက လူသတ်ရဲတဲ့ ရုပ်လက္ခဏာမှ မဟုတ်တာ ... ဒါထက် မင်း ဝတ်ထားတဲ့ သားရေဂျာကင်က တယ်ကောင်းပါလားကွ ဘယ်လောက်ပေးရလဲ ..."

"ငါးထောင် ..."

"ဟာ ... မင်းဂျာကင်က ရွှေတစ်ကျပ်သားထက်တောင် ဈေးပိုများနေသေးပါလား ..."

(ထိုခေတ် ထိုကာလက တန်ဖိုးကို ဆိုလိုသည်။)

"ကဲ ... အဲဒီငါးထောင်တန် ဂျာကင်ကို ချွတ်လိုက်ကွာ"

အောင်သပြေက ဂျာကင်မချွတ်ရုံမက ကျွဲကြီးနှင့် ပြောဆိုရသည်ကို စိတ်ပျက်ပုံပြကာ ဘာမှမပြောဘဲ နေလိုက်သည်။

"ဟောကောင် ... ချွတ်လေ ..."

"ဘာလို့ ချွတ်ခိုင်းတာလဲ ..."

"ဟေ ... ဘာလို့ ချွတ်ခိုင်းတာလဲ ဟုတ်လား ... အေးလေ မင်းက လူသစ်ဆိုတော့ မသိနားမလည်ဘူးပေါ့ ... ဟေ့ကောင်တွေ ကြားလား ... ဒီလူသစ်ကောင်က သူ့ဂျာကင် ဘာလို့ ချွတ်ရမှာလဲလို့ ငါ့ကို ပြန်မေးနေတယ် ... ရယ်စရာ





ကြီးတွေနော် ... ဟား ... ဟား ..."

တခြားထောင်သားတွေကလည်း လိုက်၍ရယ်မောကြသည်။

အောင်သပြေက ခပ်တည်တည်ပင် ...

"ဒီမှာ ဟေ့ကောင် ... လူသစ် ... မင်း သေချာမှတ်ထား၊ ငါ့နာမည် ဒီထောင်ထဲမှာ ကျွဲကြီးလို့ ခေါ်တယ် ... မင်းမြင်တယ် မဟုတ်လား ... ငါဟာ ကျွဲတစ်ကောင်လောက် ကြီးထွားတယ် ... ခွန်အားရှိတယ် ... ငါက လူသတ်မှုနှစ်မှုနဲ့ ထောင်ထဲရောက်လာတာ ... အမှုကို တရားရုံးက စီရင်ချက်ချရင် ငါ့ကို သေဒဏ်ချမှာပဲ ... ဒါတော့ ငါ့ဘဝက သေမထူး နေမထူးဘဝ ရောက်နေပြီ ... ဒီတော့ ဒီထောင်ထဲမှာ ငါလိုချင်တာဆို ဘာမဆို ရအောင်ယူတယ် ... ငါ့ကို သေဒဏ်ထက်ပိုပြီး အပြစ်ပေးစရာမရှိဘူး ... ထောင်ထဲက ကောင်တွေအားလုံး ငါလိုချင်တာဆို ချက်ချင်းပေးရတယ် ... ဟေ့ကောင်တွေ ငါပြောတာ မှန်တယ် မဟုတ်လား ..."

"မှန်ပါတယ် ကိုကျွဲကြီး ..."

"ကဲ ... ဟေ့ကောင်လူသစ် ... မင်း ကြားတဲ့အတိုင်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ဂျာကင်အျှတ်ပြီး ငါ့ကိုပေး ... ငါလိုချင်တယ် ...

အောင်သပြေက ဦးခေါင်းခါပြလိုက်ပြီး ပြန်ပြော လိုက်သည်။

"ကျုပ်က စေတနာမရှိရင် ရှိနိုးပြီးတောင်းတဲ့ သူတောင် စားကိုတောင် ငါးပြားစေ့တစ်စေ့ မပေးဘူး ကိုကျွဲကြီး"

"ဘာကွ ... မင်းက ငါ့ကို သူတောင်းစားလောက်တောင် အရေးမထားဘူးလို့ ပြောလိုက်တာလား ... ဟေ့ကောင် တွေ မင်းတို့ သေချာကြည့်ထား ... တစ်မိနစ်အတွင်း ဒီ ကောင်လူသစ် ငါ့ကို ဂျာကင်အျှတ်ပေးပြီး ရှိနိုးတောင်းပန် စေရမယ် ..."

ကျွဲကြီး ပွဲကြမ်းတော့မည်မှန်းသိသော ကောင်သား တွေအားလုံး ဘေးသို့ ရှဲသွားကြသည်။

ကျွဲကြီးသည် အပေါ်ပိုင်းအကျီ မဝတ်သဖြင့် သူ၏ လက်မောင်းကို လက်ခမောင်းတစ်ဖျောင်းဖျောင်း ခတ်လိုက်သည်၊ လူဝံကြီးတစ်ကောင်လို့ သူ့ရင်အုံကြီးကိုလည်း တစ်ဘုန်းဘုန်း ထုပြ လိုက်သည်။

ပြီးနောက် သူ၏ကိုယ်လုံးကြီးဖြင့် နံရံကျောမှီ ခေါင်





ကပ်ထိုင်နေသော အောင်သပြေအား ပစ်ဝင်ခုန်အုပ်လိုက်တော့ သည်။

မှားလေစွ ကျွဲကြီး။

အောင်သပြေက ထိုင်ရာမှမထ။ သူ၏လက်သီးဖြင့် ကျွဲကြီး ပေါင်လည်ပွဆုံကို ခပ်ပြင်းပြင်း လက်သီးချက်ပစ်သွင်းလိုက် သည်။

ဘယ်လိုကျွဲကြီး ဝင်လာလျှင် မိမိက ဘာပြန်လုပ်ရ မည်ကို ဆိုသည်ကို အောင်သပြေက တင်ကြိုတွက်ပြီးသား။

"အား ... အား ... အား ..."

ယောကျ်ားသားတို့အတွက် ထိုနေရာ သည်အထိ အနာဆုံးနေရာ ဖြစ်သည်။

ကျွဲကြီးသည်သူကဘာမှမလုပ်လိုက်ရဘဲ ရုတ်တရက် ကြီး အထိအနာဆုံး ခံလိုက်ရသောကြောင့် တအားအား ညည်းကာ သူ၏လက်ဝါးနှစ်ဖက်စလုံး ဆီးခုံသို့အုပ်ကာ မျက်လုံးပြာသွားအောင် နာကျင်လှသဖြင့် ခန္ဓာကိုယ်ကြီး ရှေ့ကိုင်း၊ ဦးခေါင်းကြီးငုံ့ဖြစ်သွား သည်။

ခါးကိုင်းပြီး ဦးခေါင်းငုံ့ထားခြင်းသည် လည်စင်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည့်နှင့် ဘာထူးသေးသနည်း။

အောင်သပြေ ထိုင်ရာမှ ထကာ စင်းနေသော ကျွဲကြီး၏လည်ကုပ်ကိုလက်ဝါးစောင်းပြင်းတစ်ချက်ထပ်ပေးလိုက်သည်။

အင့်ခနဲ အသံထွက်ပြီး ကျွဲကြီးသည် ဖွဲအိတ်ကြီး ပစ်ချသလို ပုံခနဲ အလျားမှောက်ကြီး ကျသွားပေတော့သည်။ တကယ့်ချက်ကောင်းမှာချည်း အထိနာသွားသောကြောင့် ကျွဲကြီး မျက်လုံးကြီးပြူးကာ သတိမေ့သွားတော့သည်။

"ဟောကောင် လူသစ် ... ဆရာကျွဲကြီး သတိမေ့သွားပြီ၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ ... "

တပည့်ပေသီးက ဒေါနှင့် မောနှင့် လှမ်းပြောသည်။

"ကျုပ် ဘယ်လိုလုပ်လိုက်တယ်ဆိုတာ ခင်ဗျားကြီး ကြည့်နေတာပဲ ... မြင်မှာပေါ့ ... အဲ ... သတိမေ့သွားတာကို ခေါင်းကို ရေမွှန်းအောင်လောင်းပြီး နှာနှပ်ပေးလိုက်ပေါ့၊ ဒွေးဆေးလေး ကွမ်းရွက်လေးရှိရင်လည်း ရှူခိုင်း ... "

သို့ဆိုသော် ...

ပေသီးနှင့် ပေတိုးသည် အောင်သပြေအား မကျေပွဲဆက်နွှဲချင်ပုံပင်။





လက်ဝဲတစ်ယောက်လက်ယာတစ်ယောက် အောင်သပြေဘေးမှ ဝင်လာသည်။

အောင်သပြေက နေရာမရွေ့ ရပ်မြဲရပ်နေသည်။

ပေသီးနှင့် ပေတိုးက အောင်သပြေကို လက်ဝဲလက်ယာ ချုပ်ကိုင်လိုက်သည်။

သူတို့နှစ်ယောက် ချုပ်ကိုင်လိုက်သည်နှင့် အောင်သပြေက လှစ်ခနဲ နောက်သို့ တစ်လှမ်းဆုတ်လိုက်သောကြောင့် ချုပ်ကိုင်ရမည့် အလယ်လူ အောင်သပြေ မရှိတော့ဘဲ ပေသီးနှင့် ပေတိုး မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

သူတို့နှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွားစဉ်မှာပင် အောင်သပြေက သူတို့နှစ်ဦး၏ နောက်စေ့ကိုယ်စီကို လက်ဝါးနှစ်ဖက်ကို တစ်ဘက်စီ အုပ်ကိုင်ကာ ပေသီးနှင့် ပေတိုး၏နဖူးချင်း ဖိအားဖြင့် အရှိန်ဖြင့် တီးထည့်လိုက်သည်။

ခွပ်ခနဲ အုန်းသီးခွဲသံမျိုး ထွက်လာကာ နှစ်ယောက်စလုံး ဖင်ထိုင်လဲကျသွားသည်။

အကယ်၍ အောင်သပြေက ဆက်လုပ်မည်ဆိုလျှင် ပေသီးနှင့် ပေတိုး၏ရင်ဘတ်တွေကို ခြေကန်ပစ်သွင်းနိုင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေ ဆက်မလုပ်ပေ။

တခြားထောင်သားတွေကို အောင်သပြေ ဝေ့ဝိုက်ကြည့်လိုက်သည်။

"ကဲ ... လာဦးမလား ... ဘယ်သူလာမလဲ ... လာလေ"

ဟု စိန်ခေါ်လိုက်သည်။

ဘယ်သူမှ ထွက်မလာရဲတော့ဘဲ လဲကျနေသော သူတို့၏ဆရာကျွဲကြီးဘေးတွင် ဝိုင်းထိုင်ကြသည်။

ယင်းသည့်နောက်ဝယ် ကျွဲကြီးမှစပြီး အောင်သပြေကို ဘယ်သူမှ ရန်မလုပ်ရဲတော့ပေ။ အရောတဝင်လည်း မနေကြ။ သူစည်း ကိုယ့်စည်းပုံစံဖြင့် နေကြတော့သည်။

လူပုံချောချော အသက်ရွယ်ရွယ်ရှိသော်လည်း သတ်ရည်ပုတ်ရည်မှာ သူတို့ဆရာတင်ထားသော ပထမကျွဲကြီး ဒုတိယပေသီး ပေတိုးမှောက်သွား ကွဲသွားသည်ကို သူတို့ မျက်မြင်ဖြစ်သွားသောကြောင့်ပါတည်း။

အောင်သပြေကွယ်ရာတွင် ...

"ဒီကောင်က မြွေပွေးကွ ... သူဟာသူ ခွေနေတဲ့အကောင်၊ သူ့ကို သွားထိလို့ကတော့ အဆိပ်ပြင်းတယ်ဟေ့ ..."





ဟု ပြောကြတော့သည်။

အောင်သပြေ ထောင်အချုပ်ထဲရောက်ပြီး လေးငါးရက်အတွင်းမှာပင် ကျွဲကြီးမှအစ အားလုံးသည် အောင်သပြေ၏ စိတ်နေသဘောထားကို နားလည်လာတော့သည်။

အောင်သပြေ၏အိမ်ကရော ဝိုင်းကရော အကျိုးတော်ဆောင်မှတစ်ဆင့် ထောင်အုပ်ချုပ်သူများမှတစ်ဆင့် စားဖွယ်စားကောင်းများ ပို့ပေးသည်။

အောင်သပြေက အိမ်ကပို့သမျှ နေ့ဖို့ည ာမထား၊ ထောင်သားအားလုံး၏ အလယ်တွင်ချလိုက်သည်။

"စားချင်တဲ့လူစား ... မစားချင်တဲ့လူ မစားနဲ့ ါပဲ ..."

ဟုပြောပြီး သူကိုယ်တိုင်လည်း တစ်ထိုင်ဟည်းအဝစားပစ်လိုက်သည်။

ဘယ်နေလိမ့်မလဲ။

ငတ်နေသော ထောင်သားအားလုံး ကျွဲကြီးမှအစ အားလုံး စားကြသည်မှာ ဖြိုက်ခနဲ ကုန်ပါလေ၏။

သူတို့အားလုံး အောင်သပြေကို လေးစားလာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေသည် မိဘချမ်းသာသည့် တစ်ဦးတည်းသောသား ဖြစ်သည်။ အပြင်မှာနေစဉ်က မိဘနှင့် အတူမနေဘဲ သူ့ဟာသူ အပြင်တွင် စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့ပါးပါးနေသူ ယခု လူသတ်မှုနှင့် ချုပ်နှောင်ထားသည်ကို သူ့မိဘတွေက အတော်ဆုံးနှင့် အကောင်းဆုံး အကျိုးတော်ဆောင်ငှားပြီး လွတ်ရာလွတ်ကြောင်း ကြိုးစားနေသည်မှန်း လူသတ်ုင်းလူချင်းဆောင် ကျွဲကြီးက အစ အားလုံး သိလာကြသည်။

အိမ်မှ စားသောက်ဖွယ်ပို့ပေးပြီး ပြိုက်ခနဲ ကုန်သွားသော်လည်း အောင်သပြေက မမှု။ နောက်နေ့တွင် အများနည်းတူ ထောင်ထမင်း ထောင်ဟင်းကို အားရပါးရ စားသူ ဖြစ်သည်။ ဤသည်ပင်လျှင် ထောင်သားတွေက အောင်သပြေကို လေးစားချီးကျူးရမြန်သည်။

ပထမနေ့တွင် အောင်သပြေက ကျုပ် လူမသတ်ပါဘူးဟု အချုပ်ထောင်ထဲရောက်ခါစက ပြောသည်ကို ကျွဲကြီးက အောင်သပြေ၏ဥပမိရုပ်အရ ယုံမိသေးသည်။

ဒီနောက် ကျွဲကြီးတို့အုပ်စု ခံလိုက်ရပြီးနောက်ဝယ် ကျွဲကြီးတို့အုပ်စုကို အောင်သပြေက လစ်ထွက်မပေးဘဲ လင်းယုန်





မျက်စိလို အမြဲရန်သူကို သတိထားနေတတ်သည်ကို ကျွဲကြီးတို့ သိလာသည်။

လစ်စရာရှိလျှင် ကျွဲကြီးတို့သာပေါ်တီးပေါ်ဆ လစ်သော်လည်း အောင်သပြေက သူတို့ကို ဘာမှမလုပ်။ သူ့ကိုမထိလျှင် ဘာမျှမလုပ်သောသဘော ရှိနေသည်ကို အားလုံး သဘောပေါက်သွားကြသည်။

"ဒီကောင် သိပ်သွေးအေးတယ် ... သတ္တိလည်း သိပ်ကောင်းတယ် ... ဒီကောင် လူသတ်ခဲ့တယ်ဆိုတာ ဟုတ်ချင်ဟုတ်မှာ ... "

ဟုပင် ကျွဲကြီးက ဆိုလာရသည်။

ပထမအကြိမ် အောင်သပြေကို ရုံးထုတ်စဉ်က ဖေဖေဦးမြင့်နိုင်သည် အတော်ဆုံး အကျိုးတော်ဆောင် ဦးမင်းသူနှင့်အတူ သားအောင်သပြေကို လာတွေ့သည်။

ထောင်အချုပ်တွင် ရောက်နေသော သားကိုကြည့်ပြီး ဦးမြင့်နိုင် မျက်ရည်ဝဲရသည်။

"ဖေဖေ ... ဘာလို့ဒီနေရာမျိုး လိုက်လာရတာလဲ ... ဖေဖေ့အတွက် ဂုဏ်သိက္ခာကျဆင်းပါတယ် ဖေဖေ ... နောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



မလာပါနဲ့ ... မေမေ့ကိုတော့ လုံးဝကြီးကို ခေါ်မလာပါနဲ့ ဖေဖေ ... ”

“ဒီနေရာမျိုး ဘယ်သူလာချင်ပါမလဲ သားရယ် ... သားက လူသတ်မှုကြီးနဲ့ ဒီနေရာရောက်နေတော့ ဒီနေရာကို ဖေဖေ လာရတာပေါ့ ... ”

“ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး ဖေဖေ ... ကျွန်တော် မသတ်တာမို့ ကျွန်တော် လွတ်ရမယ် ... ”

အောင်သပြေပြောပုံကို အကျိုးတော်ဆောင် ဦးမင်းသူက ပြုံးသည်။

သို့သော် ဘာမှမပြောသေး။

နောက်တစ်ခေါက် ဦးမင်းသူက တစ်ယောက်တည်း လာပြီး အောင်သပြေကို တွေ့ဆုံသည်။

ဦးမင်းသူက အမှုအကြောင်း ဘာမှမပြောသေးဘဲ အောင်သပြေကို သေချာကြည့်သည်။

အောင်သပြေ ဆံပင်တွေ ရှည်လွန်းနေသည်။ မုတ်ဆိတ်ပသိုင်းမွေးတွေ ပြိုင်းပြိုင်းထနေသည်။ လူဆိုးလူမိုက်ရုပ် ထွက်နေပါ၏။





ထိုမျှမကတော့။

ဦးမင်းသူက အမှုကိစ္စ ဘာတစ်ခွန်းမျှ မပြောသေးမီ အောင်သပြေက အရင်ပြောသည်။

“ဖေဖေနဲ့ မေမေက အလကားငွေကုန်ခံပြီး ရှေ့နေငှား တယ် ... ရှေ့နေမငှားလည်း အမှုက လွတ်မှာပဲဟာ ... ”

“မင်း အဲဒီလို ထင်သလား အောင်သပြေ ... ”

“ထင်ရုံမကဘူး ... တစ်ထစ်ချယူမှတ်ထားတာ ဦးမင်းသူ၊ ဘာလို့လဲဆိုတော့ ဦးကိုကိုဆိုတဲ့လူကို ကျွန်တော် မသတ် လို့ဘဲ ... ”

“ငါမေးမယ် အောင်သပြေ ... မင်း ဒီအရင်က အမှုတွေ ဘာတွေဖြစ်ခဲ့ဘူးသလား ... ”

“တစ်ခါမှ မဖြစ်ဖူးဘူး ... ”

“ခဏဖြစ်ဖြစ် အချုပ်ခံရဘူးလား ... ”

“တစ်ခါမှ အချုပ်ထဲ မရောက်ဖူးဘူး ... ”

“ဒါဆို မင်းမှာ ဥပဒေနဲ့ ပတ်သက်ပြီး ဆည်းပူးထားတာမျိုး ကော ရှိသလား ... ”

“ကျွန်တော် စာအုပ်တွေဖတ်ပြီး လေ့လာကျက်မှတ်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပွဲတဲ့အလုပ်ကို အမုန်းဆုံးပဲ ဦးမင်းသူ ... တက္ကသိုလ်ကဘွဲ့ရအောင်တောင် မနည်းကြိတ်မှိတ်သည်းခံပြီး စာကျက်ခဲ့တာ ... ”

“မင်း တက္ကသိုလ်က ဘာဘွဲ့ပဲရရပေါ့ကွာ ... အခု အနံကယ် ပြောနေတာက မင်းမှာ တရားဥပဒေနဲ့ ပတ်သက်တဲ့ ဗဟုသုတ ဘာမှမရှိဘူး မဟုတ်လား ... ”

“အဲဒီအတိုင်းပါပဲ ဦးမင်းသူ ... ”

“ဒါဆို အခု မင်း ဦးကိုကိုကိုသတ်မှုမှာ ဘာလို့ တရားသေလွတ်ရမယ်လို့ ဘာအထောက်အထားတွေနဲ့ ရဲရဲကြီးပြောနေတာလဲ ... ”

“ကျွန်တော် သတ်တာ မဟုတ်လို့ဘဲ ... ”

“ဒါက မင်းပြောတာပဲ၊ ငါ့ရဲ့ ရှေ့နေသက်တမ်းတစ်လျှောက်မှာ ဘယ်တရားခံတစ်ယောက်မှ အမှုကို မကျူးလွန်ဘူးလို့ ပြောကြတာချည်းပဲ ... ဘယ်တရားခံကမှ ဟုတ်ပါတယ် ကျွန်တော် ကျူးလွန်ပါတယ်လို့ ဝန်ခံပြောတာမျိုး မတွေ့ခဲ့ဖူးဘူး ... ”

“အခု ဦးကိုကိုဆိုတဲ့လူကို မင်း မသတ်မှန်း မင်းဖေဖေ





ဦးမြင့်နိုင်ကရော၊ မင်းမေမေ ဒေါ်ရည်မွန်ကရော၊ ယုံကြည်ကြတယ် ... ငါလည်း မင်းမသတ်ဘူးဆိုတာ ယုံပါတယ်၊ အေး ... ဒါပေမဲ့ ငါတို့က ယုံကြည်တိုင်း မင်းမလွတ်နိုင်ဘူး၊ တရားရုံးက အဓိကဘက်က သက်သေထွက်ဆိုချက်တွေ၊ သက်သေခံအထောက်အထားထက် သက်သေပစ္စည်းတွေနဲ့ အချက်အလက်တွေ လေ့လာကြည့်ရှုပြီးမှ တရားခံဟာ ပစ်မှုကျူးလွန်ခြင်း မရှိဘူးလို့ ယုံကြည်လာမှ မင်းပြောတဲ့ တရားသေလွတ်မှာ ... ”

“ကျွန်တော် ဦးကိုကိုကို မသတ်ပါဘူးလို့ တရားရုံးမှာ ထွက်ဆိုထားတာပဲဟာ ... ”

“အေး ... မင်းမသတ်ပါဘူးဆိုတဲ့ မသတ်တဲ့ အထောက်အထားတွေ တရားရုံးတော်ကို တင်ပြနိုင်ဖို့ လိုလာတယ်၊ အခု မင်းအမှုကို ကိုင်တဲ့ ရဲအရာရှိ အိုင်အိုအောင်ကျော်မင်းကိုယ်တိုင်က အချက်နှစ်ချက်တင်ပြပြီး ဦးကိုကို့ကို မင်းသတ်တာလို့ အမှုဖွင့်ထားတာ ... အိုင်အိုရဲအရာရှိ အောင်ကျော်မင်းဟာ မင်းလို တက်တက်ကြွကြွ လူရွယ်တစ်ယောက် တက္ကသိုလ်ဘွဲ့ရ ဖောင်ကြီးသင်တန်းဆင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နော် ... ”

“အို ... အောင်ကျော်မင်းမှာ ဘာသဲလွှန်စ ဘာအထော

အထား သက်သေမှ မရှိနိုင်ပါဘူး ... သူ့ စိတ်ကူးအထင်

ကျွန်တော့်ကို ဖမ်းပြီး ရုံးတင်တာပါ ... ”

အောင်သပြေသည် အမှုအကြောင်း စဉ်းစားနေ

မှ ခေါင်းရှုပ်လာသောကြောင့် အမှုအကြောင်း ဆက်မတွေးတော့

ဘဲ ချစ်စွာသော ချစ်သူဝိုင်းအကြောင်း ဆက်တွေးမိပြန်တော့သည်





## ဝိုင်းကိုသတိရခြင်း

အောင်သပြေ သီဆိုသော သီချင်းမှာ ‘ပပဝင်းဝင်း’။

အမျိုးသမီး၏အလှဘွဲ့ သီချင်း ဖြစ်သည်။

ဝိုင်းကလည်း သိပ်လှသိပ်ချောသည်။

အောင်သပြေက ပပဝင်းဝင်း သီချင်းကို သီဆိုရင်း

ဝိုင်းကို မကြာခဏ ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်သည်။

ဘာကြောင့်မှန်း ဝိုင်း ဘာသာပင် မသိ။

အောင်သပြေက သူမကို ကွက်ကြည့်လေး ကြည့်

လိုက်တိုင်း ဝိုင်းရင်မှာ ခုန်သွားသည်။ ပြီး ရှိန်းမြမြခံစားမှုတစ်ခု

သည်း အလိုလိုခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေ၏'ပပဝင်းဝင်း'သီချင်း သီဆိုအပြီးတွင် ကျောင်းသူကျောင်းသားတွေ၏လက်ခုပ်ဩဘာသံတွေ တဖျောင်းဖျောင်း ထွက်ပေါ်လာသည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူ လောကမှာဖြစ်စေ၊ အပြင်လောကမှာဖြစ်စေ၊ တေးဂီတနှင့် ပတ်သက်ပြီး အုပ်စု နှစ်မျိုး ကွဲနေပါ၏။

တစ်အုပ်စုက စတီရီယိုအုပ်စု၊ နောက်တစ်အုပ်စုက မြန်မာသံစဉ်သီချင်းကြီး သီချင်းခံအုပ်စု။

သို့သော် ...

အောင်သပြေကိုကျတော့ အုပ်စုနှစ်အုပ်စုစလုံးက လက်ခံဩဘာပေးသည်။

ထိုမျှသာမကသေး။

တီးဝိုင်းခေါင်းဆောင် ကိုဘတိုးကြီးထံသို့ ကျောင်းသားကျောင်းသူတို့၏ ဆန္ဒတောင်းခံစာ ရောက်လာသည်။

ထိုစာမှာ နောက်ဆုံးနှစ်ကျောင်းသူ'ဝိုင်း'နှင့်ကိုအောင်သပြေတို့နှစ်ယောက်တွဲဖက်ပြီး 'နန်းကေသီ'သီချင်းစုံတွဲ သီဆိုပေးရန် ဆန္ဒတောင်းခံစာ ဖြစ်ပေသည်။





ထိုစာကို တီးဝိုင်းခေါင်းဆောင် ကိုဘတိုးကြီးက မိုက်ခွက်နှင့် ပရိသတ်အား ဖတ်ပြလိုက်ရာ လက်ခုပ်သံတွေ တဖျောင်းဖျောင်း ထပ်မံပေါ်ထွက်လာပြန်သည်။

နောက်ဆုံးနှစ်ကျောင်းသူ'ဝိုင်း' စင်ပေါ်သို့ လာရောက်ရန် ကိုဘတိုးကြီးက ဖိတ်ခေါ်လိုက်ရုံမက 'ဝိုင်း'၏အရည်အသွေးတွေကိုပါ ဖြည့်စွက်ကြေညာပေးတော့သည်။

'ဝိုင်း'သည် ဇာတိအားဖြင့် မန္တလေးရွှေမန်းသူဖြစ်ကြောင်း၊ မန္တလေးဟိုက်စကူးကျောင်းသူဘဝကပင် အဆိုအတီး ဝါသနာပါကြောင်း ဝိုင်း၏မိဘများက ထည်ထည်ဝါဝါ ပုဂ္ဂိုလ်တွေ ဖြစ်ကြောင်း စသည်တို့ ဖြစ်ပါ၏။

တကယ်တန်းတွင်မူ ဝိုင်း ကြောက်နေသည်။

ဤပွဲကြီးတွင် ဝိုင်း မဆိုချင်၊ မဆိုရဲသည်က ပို၍ မှန်ကန်ပေမည်။ ခါတိုင်း ဝိုင်းဆိုနေသည်မှာ ဤဝိုင်းကြီးမျိုး မဟုတ်။

သို့သော် ပရိသတ်အများ၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် ဝိုင်း စင်မြင့်ပေါ် တက်ခဲ့သည်။

တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ဝိုင်း ကြောက်နေလား ..."



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေက ဝိုင်းကိုကြည့်ပြီး အကဲခတ်မိစွာဖြင့် မေးလိုက်သည်။

"မှတ်တယ် ... ဝိုင်း ကြောက်နေတယ် ကိုအောင်သပြေ"

"ကျွန်တော်နဲ့ တွဲဆိုမှာကို ကြောက်တာလား ..."

"အဲဒီလိုတော့ မဟုတ်ပါဘူး ... ပရိသတ်အရှိန်နဲ့ တီးဝိုင်းကြီးရဲ့အရှိန်ကို ကြောက်နေတာပါ ..."

"ဒါဖြင့် ဝိုင်း မဆိုချင်ဘူးလား ..."

"မဆိုရဲချင်ဘူး ကိုအောင်သပြေ ..."

"ဒါဆို မိုက်ကရိုဖုန်းနဲ့ ကျွန်တော် ကြေညာပေးမယ်လေ၊ နန်းကေသီစုံတွဲသီချင်းကို ဝိုင်းမရသောကြောင့် မဆိုနိုင်ဘူးလို့ ..."

"အဲဒါလည်း ဖြစ်မှာ မဟုတ်ဘူး ကိုအောင်သပြေ ... ကျောင်းအဆောင်မှာ ဝိုင်းက အဲဒီနန်းကေသီ သီချင်းကို ဆိုနေကြမို့ သူတို့အားလုံး ဒီသီချင်းကို ဝိုင်းရမှန်း သိနေကြတယ် ... ကြေညာလိုက်ရင် စောဒကတွေ ဝိုင်းတက်လိမ့်မယ် ..."

"ဒါဆို ... ကိုဘတိုးကြီးကို ထပ်ကြေညာခိုင်းလိုက်မယ် ... ကျွန်တော်အောင်သပြေက နန်းကေသီ သီချင်းကိုမရလို့ မဆိုနိုင်ပါဘူးလို့လေ ..."

"အဲဒါဆို ကောင်းသားပဲ ... ဝိုင်း မဆိုရတော့ဘူးပေါ့"

"ဒါလည်း မရဘူးထင်တယ် ... ကိုဘတိုးကြီးအဖွဲ့မှာ သီဆိုတဲ့ အမျိုးသားသုံးယောက်တောင်ပါတယ် ... ကျွန်တော်က သီချင်းမရလို့ မဆိုနိုင်ပါဘူးဆိုရင် အဲဒီ သုံးယောက်ထဲ တစ်ယောက်ယောက်နဲ့ ဝိုင်း တွဲဆိုရမှာပဲလို့ ကျွန်တော် ထင်တယ်လေ ... ကိုဘတိုးကြီးက ပရိသတ်အလိုကို သိပ်လိုက်တာ ..."

ဝိုင်း စဉ်းစားသည်။ စင်မြင့်ပေါ်လည်း ရောက်နေပြီ။ ကိုအောင်သပြေနှင့် မဟုတ်လည်း တခြား အမျိုးသားနှင့် တွဲဆိုရမည့်အတူတူ ကိုအောင်သပြေနှင့် တွဲဆိုခြင်းက မိမိစိတ်ကို ပိုရဲစေသည်ဟူ၍။

"ဝိုင်းဆိုရမဲ့အတူတူ ကိုအောင်သပြေနဲ့ပဲ ဆိုပါတော့မယ်"

အောင်သပြေသည် ကိုဘတိုးကြီးလက်မှ စောင်းကို ယူကာ ရင်ခွင်ပိုက်ထိုင်ချလိုက်ပြီး လက်သံစမ်းလိုက်သည်။

ဝိုင်းက အောင်သပြေဘေးတွင် ပုဆစ်တုတ်လေး ထိုင်ကာ စည်းနှင့် ဝါးတစ်ဘက်စီ ကိုင်ထားသည်။





www.burmeseclassic.com

www.burmeseclassic.com



သီဆိုကြတော့သည်။

တီးဝိုင်းမှ ဗုံ၊ ပတ္တလား၊ ပုလွေတို့က နောက်မှ မေး လိုက်ပေးသည်။

သူတစ်ကျော့ ကိုယ်တစ်ကျော့ ဆိုရသည်။ သံပြိုင်ဆို သော နေရာတွင် ဝိုင်းနှင့် အောင်သပြေ သံပြိုင်ဆိုကြသည်။

ပထမစစချင်း ဝိုင်း တုန်တုန်ယင်ယင်လေးရှိသော် လည်း အရှိန်ရသည်နှင့် ပကတိအတိုင်း ဆိုသွားနိုင်ပေသည်။

ဝိုင်းနှင့် အောင်သပြေမှာ လိုက်ဖက်သောရုပ် ရှိနေ သည်။

သီဆိုတီးခတ်ပြီးဆုံးသွားသည်နှင့် လက်ခုပ်သြဘာ သံတွေ ဝက်ဝက်ကွဲ ပေါ်ထွက်လာပေသည်။

ထိုပွဲမှစ၍ ဝိုင်းနှင့် အောင်သပြေ ခင်မင်သွားကြ သည်။

ခင်မင်သွားသည်နှင့် အောင်သပြေသည် ဝိုင်း ငှား၍ နေသော စမ်းချောင်းမအူပင်လမ်း အိမ်သို့ ပထမသီတင်းပတ်မှာ ပင် (၃)ခေါက် ရောက်သွားသည်။

ဒုတိယသီတင်းပတ်(၅)ခေါက်မြောက် ရောက်လာ





သောအခါ သူ့ရင်ထဲ နှလုံးထဲက ဝိုင်းကို ချစ်နေကြောင်း ဖွင့်ပြော တော့သည်။

ဝိုင်း စဉ်းစားရတော့သည်။

ဝိုင်း ရင်ထဲကကို ကိုအောင်သပြေအပေါ်တွင် ချစ် ခင်ပြီးသား ဖြစ်နေပါ၏။ သို့သော် ဝိုင်း စဉ်းစားရသည်မှာ ကိုအောင် သပြေသည် ဘယ်လိုလူစား၊ ဘယ်လိုစိတ်ဓာတ်၊ ဘယ်လိုအပြုအမူ တွေရှိသလဲဆိုသည်ကို စဉ်းလည်းစဉ်းစားသည်။ စုံလည်းစုံစမ်းသည် မို့ ချက်ချင်း မီးစိမ်းမပြသေးပါပေ။

ဝိုင်းသည် ကျောင်းအားရက်တွင် တီးဝိုင်းခေါင်း ဆောင် ကိုဘတိုးကြီးထံသို့ သွားရောက်ပြီး စုံစမ်းတော့သည်။ မန္တ လေးသားကိုဘတိုးကြီးနှင့် ဝိုင်းသည် နဂိုကတည်းက သိကျွမ်းပြီး သားတွေ ဖြစ်ပေသည်။

"နင် အောင်သပြေကို စိတ်ဝင်စားနေပြီလား ဝိုင်း ... "

ဝိုင်းက ခေါင်းညိတ်မပြ၊ ခေါင်းခါမပြပေ။

"အင်း ... ငါက နင်နဲ့သာမကဘူး ... နင့်မိဘနဲ့ပါ ခင်မင်တဲ့ လူ ... ဟိုကောင် အောင်သပြေနဲ့လည်း သိပ်ခင်တဲ့ သူငယ် ချင်း ... ငါ ရဲရဲဝံ့ဝံ့ကြီးတော့ အောင်သပြေဘက်က မထောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး ပိုင်း ...”

“မထောက်ခံရဲဘူး ဟုတ်လား ကိုဘတိုး ...”

“အေး ... ရဲရဲကြီး မထောက်ခံရဲသလို ရဲရဲကြီးလည်း မကန့်ကွက်ရဲဘူး ... ဘာလို့လဲဆိုတော့ အောင်သပြေမှာ ထောက်ခံစရာတွေက အများကြီး ရှိနေလို့ပဲ ပိုင်း ... ဒီကောင့်မှာ ကောင်းတာတော်တာတွေ ရှိသလို ဆိုးတာတွေလည်း ရှိနေလို့ပဲ ...”

“ကိုအောင်သပြေက လူတစ်မျိုးပဲနော် ကိုဘတိုး ...”

“အင်း ... သာမန်လူတွေနဲ့ မတူတာတွေပေါ့ ပိုင်း ... ငါ အောင်သပြေအကြောင်း အမှန်တွေချည်း နင့်ကို ပြောပြမယ် ... အဲဒီ ပြောပြချက်တွေအပေါ်မှာ မူတည်ပြီး နင် စဉ်းစားဆုံးဖြတ် ပိုင်း ...”

“ပြောပြပါ ကိုဘတိုး ...”

“အောင်သပြေဟာ မိတ်ဆွေလိုပေါင်းရင် သိပ်ကောင်းတဲ့ မိတ်ဆွေပဲ ... အပေါင်းအသင်းအပေါ်မှာ ခင်မင်တတ်ပါတယ် ... လိုက်လျောတယ် ... အနစ်နာခံတယ် ... အဲ ... ဒီကောင့်ကို နင် ချစ်သူအဖြစ် ထားလိုက်လည်း မဆိုးဘူး၊





ဒီကောင့်မှာ ချစ်စရာလေးတွေ အများကြီးရှိတယ် ... ကိုယ့်ချစ်သူအပေါ်မှာ ဒီကောင်မြတ်နိုးမယ် ... ကြင်နာမယ် ... ယုယမယ် ... တကယ်လည်း ချစ်မှာ သေချာတယ် ... အေး ... ဒီကောင့်ကို လက်ထပ်မယ်ဆိုတဲ့အထိတော့ နင့်မှာ စဉ်းစားစရာတွေ ရှိလာမယ် ... အရမ်းလက်မထပ်လိုက်နဲ့”

“ဘာလို့လဲဟင် ...”

“လင်သားတစ်ယောက်အနေနဲ့ကျတော့ ဒီကောင့်ကို အားကိုးဖို့ ခက်တယ် ပိုင်း ... လင်သားတစ်ယောက်အနေနဲ့ ဒီကောင် အားမကိုးလောက်ဘူး ... အလုပ်တစ်ခုကိုအတည်တကျ စွဲစွဲမြဲမြဲ မလုပ်ချင်ဘူး ... ဒီကောင် တခြားအလုပ် မလုပ်နဲ့ ... တီးဝိုင်းမှာပဲ ပင်တိုင်စံ အဆိုတော်လုပ်၊ ဘယ်တီးဝိုင်းကြီးကမဆို ဒီကောင့်ကို ကောင်းကောင်းငွေပေးပြီး ကောင်းကောင်းလက်ခံဖို့ အဆင်သင့်ပဲ ... ငါ့တီးဝိုင်းမှာ ပင်တိုင်စံဆိုဖို့ ငါ ကမ်းလှမ်းခဲ့တာ အကြိမ်ပေါင်းများလှပြီ ... လခနဲ့တွက်ရင် ဒီကောင့်ကို တစ်လကို ငါ လေးငါးသောင်းအထိ ပေးရဲတယ် ... ဒါပေမဲ့ ဒီကောင် ဘယ်ဝိုင်းမှာမှ မလုပ်ဘူး ... နင်တို့ ကျောင်းပွဲမှာတုန်းကလည်း အဆိုတော်



www.burmeseclassic.com

www.burmeseclassic.com



တာရင်းအနေနဲ့ ဒီကောင်မပါဘူး ... အဲဒီပွဲနေ့ကျမှ ဒီကောင် ငါ့ဆီ မျက်စိလည်ရောက်လာပြီး သူပါလိုက်မယ်ဆိုပြီး လိုက်လာတာ ... အဲဒီနေ့က သူ ဆိုသွားတဲ့အတွက်လည်း တစ်ပြားမှ မယူဘူး ... ကရဝိတ်မှာ ထမင်းကျွေး၊ ဘီယာတိုက်ဆိုလို့ ငါ ပြုစုလိုက်ရတယ် ... ”

ဝိုင်းထံမှ သက်ပြင်းလေးချသံ ထွက်လာပါ၏။

“နင် ဆက်နားထောင်ဦးမလား ဝိုင်း ... ဒီကောင့်အကြောင်းလေ ... ”

“ဆက်ပြောပါ ကိုဘတိုး ... ဝိုင်း သူ့အကြောင်းနားထောင်ချင်ပါတယ် ... ”

“သူ့ ဖေဖေ က ဌာနကြီးတစ်ခုက ကြီးကြီးမားမား အရာရှိ၊ သူ့အမေက နဂိုကတည်းက သိပ်ချမ်းသာတဲ့ မိဘရဲ့တစ်ဦးတည်းသော သမီး၊ ထုံးစံအတိုင်း အရာရှိနဲ့ သူဌေးသမီး လက်ထပ်ရာက တစ်ဦးတည်းသောသား ‘အောင်သပြေ’ကို ပေါက်ဖွားလာတာပဲ ... ”

“သူ့နာမည်က အဆန်းသားနော် ... အောင်သပြေတဲ့”

“သူ့အဘွားမှည့်တဲ့ နာမည်ကို ပြောတာပဲ၊ သူက တနင်္ဂနွေ





သားလေး ... အောင်သပြေဆိုတာ ရှေးလူကြီးတွေအယူအဆအရ အရာရာအောင်မြင်တယ်ဆိုတဲ့ အထိမ်းအမှတ်ယူပြီး သူ့မြေးလေးကြီးလာရင် အရာရာအောင်မြင်စေရမယ်ဆိုတဲ့ အတိတ်နဲ့ အောင်သပြေလို့ မှည့်ထားလို့ပြောတာ ကြားဖူးတာပဲ ... ”

“အဲဒီ အတိတ်နိမိတ်အတိုင်းကော ကိုအောင်သပြေ အောင်မြင်သလား ကိုဘတိုး ... ”

“အင်း ... ဒီကောင်လုပ်ရင် အောင်မြင်တာများတယ် ... ဒီကောင့်ကိုက အလုပ်မလုပ်ချင်တာ၊ ဘာအလုပ်ကိုမှ စွဲစွဲလမ်းလမ်း မထားဘူး ... သူ့အဖေက အရာရှိကြီးမို့ သူ့ကို သူ့ဌာနမှာ ထိုက်တန်တဲ့ အရာရှိငယ် အလုပ်သွင်းပေးတယ်၊ အောင်သပြေက မလုပ်ဘူး ... တစ်ခါ သူ့မေမေက အလုပ်ဆိုပြီးရော သားလုပ်ချင်တဲ့ အလုပ်ကိုလုပ်ဆိုပြီး အရင်းအနှီးငွေတွေ ထုတ်ပေးတယ် ... ဒီကောင်က မလုပ်ဘူး ငြင်းတယ် ... နောက်ဆုံးအိမ်မှာနေရင် ဖေဖေကလည်း စီးပွားရေးအလုပ်လုပ်ခိုင်းနဲ့ စိတ်ညစ်တယ်ဆိုပြီး အိမ်က ဆင်းလာတယ် ... အပြင်တည်းခိုခန်းမှာ တည်းနေပြီး သူ့ဆန္ဒနဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



သွားချင်ရာသွား ... လုပ်ချင်ရာလုပ်နဲ့ စိတ်လွတ်ကိုယ်လွတ် နေနေတယ် ဝိုင်း ... သူက ဘဝနဲ့နှိုင်းပြီး သူက 'ငှက်တေလေ'ဆိုတဲ့ သီချင်း သူကိုယ်တိုင်ရေး၊ သူကိုယ်တိုင် သံစဉ်သွင်းပြီး ငါ့အဖွဲ့မှာ သူကိုယ်တိုင်ဆိုတာ ... အရမ်းအောင်မြင်တယ် ... သူ့သီချင်းထဲက ငှက်တေလေအတိုင်းပဲ ... ပျံချင်ရာပျံမယ် ... လေဟုန်စီးမယ် ... အသိုက်လုပ်ပြီး မနေဘူး ... တွေ့ရာသစ်ပင်သစ်ကိုင်းမှာ နားမယ် ... အိပ်တန်းတက်မယ် ... ပျံချင်ရာပျံပြီး နားချိန်ရောက်ရင် တွေ့တဲ့ သစ်ပင်သစ်ကိုင်းမှာ နားမယ် ... နားပြီးရင် ပျံချင်ရာပျံမယ် ဆိုတဲ့ သူ့သီချင်းငှက်တေလေရဲ့ စရိုက်အတိုင်းပဲ ဝိုင်း ... ဒီကောင့်မှာ ဘာအစွဲအလမ်းမှ မရှိဘူး ... အခု သူ လမ်း (၄၀)ကတည်းခိုခန်းမှာ တည်းခိုတယ်တဲ့ ... စားတာကတော့ ကြုံရာဝယ်စားပဲတဲ့ ..."

"အဲဒီလို နေတဲ့စားတဲ့ ကုန်ကျငွေတွေကျတော့ သူ့မိဘဆီက တောင်းယူတာပဲလား ကိုဘတိုး ..."

"ဟာ ... ဒီကောင်အောင်သပြေ ဒီနေရာမှာ မာနထားတယ် သူ အိမ်ကဆင်းလာတဲ့ အချိန်ကစပြီး မိဘဆီက တစ်ပြား





တစ်ချပ်တောင် မတောင်းဘူး ... သူ့ကို မိဘက ဒီအရွယ်အထိ ဘွဲ့ရတဲ့အထိ ကျွေးမွေးပေးကမ်းပြီးသားတဲ့ ... သူ့မိဘဆီက အထောက်အပံ့ယူရတာ ရှက်တယ်တဲ့ ... သူ့ပိုက်ဆံ သူရှာစားနေတယ် ဝိုင်း ..."

"ဒါနဲ့ သူ အလုပ်မလုပ်ဘူးဆို ..."

"အေး ... သူ့အဖေရှာပေးတဲ့ အလုပ်လည်း မလုပ်ဘူး ... အမေပံ့အောပေးတဲ့ ငွေနဲ့လည်း အလုပ်မလုပ်ဘူး ... ဒါပေမဲ့ ဒီကောင် ဘာတွေလုပ်ပြီး သူ့စရိတ်သူ ဘယ်လိုရှာမှန်း ငါလည်း မသိဘူး ... အေး ... တစ်ခုတော့ ငါ တွေ့တယ် ... ဒီကောင် ဟိုတလောက သိမ်ဖြူကွင်းမှာ မြန်မာ လက်ဝှေ့ပွဲ ကျင်းပတယ် ... နိုင်သူသုံးသောင်း၊ ရှုံးသူ တစ်သောင်း ချီးမြှင့်တဲ့ပွဲပဲ ... ငါလည်း အဲဒီသိမ်ဖြူကွင်းနားရောက်သွားပြီး ကြုံတုန်း မြန်မာလက်ဝှေ့ရုံဝင်ခတစ်ရာပေးပြီး ဝင်ကြည့်တယ် ... အဲဒီမှာ ငါ ဘာတွေ့တယ် ထင်သလဲ ဝိုင်း ..."

"ဝိုင်း ဘယ်သိမှာလဲ ကိုဘတိုးပဲ ပြောပြပေါ့ ..."

"ဒီကောင် အောင်သပြေလေ အဲဒီလက်ဝှေ့ပွဲမှာ တကယ့် နာမည်ကြီး 'စိန်လက်သီး'ဆိုတဲ့ လက်ဝှေ့သမားနဲ့ ယှဉ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ တွေ့ရတယ် ... အဲဒီပွဲမှာ ဒီကောင် နိုင်သွားတယ် ဝိုင်း ... သုံးချီမှာ စိန်လက်သီးကို သူ ပြန်မထနိုင်အောင် အလဲထိုးနိုင်တယ် ... အဲဒီမှာ ငွေငါးသောင်း ထုတ်ယူသွားတာ ငါ သိလိုက်ရတယ် ...”

“နိုင်သူ သုံးသောင်းဆို ...”

“မှန်တယ် ... နိုင်သူ သုံးသောင်းဆိုတာက နာမည်ကြီး လက်ဝှေ့သမားနဲ့ထိုးတာ မဟုတ်ဘဲ သာမန်ပွဲကိုပေးတာ စိန်လက်သီးနဲ့ကျတော့ နိုင်သူ ငါးသောင်းရတယ်လေ ... အဲဒီလိုလည်း သူ ဝါသနာပါတဲ့နည်းနဲ့ ဒီကောင် အောင်သပြေ ဝင်ငွေရှာတာ နေမှာပေါ့ ...”

“တကယ့် တစ်မျိုးကြီးပဲနော် ...”

“ဟာ ... တစ်မျိုးမှတကယ့် တစ်မျိုးကောင် ... သူ စားတာ သောက်တာလည်း ကြည့်ဦး ... အင်းလျားလိတ်ဟိုတယ်တို့ ကရဝိတ်ဟိုတယ်တို့မှာ ညစာစားနေတာ ... ငါတီးဝိုင်း ဖျော်ဖြေရင်း လှမ်းတွေ့တယ် ... အေး ... တစ်ခါကျပြန် တော့ လမ်းဘေးမှာ တွန်းလှည်းနဲ့ ဆီချက်ခေါက်ဆွဲ အသား ကင်အခေါက်ကင် ရောင်းတဲ့နေရာမှာ ခွေးခြေပေါ်မှာ ထိုင်





စားနေတာလည်း တွေ့ရပြန်တယ် ... တကယ့် ငှက်တော လေပဲ ဝိုင်း ... တွေ့ရာကြုံရာမှာ စားတယ် ... ရောက်ရာ အရပ်မှာ အိပ်တယ် ... ဒီနေ့ ဒီမှာတည်းခိုပေမဲ့ နက်ဖြန်သွား မေးရင် အဲဒီတည်းခိုခန်းမှာ မရှိတော့ဘူး ... တစ်ခါတလေ ဆယ့်လေးငါးရက် ပျောက်နေတယ် ... ဘယ်သွား…း ဘယ်လာမှန်း မသိဘဲ နောက် ဘွားခနဲ ပြန်ပေါ်ချင် ပေါ် လာပြန်ရော ဝိုင်း ...”

“မလွယ်ဘူးနော် ...”

“အေးလေ ... ဒါကြောင့် သူ့ကို နင် ချစ်သူအဖြစ်ထားတာ လောက်တော့ ချစ်သူထားသင့်တယ် ... ဒါပေမဲ့ လက်ထပ် တဲ့ လင်သားအဖြစ်နဲ့တော့ သိပ်စဉ်းစားသင့်တယ် ဝိုင်း”

“သူ့မှာ မိန်းမတွေဘာတွေ ရှုပ်ပွေတာကော ရှိသလား ကိုအာတိုး ...

“ဟာ ... ဒါကျတော့ ဒီကောင် အောင်သပြေ သိပ်ကင်း တယ် ... သူဟာ ရှုပ်ရှုပ်ပွေပွေအကျင့်ရှိရင် မိန်းကလေးတွေ ဟောတစ်ယောက် ဟောတစ်ယောက် ဖြစ်လောက်အောင် ဒီကောင့်ကို မိန်းကလေးတွေက မြင်တာနဲ့ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တယ် … အဲဒါကျတော့ ဒီကောင်က သိပ်စည်းစောင့်တယ်၊ သူကိုယ်သူ ထိန်းတယ် … နင့်ကို သူက ချစ်တယ်လို့ ဖွင့်ပြောတာဟာ သူ့ရင်ထဲ နှလုံးထဲက တကယ်နှစ်နှစ်ကာကာ ချစ်လို့ ဖွင့်ပြောတာ ဖြစ်ရမယ်၊ ဒီကောင် ဘယ်မိန်းကလေး တစ်ယောက်ကိုမှ ချစ်တဲ့ကောင် မဟုတ်မှန်း ငါ သေချာပေါက် သိတယ် … ”

“သူ ဖြတ်သန်းတဲ့လမ်းမှာ မိန်းကလေးတွေနဲ့ အတွေ့အကြုံ နည်းလို့ ဖြစ်မလားပဲ ကိုဘတိုး … ”

“ဘာဟုတ်လိမ့်မလဲ ဝိုင်း … ငါတီးဝိုင်းမှာ အောင်သပြေ ဆိုမယ်လို့ သတင်းထွက်တာနဲ့ ဘယ်ကမိန်းကလေးတွေ ဘယ်လိုရောက်လာမှန်း မသိအောင် ဒီကောင်စွဲတာ … မိန်းကလေးတွေကသာ ဝက်ဝက်ကွဲ သူ့ကိုအားပေးတာ … သူကဆိုပြီးတာနဲ့ စင်ပေါ်က ဆင်းသွားတဲ့ကောင် … သူ့ကို စိတ်ဝင်စားတဲ့ အမျိုးသမီးတွေထဲမှာ မိဘချမ်းသာပြီး ခေတ်ပညာတတ် ဆရာဝန်မပေါက်စလေးတွေအထိ အဆင့်မြင့်တာတွေ အများကြီးပဲ … ဒါပေမဲ့ ဒီကောင်က လက်ဝါးခါပြီး ကျောခိုင်းသွားလေ့ရှိတယ် ဝိုင်း … အဲဒါကျတော့ ဒီ





ကောင့်ကို ဘယ်လိုတွက်ရမယ်မှန်းတောင် မသိဘူး ဝိုင်းရယ် … ”

ဝိုင်း သက်ပြင်းချမိပြန်ရသည်။

“အေး … တစ်ခုတော့ မျှော်လင့်နိုင်တယ် ဝိုင်း … အောင်သပြေဟာ သူ့မာနနဲ့သူ ဒီအရွယ်ရောက်မှ မိဘဆီက ငွေကြေးအကူမယူဘူးဆိုတဲ့ မာနမျိုးရှိပေမဲ့ တကယ်လို့ ဝိုင်းနဲ့ လက်ထပ်ပြီးတဲ့နောက်ပိုင်း ဝိုင်းက ပြုပြင်ရင်တော့ ဒီကောင် ပြောင်းလဲမလားဆိုတဲ့ မျှော်လင့်ချက်ပဲ … ဒီကောင့်မှာ အကြင်နာရှိတယ် … မေတ္တာကို တန်ဖိုးထားတဲ့စိတ်ရှိတယ်၊ လက်ထပ်ပြီးတဲ့နောက် ဇနီးမယားကို မေတ္တာနဲ့ ငဲ့ညှာပြီး ပြောင်းလဲလာနိုင်တယ် … ငါ သိသလောက်နဲ့ ငါ အကြံပေးဝေဖန်နိုင်တာတော့ ဒီလောက်ပဲ ဝိုင်း … ကိုယ့်ဟာကိုယ်သာ ဝိုင်း ဆုံးဖြတ်ပေတော့ … ”

ဝိုင်း အတန်တန်စဉ်းစားပါ၏။

နောက်ဆုံး ဝိုင်း၏ဦးနှောက်ပိုင်းကို နှလုံးသားပိုင်းက အနိုင်ယူသွားသည်။

“ကို အောင့်ကို ဝိုင်း ချစ်တယ် … ”



www.burmeseclassic.com

www.burmeseclassic.com



ဟု အတိအလင်းပင် ဝိုင်း ပြန်အဖြေပေးကာ အများသိပင် ကြေညာလိုက်သည်။

အောင်သပြေ အရှိန်းဝမ်းသာသွားပါ၏။ အချိန်အားရတိုင်း ဝိုင်းငှားနေသော မအူပင်လမ်းအိမ်သို့ အောင်သပြေ ပြေးသွားနေသည်။

တချို့က ဝိုင်းနှင့် အောင်သပြေ ညားနေပြီဟုပင် ထင်ကြေးဖြင့် ပြောဆိုကြသည်။

တကယ်တော့ လက်မထပ်မီအတွင်း နှစ်ဦးစလုံးသည် မလွန်ကျူးစေရန် ထိန်းသိမ်းကြပါ၏။

ဘယ်သူတွေက ဘာပြောပြော ဝိုင်းသည် ကိုအောင်ကို ချစ်သည်။

ဝိုင်းမှာ သိက္ခာတော့ ကျရသည်။

"တို့သိတယ် ဝိုင်း ... တို့ကြောင့် ဝိုင်းမှာ သိက္ခာတွေ ဘယ်လောက်ကျရတယ်ဆိုတာ ဒါကြောင့် ဝိုင်းကိုတို့ လက်ထပ်ဖို့ ငွေကြိုးစားရှာနေတယ် ..."

"ကိုအောင် ဘာအလုပ်လုပ်ပြီး လက်ထပ်ဖို့ ငွေရှာလဲဟင်"

"အဲဒါ မမေးနဲ့ ဝိုင်း ... ဝိုင်းနဲ့ လက်ထပ်နိုင်ရေးအတွက်





ငွေအလုံးလိုက်ရအောင် တို့ရှာနေတယ်လို့ပဲ ဝိုင်း သဘောပေါက်ပါ ..."

ချစ်စွာသော ကိုအောင်က မမေးပါနဲ့ဟု တစ်ခွန်းပြောထားရုံဖြင့် ဝိုင်းသည် ကိုအောင် ငွေဘယ်လိုရှာနေသလဲဟု ထပ်မမေးတော့ပေ။

ဟော ... အခုတော့ ကိုအောင်သည် သူ့ဌေးဦးကိုကိုအား သတ်မှုဖြင့် ရုံးတော်သို့ ရောက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အမှုစစ်ဆေးခြင်း

တရားလို၏အကျိုးတော်ဆောင် ဦးကွန်းဇော်သည် တရားခံ အောင်သမြေက သူဌေး ဦးကိုကိုအား သတ်ပစ်ကြောင်း ပယ်ပယ်နယ်နယ်ကြီး ရုံးတော်တွင် တင်ပြနေပေပြီ။

တရားလိုအကျိုးဆောင် ဦးကွန်းဇော် တင်ပြချက်များမှာ အမှုလိုက်ရဲအုပ်က အောင်သပြေအပေါ် စွဲချက်တင်သည့် အချက်အလက်တွေအပေါ်မှာသာ အမိကထားပြီး အာဘောင်အာရင်းသန်သန်နှင့် တရားသူကြီးအား တင်ပြနေခြင်း ဖြစ်သည်။

သို့သော် ...





အကျိုးဆောင်ဦးကွန်းဇော် တရားရုံးသို့ တင်ပြချက်များတွင်ဖြစ်စေ၊

အမှုလိုက်ရဲအုပ်အိုင်အိုအောင်ကျော်မင်းက စွဲချက်များ တင်ပြရာ၌ဖြစ်စေ၊

တရားခံအောင်သပြေသည် ... အဘယ်သို့သော အကြောင်းကြောင့် သေဆုံးသူဦးကိုကိုအား သတ်သည်ဟူသော အကြောင်းပြချက်(MOTIVE)လုံးဝ တင်ပြခြင်း မရှိပေ။

ထို့ကြောင့် (MOTIVE) တင်ပြခြင်းမပါသော လူသတ်မှုကို အခြားအချက်အတွေဖြင့် ဝေ့ကာဝိုက်ကာ တင်ပြနေလေသည်။

တရားသူကြီးခင်ဗျား ... လူသတ်မှုတစ်ခုဖြစ်လာလျှင် အသတ်ခံရသူအား သတ်သောသူက ဘာကြောင့် သတ်သည်ဆိုသည့် (MOTIVE)မှာ ဓယဘုယျသဘောအားဖြင့် တင်ပြရန် လိုအပ်သည်တော့ မှန်ပါသည်။

သို့သော် ယခု လူသတ်မှုမှာ ယေဘုယျအမှုမျိုး မဟုတ်ပါ။ အသတ်ခံရသည့် ဦးကိုကိုကိုယ်တိုင်သည် ယေဘုယျထဲတွင် ပါဝင်သော လူမဟုတ်ဘဲ သီးသန့်ဆန်သော လူမျိုး ဖြစ်နေပါ

www.burmeseclassic.com



သည်။ အသတ်ခံရသူဦးကိုကိုဟာ ငွေပင်ငွေရင်း သိန်းပေါင်းမြောက်မြားစွာဖြင့် လုပ်ကိုင်တဲ့နေရာမှာ အလွန်ကျစ်လျစ်သိပ်သည်း လျှို့ဝှက်စွာ လုပ်ကိုင်တတ်သည့်အကျင့် ရှိပါသည်။ သူ့လုပ်ငန်းတွေနှင့် ပတ်သက်လာလျှင် သူ၏ဇနီးဒေါ်မိမိကြီးနှင့် သူ့သားမောင်လွင်ဦးကိုပင် အသိပေးခြင်း မရှိပါ။

ဦးကွန်းဇော်က တင်ပြရင်း ဒေါ်မိမိကြီးရှိရာသို့ လှမ်းကြည့်သည်။

ဦးကွန်းဇော် လှမ်းကြည့်ရာသို့ တရားသူကြီးနှင့် အဖွဲ့ကလည်း ဘာရယ်မဟုတ်။ လိုက်ကြည့်မိကြသည်။

ဒေါ်မိမိကြီးနှင့် သားဖြစ်သူ လွင်ဦးက ဦးကွန်းဇော် တင်ပြချက်တွေ မှန်ကန်ကြောင်း ခေါင်းညိတ်ပြသည်ကို အားလုံး မြင်တွေ့ရပါ၏။

"ယေဘုယျမဆန်ဘဲ သီးသန့်ဆန်လွန်းတဲ့ ဦးကိုကိုကြောင့် ဦးကိုကိုနဲ့ ကျိတ်ပြီးဆက်သွယ်နေတဲ့ တရားခံအောင်သပြေ အကြောင်းကို ဦးကိုကိုက ဇနီးနှင့် သားကို ပြောပြခြင်း မရှိသောကြောင့် ဘာကိစ္စနှင့် ဦးကိုကိုနှင့် အောင်သပြေ ဆက်သွယ်မှန်း ဒေါ်မိမိကြီးနှင့် သားလွင်ဦးတို့ မသိရပါ ...





ဒါကြောင့် ဦးကိုကိုအား တရားခံအောင်သပြေက ဘာကြောင့်ပစ်သတ်သည်ဆိုသည့် (MOTIVE)ကို မသိနိုင်ပါ။ တရားသူကြီးခင်ဗျား ... ဒီလူသတ်မှုမှာ (MOTIVE)ကိုဒီဘက်က မတင်ပြနိုင်ပေမဲ့ အမှုမှာ အထောက်အကူပြုသက်သေ (CIR CUMSTANTIAL EVEDIENCE)ကိုလို့ ခေါ်တဲ့ ဦးကိုကိုအား အောင်သပြေသတ်ခဲ့ကြောင်း အရထောက်အထားအချက်အလက်တွေကို ကျွန်တော် တင်ပြပါမယ်"

"ပထမအချက်က ဦးကိုကိုအား ပစ်သတ်ခဲ့တဲ့သေနတ်ပေါ်က စစ်ဆေးရရှိတဲ့ လက်ဗွေပုံစံပါ ..."

"ဒုတိယအချက်က ဦးကိုကိုရဲ့ အလောင်းထဲက ခွဲစိတ်ရရှိလာတဲ့ ကျည်ဆန်ဖူးဟာ လက်ဗွေပုံစံပါရှိတဲ့ သေနတ်ကထွက်ခဲ့တဲ့ ကျည်ဖူးဖြစ်ကြောင်း ခိုင်လုံနေတဲ့ အချက်ပါ။ သေနတ်ပေါ်မှာ တွေ့ရတဲ့ လက်ဗွေပုံစံဟာ အောင်သပြေရဲ့ လက်ပုံစံ ဖြစ်နေပါတယ် ... တတိယအချက်တင်ပြရရင် သေဆုံးသူ ဦးကိုကိုရဲ့ လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ အနီရောင်အမွေးအမျှင်လေးတွေဟာ အောင်သပြေရဲ့ သိုးမွေးစွယ်တာအနီက သိုးမွေးမျှင်တွေနဲ့ ထပ်တူထပ်မျှ တူညီနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချက်ပါပဲ ... စတဲ့တွတင်ပြချက်ကတော့ အသတ်ခံရသူ ဦးကိုကို အသတ်ခံရချိန်မှာ အောင်သပြေဟာ ဘယ်နေရာမှာ ဘယ်သူနဲ့အတူ ရှိနေပါတယ်ဆိုတဲ့ အလီဘိုင် သက်သေထူချက် အောင်သပြေ မပြောနိုင်ပါဘူး ... ”

ဦးကွန်းဖော်က ယင်းဆိုသော(CITUMSTANTIAL) အချက်အလက်တွေကို သက်သေအဖြစ် တင်ပြပြီး ဆက်၍ လျှောက်ထားပေသည်။

“ဒီတော့ ဘာမဆို ကျိတ်ပြီး လျှို့ဝှက်ပြီး လုပ်တတ်သော ဦးကိုကို၏ အကျင့်ကြောင့် တရားခံအောင်သပြေနှင့် ဦးကိုကို ဆက်သွယ်နေကြောင်းကိုလည်း ဒေါ်မိမိကြီးနဲ့ သားကိုလွင်ဦးတို့ မသိကြပါဘူး ... ဒါကြောင့် ဦးကိုကိုအား အောင်သပြေက ဘာကြောင့်သတ်လေသနည်းဆိုတဲ့ အဖြေပျောက်နေပါတယ် ... (MOTIVE)ပျောက်နေပါတယ် ...”

အမှုဖြစ်ပွားပုံမှာ ...

လွန်ခဲ့သော ဦးကိုကိုအသတ်ခံရမည့်ညက ဦးကိုကိုသည် အလုပ်မှအိမ်သို့ ပြန်လာသေးသည်။ ထိုအချိန်ထိ ဦးကိုကို၏ အမူအရာ ထူးခြားခြင်း မရှိ။ ည(၇)နာရီတွင် ဦးကိုကိုသည် အဝတ်





အစားလဲကာ ဒေါ်မိမိကြီးအား သူ အပြင်သွားစရာကိစ္စရှိသည်။ အပြင်မှာပင် ညစာစားမည် သူ့ကို ထမင်းစားမစောင့်နှင့်ဟု ပြောကြားပြီး သူ၏အက်(စ်)အီးကားကို ကိုယ်တိုင်မောင်းကာ ထွက်သွားသည်။

ဇနီးဒေါ်မိမိကြီးက ဘယ်ကိုသွားမှာလဲဟု မေးချင်သော်လည်း ဦးကိုကိုက သူ့အလုပ်နှင့် ပတ်သက်ပြီး ဘယ်ကိုသွားမည်၊ ဘယ်သူနှင့် တွေ့မည်၊ ဘာလုပ်မည်ဟု ပြောလေ့မရှိသဖြင့် မေးလည်း မပြောမည့်အတူတူ မမေးဘဲ နေလိုက်သည်။

ဤသည်ပင် ... ဦးကိုကိုအား ဇနီးဒေါ်မိမိကြီးက နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပါပေ။

တစ်ညလုံး မိုးလင်းအထိ ဦးကိုကိုပြန်မလာ။

နံနက်(၁၀)နာရီထိုးမှ ထောက်ကြံ့ရဲစခန်းက ဒေါ်မိမိကြီးထံ ဖုန်းဆက်သည်။

ထောက်ကြံ့ရွာဘာတောထဲတွင် အက်(စ်)အီးကားထဲ၌ ဦးကိုကိုသည် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်။ ဦးကိုကို၏ အကျႌအိတ်ထဲမှ သူ၏ဗစ်စစ်တင်းကတ်ပြားကို တွေ့ရသဖြင့် သူ့အိမ်သို့ ထောက်ကြံ့ရဲက ဖုန်းဆက်အကြောင်းကြားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိကြီးနှင့်သား လွင်ဦးတို့ လိုက်သွားကြသည်။

နံနက်(၉)နာရီတွင် ရာဘာအလုပ်သမား ဦးညိုက တာဝန်ကျရာသို့ အလုပ်လုပ်ရန် ရာဘာတောထဲ ဝင်လာစဉ် အက်(စ်)အီးကားထဲ၌ မောင်းသူနေရာတွင် လက်ကိုင်ကွင်းပေါ် မျက်နှာအပ် ခေါင်းငိုက်စိုက်ကျပြီး ရင်ဘတ်တွင် ဒဏ်ရာမှ သွေးစေးများ ခြောက်နေသည်ကို တွေ့ရသဖြင့် ထောက်ကြံ့ရဲစခန်းသို့ အကြောင်းကြားလိုက်သည်။

အမှုမှာ လူကုံထံမျက်နှာကြီးလည်းဖြစ် လူသတ်မှုကြီးလည်းဖြစ်သဖြင့် ထိုလူသတ်မှုကို စီအိုင်ဒီအဖွဲ့မှ ကိုင်တွယ်ပြီး ဒုရဲအုပ် အောင်ကျော်မင်းကို အိုင်အိုအမှုလိုက်အဖြစ် တာဝန်ပေးလိုက်သည်။

အိုင်အိုအောင်ကျော်မင်းက ဦးကိုကို၏အလောင်းမှ ရရှိသော သေနတ်ကျည်ဖူး၊ လူသတ်သေနတ်ပေါ်မှလက်ဗွေပုံစံ၊ သေဆုံးသူ ဦးကိုကိုလက်တွင် ဆုပ်ကိုင်ရရှိသော သိုးမွေးစအနီတို့ကို သက်သေအထောက်အထားပစ္စည်းများကို သက်သေခံပစ္စည်းများ၊ သဲလွန်စပစ္စည်းများအရ အမှုကို စစ်ဆေးစုံစမ်းသည်။

အလောင်းခွဲစိတ်ရာတွင်ရသော ဒဏ်ရာမှ သေနတ်





ကျည်ဆန်၏ကျည်ဖူးသေနတ်ပေါ်မှ လက်ဗွေရာပုံစံများနှင့် သိုးမွေးချည်အမျှင်အနီတွေရထားသော်လည်း လူသတ်တရားခံကို ဘယ်လိုရှာရမည်မှန်းမသိ ဖြစ်နေသည်။

တစ်နေ့တွင် တယ်လီဖုန်းဖြင့် သတင်းပေး တစ်ယောက်က အောင်ကျော်မင်းထံ သတင်းပေးပို့သည်။ သတင်းပေးသူသည် မည်သူဟူ၍တော့ သတင်းပေးလာဖော် မပြောပေ။

မည်သို့ဖြစ်စေ လမ်းစပျောက်နေသော အမှုဖြစ်နေသောကြောင့် သတင်းပေးပြောကြားသည့်အတိုင်း လက်နက်ကိုင်ရဲကြပ်ကြီး ရဲသားများကိုခေါ်ကာ (၄၅)လမ်းအိမ်အမှတ်( ... )သို့ အောင်ကျော်မင်းအဖွဲ့ ရောက်လာသည်။

ပိတ်ထားသော တံခါးကို ခေါက်သည်။

"ဝင်ခဲ့လေဗျာ ... တံခါးခလုတ်ပိတ်ထားတာမှ မဟုတ်တာ"

တံခါးဖွင့်ပြီး အောင်ကျော်မင်း ဝင်လိုက်သည်နှင့် ဂစ်တာတီးသံ ကြားရသည်။ အသက်အစိတ်ခန့်ရှိ လူရွယ်တစ်ဦးသည် ခုတင်တွင် ခြေတွဲလဲချကာ ဂစ်တာကို ရင်ခွင်ပိုက်ပြီး တီးခတ်သီဆိုနေသည်ကို တွေ့ရသည်။

"အောင်သပြေဆိုတာ ခင်ဗျားလား ..."



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေက အံ့သြစွာ ရဲအဖွဲ့ကိုကြည့်ပြီး လေအေးနှင့် ပြန်ဖြေသည်။

"ဟုတ်ပါတယ် ... အောင်သပြေဆိုတာ ကျွန်တော်ပါပဲ"

ဒုရဲအုပ် ကိုအောင်ကျော်မင်းက အောင်သပြေ၏ အခန်းကို ဝေ့ကြည့်သည်။

အိပ်ရာခုတင်ပေါ် ဝယ် ခေါင်းအုံးတွေ ဖရိုဖရဲ စောင်မှာ မြွေလိမ်မြွေတွန့် အိပ်ရာခင်းဖြူ တွန့်တွန့်ကြေကြေ စားပွဲပေါ်တွင် စာအုပ်မျိုးစုံ ဖရိုဖရဲ ဖတ်လက်စစာအုပ် မှောက်လျက်သားတို့ကို တွေ့ရသည်။ အင်္ကျီချိတ်တွင် ချိတ်ထားသော အင်္ကျီအမျိုးမျိုးကိုလည်း တန်းလမ်းတွေ့ရသည်။

ထိုအင်္ကျီချိတ်ထားသည့် အင်္ကျီအများထဲမှ သိုးမွေးစွယ်တာအနီကို အောင်ကျော်မင်း သိမ်းယူသည်။

"ဦးကိုကို့ကို ခင်ဗျား သိတယ်နော် ..."

အောင်သပြေ ခေါင်းခါပြသည်။

"ဦးကိုကိုဆိုတဲ့ လူကြီးပိုင်းအသိတော့ မရှိဘူး ... ကိုမောင်ကို၊ မောင်ကိုကိုဆိုတဲ့ သူငယ်ချင်းအသိတွေတော့ ရှိတယ်"

"မဟုတ်ဘူး ... သူဌေးဦးကိုကို့ကို ခင်ဗျား သိပါတယ်"





"မသိပါဘူး ..."

သိုးမွေးစွယ်တာအနီကို တွေ့ရသည်နှင့်ပင် အောင်သပြေကို ခေါ်ယူသွားပြီး စစ်ဆေးတော့သည်။

သိုးမွေးစွယ်တာအနီရောင်မှလွဲပြီး လက်ဗွေစစ်ဆေးပြီး သက်ဆိုင်ရာမှ စစ်ဆေးချက်ပြန်အရတွင် သေနတ်ပေါ်မှ လက်ဗွေပုံစံနှင့် အောင်သပြေ၏ လက်ဗွေပုံစံ တူညီနေသောကြောင့် အောင်သပြေအား သူဌေးဦးကိုကိုသတ်မှုဖြင့် ဖမ်းဆီးကာ စွဲချက်တင်လိုက်ခြင်း ဖြစ်တော့သည်။

အောင်သပြေက ဦးကိုကို သေဆုံးသည့်ညက သူဘယ်မှာရှိနေပါသည်ဆိုခြင်းကို မပြောသဖြင့် အလီဘိုင် မပြနိုင်သောကြောင့်လည်း လူသတ်မှုဖြင့် ရုံးတင်စွဲဆိုသည်အထိ ဖြစ်သွားရခြင်းပါပေ။

"ဒီသိုးမွေးစွယ်တာအနီဟာ အောင်သပြေရဲ့ စွယ်တာ ဟုတ်တယ်နော် ..."

"အဲဒီစွယ်တာအနီမျိုး ကျွန်တော့်မှာ တစ်ထည်ရှိပါတယ်၊ အဲဒီ ကျွန်တော့်သိုးမွေးစွယ်တာကို ရဲအရာရှိ ကိုအောင်ကျော်မင်းက သိမ်းယူသွားပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အခုလက ဖေဖော်ဝါရီလ၊ ဆောင်းမကုန်သေးဘူး ... လွ
ခဲ့တဲ့အပတ်က ဒီသိုးမွေးစွယ်တာအနီကို အောင်သပြေ ေ
တိုင်း ဝတ်ခဲ့တယ် မဟုတ်လား ..."

အောင်သပြေက ချက်ချင်းမဖြေသေးဘဲ ရုံးတော်
မျက်နှာကျက်ကို စဉ်းစားရင်း လှမ်းကြည့်နေသည်။

"ကျုပ် မေးတာ ဖြေပါ အောင်သပြေ ..."

"ပြန်စဉ်းစားနေတာဗျ ... ကျွန်တော် နေ့တိုင်းတော့ ဒီသိုး
မွေးစွယ်တာအနီကိုချည်း မဝတ်ဘူး ... ဝတ်ချင်တဲ့နေ့ ဝတ်
တယ် ... မဝတ်ချင်တဲ့နေ့ မဝတ်ဘူး ... သိပ်အေးရင် ဝတ်
တယ် ... သိပ်မအေးရင် မဝတ်ဘူး ..."

"အောင်သပြေမှာ ခြောက်လုံးပြူးသေနတ် ရှိသလား"

"ဘာလုံးပြူး သေနတ်မှ မရှိဘူး ..."

ပရိသတ်များ အောင်သပြေ၏အဖြေကို ရယ်မော
ကြသည်။ တရားလို အကျိုးဆောင်ကြီး စတွန့်သွားပါ၏။

"အခုမရှိပေမဲ့ တစ်ခါတုန်းက ရှိခဲ့တယ် မဟုတ်လား"

"ဘယ်တုန်းကမှ မရှိခဲ့ဘူး ..."

"ဝက်ဘလီအမျိုးအစားလေဗျာ ... ကျည်အိမ်ဘေးထုတ်





မဟုတ်ဘူး ... ခါးချိုးပြီး ကျည်ဆန်ထည့်တဲ့ သေနတ်မျိုး"

"ဘာသေနတ်မှ မရှိခဲ့ဘူး ..."

တရားလိုအကျိုးဆောင် ... ကျေနပ်သွားသည်။
အကယ်၍သာ အောင်သပြေတွင် သေနတ်ရှိခဲ့သည်။ ၎င်းသေနတ်
ကို အနိုးခံရပါသည်ဟု ထွက်ဆိုလျှင် သေနတ်ပေါ်တွင် သူ၏လက်
ဗွေပုံစံရှိနေသည်ပင်လျှင် ဟိုယ်ခင်ယခင်က လက်ဗွေပုံစံဖြစ်ပါသည်
ဟု ပြန်လည်ချေပခွင့် ရှိပေသည်။

"နောက်တစ်ခုက ဦးကိုကို အသက်ခံရတဲ့ အတိအကျဆို
ရင် ဖေဖော်ဝါရီလ နှစ်ဆယ်ရက် ကြာသပတေးညက
အောင်သပြေ ဘယ်နေရာ ဘယ်သူ့အိမ်မှာ ဘယ်သူနဲ့အတူ
ရှိနေသလဲ ..."

အောင်သပြေ စဉ်းစားရပြန်သည်။

"မေးတာကို ဖြေလေ ..."

"ဘယ်မှတ်မိမလဲဗျာ ... ကျွန်တော်က ဒိုင်ယာရီမှတ်လေ့
မှ မရှိတာ ... ဘယ်နေ့က ဘယ်သွားတယ် ... ဘယ်သူနဲ့
တွေ့တယ် ... ဘာလုပ်တယ်ဆိုတာတွေ မှတ်ထားလေ့
မရှိဘူး ... ကျွန်တော် အပြင်ထွက်ချင်တဲ့ အချိန်ထွက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေမဲ့ ဘယ်သွားမယ်၊ ဘယ်သူ့ဆီသွားမယ်ဆိုတာမျိုး တင်ကြိုစဉ်းစားပြီးမှ ထွက်တာ မဟုတ်ဘူး … လမ်းပေါ်ရောက်မှ ဘယ်သွားရင် ကောင်းမယ်ဆိုပြီး သွားလေ့ရှိတယ် ရုပ်ရှင်ကြည့်ချင်လည်း ဝင်ကြည့်တယ် … အဲ … အပြင် မထွက်တဲ့နေ့မှာတော့ ကျူပ်အိမ်မှာပဲ ကျူပ်နေတယ်”

“တိတိကျကျဖြေပါ အောင်သပြေ … အခု ကျူပ်မေးတာက အခင်းဖြစ်ပွားတဲ့ညက အောင်သပြေ ဘယ်မှာရှိနေတယ်ဆိုတဲ့ အလီဘိုင်ကို တရားဝင်မေးနေတယ် … ”

“ဘာလဲဗျ … အလီဘိုင်ဆိုတာ … ”

“အလီဘိုင်ဆိုတာ အမှုဖြစ်ပွားတဲ့ အချိန်မှာ မသက်ာတရားခံလို့ ထင်ရတဲ့လူဟာ အမှုဖြစ်ပွားချိန်မှာ ဘယ်နေရာမှာ ဘယ်သူနဲ့အတူ ရှိနေပါတယ်ဆိုတဲ့ သက်သေအထောက်အထား တင်ပြရမယ် … ရုပ်ရှင်ကြည့်ပါတယ်ဆိုလည်း အဲဒီနေ့က ရုပ်ရှင်ပွဲချိန် လက်မှတ်ဖြတ်ပိုင်း တင်ပြရမယ် … ကျူပ် ထပ်မေးရမယ် … လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ နှစ်ဆယ်ရက်ညက အောင်သပြေ ဘယ်နေရာမှာ ဘယ်သူနဲ့အတူရှိနေသလဲ ဖြေပါ … ”





“ကျွန်တော် မမှတ်မိဘူး … ”

“တရားသူကြီးမင်း ခင်ဗျား … ”

“ယခု ကျွန်တော် တင်ပြသော အချက်များအရပင် တရားခံအောင်သပြေသည် သူဌေး ဦးကိုကိုအား သတ်ကြောင်း ထင်ရှားနေပါပြီ … ထို့ကြောင့် ပုဒ်မသုံးရာနှစ် တရားခံ အောင်သပြေကို တရားရုံးတော်က စီရင်ချက်ချမှတ်သင့်ကြောင်း လျှောက်ထားတင်ပြအပ်ပါသည် ခင်ဗျား … ”

တရားရုံး တရားသူကြီးမှ အမှုကို တစ်ပတ်ခွာချိန်းလိုက်ပါ၏။

“သားအမှုကို အဖေကြီး ဘယ်လိုယူဆလဲဟင် … ”

“ဘယ်လိုယူဆရမှန်းတောင် မသိတော့ပါဘူး မမွန်ရယ်”

“အို … သားအောင်သပြေဟာ လူမသတ်ပါဘူး … သားက ဆိုးတော့ ဆိုးပါတယ် … ဒါပေမဲ့ လူသတ်တဲ့အထိ သားရဲ့ စိတ်ဟာ မရက်စက် မကြမ်းကြုတ်ပါဘူး ကိုမြင့်နိုင်ရယ်”

“ဒါကတော့ သားကို သိပ်ချစ်တဲ့ မိခင်ရဲ့အမြင်ကိုး … ကိုယ်တော့ ဒီနေ့တရားလို အကျိုးဆောင်တင်ပြလျှောက်ထားချက်တွေကြောင့် သားအတွက် ရင်လေးတယ် … ”



www.burmeseclassic.com

www.burmeseclassic.com



"သားအတွက်ငှားထားတဲ့ ရှေ့နေဦးမင်းသူကကော ရှင်ရဲ့ ဘာတွေပြောနေတာလဲ ... ကျွန်မ စိတ်ချမ်းသာအောင် ပြောတာမျိုး မပြောနဲ့နော် ... တကယ့်အစစ်အမှန် ဦးမင်းသူက ဘာပြောလဲ ကိုမြင့်ခိုင် ... "

"ဦးမင်းသူပြောတာကတော့ တရားလိုပြသက်သေတွေကို သူ ပြန်မေးမဲ့ မေးခွန်းတွေ အဆင်သင့်ပြင်ဆင်ထားပါတယ်တဲ့ ... တရားလို အကျိုးဆောင် တင်ပြချက်မှာ ဟာကွက် တစ်ကွက်ပါ နေပါတယ်တဲ့ ... ဦးကိုကိုကို သားက သတ်နိုင်တဲ့အကြောင်းအချက် (MOTIVE)လုံးဝ မပြနိုင်ဘူးတဲ့ ... ဒီတော့ သားဘက်က အမှုဖြစ်ပွားချိန်မှာ သူ ဘယ်မှာရှိနေတယ်ဆိုတဲ့ အလီဘိုင်တင်ပြနိုင်ရင် သားအတွက် လွတ်လမ်းပဲတဲ့ ... "

နောက်တစ်ပတ် ရုံးချိန်းရောက်လာပြန်သည်။

တရားခံအောင်သပြေအတွက် အကျိုးတော်ဆောင် ဦးမင်းသူက တရားလိုပြသက်သေ ဦးစောရွှေအား မေးခွန်းတွေ မေးတော့သည်။

ဦးစောရွှေမှာ သူဌေး ဦးကိုကို၏လုပ်ငန်းတွင် မန်





နေဂျင်းပါတနာဖြစ်သည်။ ဦးကိုကို၏အထွေထွေမန်နေဂျာ ဖြစ်ရုံမက တချို့ လုပ်ငန်းတွင် ရှယ်ယာဝင်ပါတနာလည်း ဖြစ်သည်။ သို့သော် ဦးစောရွှေ၏ရှယ်ယာသည် တစ်သိန်းခန့်သာ ရှိသည်။ မပြောပလောက်ပေ။

ဦးကိုကို၏ကြွယ်ဝချမ်းသာမှုနှင့် လုပ်ငန်းရင်းနှီးငွေများနှင့်စာလျှင် ဦးစောရွှေ၏ ပါတနာဝင်ရှယ်ယာသည် ကလေးကစားသလောက်သာ ရှိသည်။

ဦးကိုကိုက သူ့ရှိမန်နေဂျာ ဦးစောရွှေအား အခွင့်အရေးပေးသည့် သဘောဖြင့် တတ်နိုင်သလောက် ရှယ်ယာဝင်ခွင့်ပြုထားခြင်းသာ။

တရားခံအကျိုးဆောင် ဦးမင်းသူက စတင်မေးမြန်းတော့သည်။

"ဦးစောရွှေက ဦးကိုကိုရဲ့အထွေထွေမန်နေဂျာအပြင် ဦးကိုကိုရဲ့လုပ်ငန်းမှာ ရှယ်ယာဝင်တစ်ဦးပါနော် ... "

"အထွေထွေမန်နေဂျာအလုပ်ကသာ အဓိကပါ ... ရှယ်ယာဝင်ဆိုတာ မပြောပလောက်ပါဘူး ... "

"ဦးကိုကိုရဲ့ အထွေထွေမန်နေဂျာဆိုတော့ ဦးကိုကို နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတဲ့ လုပ်ငန်းတွေ ဆက်သွယ်မှုတွေ မြင်တွေ့သိရှိ‌ေ
မှာပေါ့ ... ”

“ဟုတ်ကဲ့ ... သူဌေးဦးကိုကိုရဲ့ အထင်ကရဖြစ်တဲ့ ဆန်စက်
လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ပလတ်စတစ်စက်ရုံလုပ်ငန်းတွေ
နဲ့ ပတ်သက်ပြီး သိသင့်သလောက် သိပါတယ် ... မြင်တွေ့
သင့်သလောက် မြင်တွေ့ပါတယ် ... ကျွန်တော် ဆိုလိုတာ
က အထင်ကရစက်ရုံလုပ်ငန်းတွေမှာ မန်နေဂျာအနေနဲ့
ကျွန်တော်ကိုယ်တိုင် ကြီးကြပ်လုပ်ဆောင်ပေးတာတွေကို
သာ သိတာလို့ ဆိုလိုတာပါ ... ”

“ဒါဆို ... ဦးကိုကိုမှာ မန်နေဂျာ ဦးစောရွှေ ပါဝင်ခြင်း မရှိ
တဲ့ တခြား လုပ်ငန်းတွေ ရှိသေးလို့လား ... ”

“ဟုတ်ကဲ့ ... အသေးပြေး ကုန်တင်လုပ်ငန်းမျိုး ဗီဒီယိုရိုက်
လုပ်ငန်းမျိုးတွေကျတော့ ဦးကိုကို ကိုယ်တိုင်လုပ်ဆောင်
ပြီး ကျွန်တော့်ကိုမခိုင်းလို့ ကျွန်တော် မသိနိုင်ပါဘူး ... ”

“ဦးကိုကိုရဲ့ ပင်တိုင် ရုံးထိုင်တဲ့ ရုံးခန်းကတော့ ရွှေဘုံသာ
လမ်း မြေညီထပ်မှာရှိတဲ့ အလုပ်တိုက်ပဲနော် ... ”

“ဟုတ်ပါတယ် ... ”





“ဦးစောရွှေလည်း အဲဒီမှာပဲ ... မန်နေဂျာစားပွဲနဲ့ ထိုင်တာပဲ
မဟုတ်လား ... ”

“ဆန်စက်၊ ဆီစက်၊ ပလတ်စတစ်စက်ရုံတွေကို လှည့်လည်
စစ်ဆေးတဲ့နေ့ မဟုတ်တဲ့နေ့မှာဆို အဲဒီ ရုံးမှာပဲ ကျွန်တော်
ရုံးထိုင်ပါတယ် ... ”

“ဦးကိုကိုလည်း ထိုင်တယ်နော် ... ”

“ဦးကိုကို ခရီးမထွက်တဲ့အခါ အဲဒီရုံးမှာပဲ ထိုင်ပါတယ်”

“ဦးကိုကိုနဲ့အတူတွဲပြီး ရုံးထိုင်ပဲ ... ဦးစောရွှေဟာ လုပ်ငန်း
အရ ဦးကိုကိုကို တယ်လီဖုန်းနဲ့ ဆက်သွယ်သူတွေ၊ လူကိုယ်
တိုင် လာရောက်ဆက်သွယ်သူတွေဟာ ပထမဆုံးမန်နေဂျာ
ဦးစောရွှေဆီ ဆက်သွယ်ပြီးမှာ ဦးကိုကိုက လက်ခံတဲ့လူဆို
ရင် ဦးကိုကိုဆီကို ဦးစောရွှေက ပို့ပေးရတယ် မဟုတ်လား”

“အဲဒါ ဟုတ်ပါတယ် ... ”

ဦးစောရွှေကို ကြည့်မြင်ရသည်မှာ အမှန်အတိုင်း
ထွက်ဆိုနေသည်ဟု ယူမှတ်နိုင်ပေသည်။

“ဦးစောရွှေ ... ဟို ... တရားခံခြံထဲက တရားခံကို ကြည့်
ပါ ... သေချာကြည့်နော် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် မြင်ပါတယ် ..."

"အဲဒီလူရွယ်ရဲ့ နာမည်က ... အောင်သပြေတဲ့ ... အဲဒီ အောင်သပြေကို ဦးစောရွှေ ယခင်က မြင်ဖူးသလား ... သိကျွမ်းဖူးသလား ..."

"ယခင်က တစ်ခါမျှ မမြင်ဖူးပါဘူး ... အခုမှ ပထမဆုံး မြင်ဖူးတာပါ ..."

ဦးမင်းသူက ပြုံးလာသည်။

အထွေထွေမန်နေဂျာအဖြစ် လုပ်ငန်းဆက်သွယ်သူတွေ တော်တော်များများ ဆက်သွယ်သိထားပါလျက် ... ယခု အောင်သပြေကို ဦးစောရွှေ မမြင်ဘူးဟု ထွက်ဆိုခြင်းမှာ ဦးကိုကိုနှင့် အောင်သပြေ ဆက်သွယ်မှုမရှိကြောင်း မိုးတစ်ပေါ်လွင်စေသောကြောင့် ဦးမင်းသူ ပြုံးခြင်းဖြစ်ပါ၏။

"ဒါဆို အောင်သပြေက ဦးကိုကိုရှိတဲ့ ရုံးခန်းကို လာရောက်ဆက်သွယ်တာမျိုး မရှိဘဲ ဖုန်းနဲ့ဆက်သွယ်ရင်ကော ... မန်နေဂျာဦးစောရွှေကတစ်ဆင့် ဆက်သွယ်ရတာမို့ အောင်သပြေဆိုတဲ့နာမည်နဲ့ ဦးကိုကိုနဲ့ ပြောချင်ပါတယ်ဆိုတဲ့ ဆက်သွယ်မှုမျိုးကော ရှိခဲ့ပါသလား ဦးစောရွှေ ..."





"ကျွန်တော် မှတ်မိသလောက် အောင်သပြေဆိုသူက ဦးကိုကိုကို ဖုန်းတစ်ခါမှ မဆက်ပါဘူး ... သေချာအောင် ကြည့်ချင်တယ်ဆိုရင်တော့ ကျွန်တော့်ဆီကို နေ့စဉ်ဖုန်းဆက်မှတ်တမ်းကို တင်ပြနိုင်ပါတယ် ..."

"ဦးကိုကိုမှာရော နေ့စဉ်ဆက်သွယ်သူတွေရဲ့ မှတ်တမ်းထားရှိသလား ..."

"အဲဒါကို ကျွန်တော် မသိနိုင်ပါဘူး ... တကယ်လို့ ဦးကိုကိုမှာ မှတ်တမ်းထားတယ်ဆိုဦးတော့ ... ဦးကိုကိုဟာ လျှို့ဝှက်တဲ့နေရာမှာ သိပ်လျှို့ဝှက်တာမို့ ဦးကိုကိုရဲ့မှတ်တမ်းကို ကျွန်တော် မတွေ့နိုင် မသိနိုင်ပါဘူး ... ကျွန်တော့်စိတ်အထင်ပြောရရင် ဦးကိုကိုဟာ မှတ်တမ်းရေးတဲ့အကျင့် မရှိပါဘူး ... ဘာမဆို ကျွန်တော်ကတစ်ဆင့် ဆက်သွယ်ပေးရလို့သာ ... ကျွန်တော်က မှတ်တမ်းထားရတာပါ ..."

"တရားသူကြီးမင်းခင်ဗျား ..."

"ဦးစောရွှေတာ ... သူ့ဌေးဦးကိုကိုရဲ့ အထွေထွေမန်နေဂျာမို့ ဦးကိုကို ဆက်သွယ်သမျှ လူတွေဟာ ဦးစောရွှေကတစ်ဆင့် ဆက်သွယ်ရကြောင်း တရားသူကြီးနားနဲ့ ကြားပြီးပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ... တရားခံအောင်သပြေနဲ့ ဦးကိုကို ဘာအဆက်အသွယ်မှ မရှိခဲ့တာမို့ အောင်သပြေက ဦးကိုကိုအား သတ်စရာအကြောင်းလည်း ဘာမှမရှိပါဘူး ... ဒီတော့ အောင်သပြေနဲ့ ဦးကိုကိုကြားမှာ သတ်ပစ်ချင်စရာ (MOTIVE)လုံးဝ မတွေ့ရှိပါဘူး ... ဦးကိုကိုနဲ့ အောင်သပြေကြားမှာ (MOTIVE) လုံးဝ မရှိတဲ့အတွက် ဦးကိုကိုကို သေနတ်နဲ့ ပစ်သတ်ခဲ့သူဟာ အောင်သပြေ မဟုတ်ဘဲ တခြား ဦးကိုကိုနဲ့ မပြေမလည်ရှိခဲ့သူ တစ်ဦးဦး(သို့မဟုတ်) တဖွဲ့ဖွဲ့သာ ဖြစ်နိုင်ပါတယ် ... နောက်တစ်ချက် တရားသူကြီးမင်းကို တင်ပြလိုတာကတော့ ဒီအမှုနဲ့ ပတ်သက်ပြီး ဦးကိုကိုရဲ့ဇနီးနဲ့ သားကိုလည်း ... တရားသူကြီးရှေ့မှောက် ဤရုံးတော်မှာပင် ကျွန်တော် မေးမြန်းခဲ့ပါတယ် ... နှစ်ဦးစလုံးဟာ ဦးကိုကိုရဲ့ အဆက်အသွယ်တွေကို မသိခဲ့ပါဘူး ... ဦးကိုကိုရဲ့ စက်ရုံလုပ်ငန်းဆက်သွယ်မှုတွေလောက်သာ သိကြပြီး တခြား ဦးကိုကို ဘာတွေလုပ်ဆောင်နေတယ်ဆိုတာကို မသိကြပါဘူး ... နောက်တစ်ချက်က တရားခံကို စွဲချက်အတင်ခံရတဲ့ အောင်သပြေဟာ ဦးကိုကိုရဲ့ အိမ်ကိုလာတာ ... တစ်





ခါမျှ မတွေ့ကြောင်းလည်း သားအမိနှစ်ယောက်စလုံးက ထွက်ဆိုထားပါတယ် ... ဦးကိုကို အိမ်မှာ မရှိနိုက် တယ်လီဖုန်းလာလို့ ကောက်ယူနားထောင်ရာမှာလည်း အောင်သပြေဆိုသူက ဖုန်းဆက်ခြင်း တစ်ခါမျှ မရှိဟု ထွက်ဆိုထားပါတယ် ... တရားသူကြီးမင်းခင်ဗျား ... အခြား လူသတ်သမားတစ်ဦးက ကြိုတင်ကြံစည်ပြီး အောင်သပြေအိပ်ပျော်နေစဉ် သေနတ်တွင် လက်ပုံစံထင်စေခြင်း၊ သိုးမွေးစွယ်တာစတွေ ဦးကိုကိုလက်တွင် ကျန်ခဲ့စေခြင်းများ ကြိုတင်ဖန်တီးပြီး လူသတ်မှု အောင်သပြေအပေါ် သက်ရောက်အောင်ကြိုတင်ကြံစည်ချက်များသာဖြစ်နိုင်ကြောင်းလျှောက်ထားတင်ပြအပ်ပါသည် ခင်ဗျား ... တရားသူကြီးမင်းခင်ဗျား၊ နောက်တစ်ချက် တင်ပြလိုသည်မှာ ဤအမှုစတင်စစ်ဆေးကတည်းက အကြောင်းအမျိုးမျိုးကြောင့် မှုပြီးဘာမှမပြောသည့် သက်သေတစ်ဦးဟာ ယခု အောင်သပြေနဲ့ နောက်ဆုံးအခြေအနေမှာ မိမိဆန္ဒအလျောက် တရားရုံးမှာ သက်သေထွက်ဆိုပါရစေဟု ပန်ကြားထားတဲ့အတွက် ထိုသက်သေကို တရားသူကြီးမင်း ရှေ့မှောက်မှာပင် ထွက်ဆိုခွင့်ပြုပါရန် ပန်



www.burmeseclassic.com

www.burmeseclassic.com



ကြားအပ်ပါသည် ခင်ဗျား ...”

“ခွင့်ပြုတယ် ... အဲဒီသက်သေ ကျွန်ုပ်ရှေ့မှောက်မှာပင် ကျမ်းကျိန် ထွက်ဆိုခွင့်ပြုတယ် ...”

ထိုသက်သေကို ဦးမင်းသူက တရားခွင်ရှေ့သို့ ခေါ်ထုတ်လိုက်သည်နှင့် လူတွေအားလုံး ‘ဟင်’၊ ‘ဟာ’ အာမေဋိတ်သံတွေ ထွက်လာပေတော့သည်။

“အဲဒီသက်သေ အမျိုးသမီးရဲ့ အမည်က ‘ဝိုင်း’လို့ ခေါ်ပါတယ် ... ပညာရေးတက္ကသိုလ် ဘီအီးဒီဘွဲ့ရပြီးတဲ့ ဂုဏ်သရေရှိ မိကောင်းဖခင်သမီးတစ်ယောက်ပါ ... အလယ်တန်းကျောင်းမှာ ဆရာအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ် ... အိမ်ထောင်မရှိသေးသော အပျိုစင်တစ်ဦး ဖြစ်ပါတယ် ...”

ဝိုင်းကို သက်သေခံနေရာတွင် ဦးမင်းသူက နေရာပေးပြီး ဝိုင်း၏မိဘအမည် အလုပ်အကိုင်နေရပ်များကို ဖော်ပြသည်။

ပထမ ဝိုင်းအား တရားသူကြီးအဖွဲ့ရှေ့မှောက်မှာပင် မမှန်ကန်သော စကားမထွက်ဆိုပါဟု ကျမ်းကျိန်စေသည်။

အားလုံး ပြီး~ညနှင့် ဝိုင်း သက်သေထွက်ဆိုချက်





ပြုတော့သည်။

“ဝိုင်း ... အရှည်ကြီး ပြောစရာ မရှိပါဘူး ... ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ နှစ်ဆယ်ရက်နေ့ ကြာသပတေးနေ့က ကိုအောင်သပြေဟာ ညနေ(၅)နာရီကတည်းက ဝိုင်း နေထိုင်ရာ မအူပင်လမ်း၊ စမ်းချောင်းအိမ်ကို ရောက်လာပါတယ် ...”

တရားလိုရှေ့နေ အကျိုးဆောင်က ဝိုင်းကို မေးခွန်းမေးလိုက်သည်။

“တရားခံ အောင်သပြေနဲ့ အခု သက်သေ ဝိုင်းဟာ သွေးသားတော်စပ်သလား ...”

“မတော်စပ်ပါဘူး ... ကိုအောင်သပြေဟာ ဝိုင်းချစ်သူ၊ ဝိုင်းနဲ့ လက်ထပ်မည့်သူပါ ...”

“ချစ်သူ ဟုတ်ရဲ့လား ... အောင်သပြေရဲ့ မိဘတွေက ငွေကြေးကျေနပ်အောင်ပေးပြီး တရားခွင်မှာ ဒီလိုသက်သေအဖြစ် ထွက်ဆိုပေးပါဆိုလို့ လာထွက်ဆိုပေးတာလား”

“တရားသူကြီးမင်း ခင်ဗျား ... တရားလိုအကျိုးဆောင်ရဲ့ ဒီမေးခွန်းဟာ သက်သေအမျိုးသမီးမှာ သိက္ခာကျစေပါတယ် ...”



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသူက ကန့်ကွက်သော်လည်း တရားသူကြီးက တရားလိုရှေ့နေကို မကန့်ကွက်ပေ။

ဝိုင်းကဆက်၍ ထွက်ဆိုသည်။

"မဟုတ်ပါဘူး ... ကိုအောင်သပြေဟာ ကျွန်မရဲ့ချစ်သူပါ ကျွန်မ ဘီအီးဒီ နောက်ဆုံးနှစ်ဖြေပြီးတဲ့နောက် မကြာခင် ကိုအောင်သပြေနဲ့ ကျွန်မ ချစ်ကြိုက်သွားတာပါ ... "

"ချစ်သူဖြစ်ကြောင်း ခိုင်မာတဲ့ အထောက်အထား ပြနိုင်လား ... "

"ပြနိုင်ပါတယ် ... "

"ထီးဝိုင်းခေါင်းဆောင် ကိုဘတိုးကို အထောက်အထားပြပါ့မယ် ... နာမည်ကြီး ထီးဝိုင်းခေါင်းဆောင် ကိုဘတိုးက ကျွန်မ ဝိုင်းနဲ့ ကိုအောင်သပြေ ချစ်ကြိုက် မေတ္တာမျှကြတာကို အစအဆုံး သိသူတစ်ယောက်ပါ ... "

ကိုဘတိုးမှာ ခေတ်အလျောက် နာမည်ကြီးထင်ရှားသည့်လူ ဖြစ်နေသောကြောင့် အထောက်အထား သိပ်ခိုင်မာနေပေသည်။ လိုအပ်လျှင် တရားခွင်သို့ ကိုဘတိုးကို ဆင့်ခေါ် မေးမြန်းနိုင်ပေသည်။





"အောင်သပြေဟာ ကိုယ့်ချစ်သူဖြစ်နေပါလျက် အမှုစတင်စဉ်က လာရောက်သက်သေမခံဘဲ အခုမှဘာလို့ လာရောက်သက်သေခံတာလဲ ... "

"ကိုအောင်သပြေက ကျွန်မ သိက္ခာကျမှာစိုးရိမ်ပြီး သူနဲ့ကျွန်မ ချစ်ကြိုက်တဲ့အကြောင်းရော၊ လူသတ်မှုညက ကျွန်မနဲ့ အတူရှိနေကြောင်းကိုရော သူကိုယ်တိုင်လည်း ဖွင့်မပြောဘူး ... ကျွန်မကိုလည်း ဖွင့်မပြောရဘူးလို့ တားမြစ်ထားလို့ပါ ... ကိုအောင်သပြေက သူသတ်တာမဟုတ်ရိုးအမှန်မို့ တရားရုံးက သူ့ကို အပြစ်ပေးမှာ မဟုတ်ဘူးလို့ ဖွတ်ယုံကြည်ထားပါတယ် ... အခုမှ အဲဒီလူသတ်မှုညက ကိုအောင်သပြေ ကျွန်မနဲ့အတူ တစ်ညလုံးရှိနေကြောင်း အလီဘိုင်လိုအပ်ပြီထင်လို့ ကျွန်မသဘော ကျွန်မစိတ်ဆန္ဒအလျောက် လာရောက်သက်သေခံတာပါ ... "

"ကောင်းပြီ ... အဲဒီလူသတ်မှုဖြစ်တဲ့ညက အောင်သပြေဟာ ဝိုင်းနဲ့အတူ ရှိနေတယ်ဆိုတာကို တခြား မျက်မြင်သက်သေရှိသလား ... "

"ရှိပါတယ် ... ဝိုင်းအိမ်မှာ ဒေါ်ဒေါ်ခင်ဆိုတဲ့ ဝိုင်းရဲ့အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲ အမြဲရှိနေပါတယ် ... ဒေါ်ဒေါ်ခင်ကို ခေါ်ယူမေးမြ[...]
နိုင်ပါတယ် ..."

အမှုသွား အမှုလာ တရားလိုရှေ့နေ တရားခံရှေ့နေ[...] များ၏ လျှောက်လဲချက် မေးမြန်းချက်အားလုံးကို စေ့ငုစွာ စိစစ်ပြ[...] နောက် တရားသူကြီးက အောင်သပြေအပေါ်တွင် စီရင်ချက်[...] လိုက်သည်။

တရားသေ လွတ်စေ ...။





အောင်သပြေအား တရားရုံးတော်မှ တရားသေ လွတ်လိုက်ခြင်းအတွက် မကျေနပ်သူနှစ်ဦးမှာ ဒေါ်မိမိကြီးနှင့် သား လွင်ဦးတို့ ဖြစ်ကြပေသည်။

တရားသေလွှတ်လိုက်ခြင်းကို ကျေနပ်သည် မကျေ နပ်သည် မဟုတ်သော်လည်း ရင်ထဲတွင် လိပ်ခဲတည်းလည်း ဖြစ်ရသူ တစ်ဦးမှာ အိုင်အိုအမှုလိုက် ရဲအရာရှိ အောင်ကျော်မင်း ဖြစ်သည်။

ဤအမှုတွင် တရားလိုပြသက်သေ မန်နေဂျာဦးစော ရွှေ၏ထွက်ဆိုချက်တို့သည် လိပ်ခဲတည်းလည်းဖြစ်ရာ။

ဦးစောရွှေ၏ထွက်ဆိုချက်တို့သည် တရားခံအောင်



www.burmeseclassic.com

www.burmeseclassic.com



သပြေအပေါ် အပြစ်မပေးရုံသာမက ပျော့ရွှတ်ရွှတ်ပင် အများကြီး ဖြစ်သွားသည်။

ပြီး ... ဦးကိုကို၏ဇနီးဖြစ်သူ ဒေါ်မိမိကြီး၏ထွက်ဆိုချက်တွေကလည်း အားပျော့လွန်းသည်။ လင်တော်မောင် ဦးကိုကိုနှင့် ပတ်သက်ပြီး ဘာမှမသိပါ။ လင်တော်မောင် ဦးကိုကိုက မိမိအား ဘာမျှတိုင်ပင်ခြင်း မရှိ။ လုပ်ချင်ရာလျှောက်လုပ်သည် ဆိုသည်ကိုသာ အဓိကထားပြီး ထွက်ဆိုသွားသည်။

သားလွင်ဦးကလည်း ထိုနည်းနှင်နှင်ပင်။ စိုစိုစိစိဖြင့် အရေးပါသော ထွက်ဆိုချက် ဘာတစ်ခုမျှ မပေးနိုင်။

နောက်ဆုံး တရားရုံးတော်မှ တရားခံအောင်သပြေကို တရားသေလွှတ်ပစ်ရသည်အထိ ဖြစ်သွားသည်။

အမှုလိုက်ရဲအရာရှိမှာ အမှုလိုက်ရဲအရာရှိလောကတွင် လူညံ့တစ်ဦးဖြစ်သွားသည်။ ဒီအတွက် အောင်ကျော်မင်း ရင်ထဲတွင် လိပ်ခဲတည်းလည်း ဖြစ်ရသည်။

အမှုက တရားရုံးမှ စီရင်ချက်ချပြီးသောအမှုမို့ ဘာမှ မတတ်နိုင်ပေတော့။

သို့သော် အောင်ကျော်မင်း သိပ်သိချင်သည်။ ဒီအမှု





တွင် မိမိသည် ဘယ်နေရာ ဘယ်အတွက် အံချော်သွားသောကြောင့်သည်လိုဖြစ်သွားရသနည်း။

တရားခံအောင်သပြေ တရားသေလွှတ်သွားခြင်းအတွက် ထုံးစံအတိုင်း မကျေနပ်သူနှစ်ဦးမှာ ဒေါ်မိမိကြီးနှင့် သားလွင်ဦးတို့လည်း ဖြစ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## နောက်ပိုင်းဖြစ်ရပ်များ

ဒေါ်မိမိကြီးသည် သူမ၏ခြံကျယ်ကြီးအတွင်းရှိ ထည်ဝါလှသည့်တိုက်အိမ်ကြီး ဧည့်ခန်းဆိုဖာတွင် ထိုင်ကာ တယ်လီဖုန်းအလာကို စောင့်နေပေသည်။

သားလွင်ဦး ဆက်မည့်ဖုန်းကို စောင့်နေခြင်း ဖြစ်ပါ၏။

အောင်သပြေသည် ထောင်အချုပ်မှ လွတ်မြောက်ပြီးနောက် ဘာတွေဆက်လုပ်သည်ကို လွင်ဦးက နောက်ယောင်ခံလိုက်ကြည့်ထားသည်။ အောင်သပြေ လှုပ်ရှားသမျှ ဒေါ်မိမိကြီးနှင့် လွင်ဦးက သိချင်သည်။





လွင်ဦးသည် နံနက်(၇)နာရီကတည်းက အိမ်မှထွက်သွားသည်။ ယခုည(၇)နာရီထိုးသည်အထိ အိမ်ပြန်မရောက်သေး။ တယ်လီဖုန်းလည်း မဆက်သေး။

"ဒီကောင် လွင်ဦးဘာမှ အသုံးမကျဘူး ..."

ဟု ကျိတ်ပြီး ဒေါ်မိမိကြီးက သားကို အပြစ်တင်နေသည်။

တရားရုံးတော်က အောင်သပြေကိုအပြစ်မပေးလျှင် ဒေါ်မိမိကြီးက အပြစ်ပေးရမည်ဟု စွဲလမ်းထားသည့် ၎င်းကိစ္စအတွက် သားလွင်ဦးကို တာဝန်ပေးထားသည်။

ဒေါ်မိမိကြီး ဒေါပွနေစဉ်မှာပင် လွင်ဦး ကားနှင့် ပြန်ရောက်လာသည်။ ကားတံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်ကာ ခြေသံပြင်းနှင့် အိမ်ထဲသို့ လွင်ဦး ဝင်လာသည်။

"မင်းမလဲ ထွက်သွားလိုက်တာ အိမ်က မအေဆီကိုတောင် ဖုန်းတစ်ချက် မဆက်ဘူး ... မာမီဒီနေရာက မရွေ့ဘဲ မင်းတယ်လီဖုန်းကို ထိုင်စောင့်နေတာ ..."

"ဖုန်းဆက်ဖို့ မလိုဘူးလေ ... အခု သား ပြန်ရောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ မာမီ ...”

“ဒါဆိုပြော ... မင်း ဘာတွေသိခဲ့သလဲ ... ဘာတွေလုပ်သလဲ ...”

“အောင်သပြေ လုပ်သမျှ မာမီကို ပြောပြမယ် ... ဒီကောင် သူ့တည်းခိုခန်းမှာ ခဏပဲ နေတယ် ... ပြန်ထွက်ပြီး စမ်းချောင်း မအူပင်လမ်းက ဗိုင်းဆိုတဲ့ ကောင်မလေးအိမ် သွားတယ် ... လေးဘီးအငှားကားနဲ့ သူ့ပစ္စည်းတွေ တင် သွားတယ် ... ဗိုင်းအိမ်မှာ သူ့ပစ္စည်းတွေ ထားခဲ့တယ် ... မြို့ထဲ ပြန်ထွက်တယ် ... မြို့ထဲက ရုပ်ရှင်ရုံတွေကို ဟိုကြည့် ဒီကြည့်လိုက်ကြည့်တယ် ... အဲဒီနောက် ရန်ကုန်က လားရှိုး ဟိုးနီးကားလက်မှတ်ရောင်းတဲ့ ရုံးခန်းထဲ ဝင်သွားတယ်”

“ဒါဆို ဒီကောင်က လားရှိုးကို သွားဖို့ပဲ ဖြစ်မယ် ဟုတ်လား သား ...”

“ဟုတ်မှာပေါ့ မာမီ ... ဒက်ဒီ မသေခင် နှစ်လလောက်က လားရှိုးကို သွားသေးတာပဲ ...”

“ပြော ... ဒီကောင် ဘာဆက်လုပ်သလဲ ...”





“ဆက်ပြောစရာ မရှိတော့ဘူး မာမီ ...”

“ဘာလို့ မရှိရမှာလဲ ... အဲဒီလက်မှတ်ရောင်းရုံးခန်းက ဒီကောင် ထွက်လာပြီး ဘယ်ကိုသွားသလဲ ...”

“အဲဒါ ... သား မသိတော့ဘူး ...”

“ဘာလို့ မသိရမှာလဲ ... သား သူ့နောက်က ထက်ကြပ်မကွာ ရှဒိုးလိုက်နေတာပဲဟာ ...”

“ဒီကောင် လက်မှတ်ရောင်းရုံးခန်းထဲ ဝင်သွားတာကို သား စောင့်ကြည့်နေတုန်း ရဲအုပ်အောင်ကျော်မင်း ရောက်လာ တယ် ...”

“ဒီရဲအုပ်က ဘာလို့ သားဆီကို ရောက်လာတာလဲ ...”

“ဒါတော့ သား ဘယ်သိမလဲ ... သူလည်း အောင်သပြေ့ နောက်ကို ခြေရာခံပြန်လိုက်တာ ဖြစ်မှာပေါ့ ...”

“ဖြစ်နိုင်မလား သား ... တရားရုံးတော်က တရားသေလွှတ် လိုက်ပြီးလူနောက်ကို ရဲက လိုက်စရာဘာမှ မရှိတော့ဘူး၊ သူ့တာဝန်ပြီးသွားပြီပဲ ... ဒီရဲအုပ် ရုပ်ရှင်လာကြည့်တာလား မှ မသိတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ကျော်မင်းလို လူဟာ တာဝန်ချိန်မှာ ယူနီဖောင်းနဲ့ ရုပ်ရှင်ကြည့်မှာတဲ့လား မာမီ ..."

"ဒါဆို သူက အဲဒီနားကို ဘာလို့ရောက်လာတာလဲ ..."

"ဒါတော့ သား မသိဘူး ... သူက သားကို ဒီနားမှာ ဘာလို့ကားရပ်ထားတာလဲလို့ မေးတယ် ... သားက ရုပ်ရှင်ကြည့်ရကောင်းမလားလို့ ရပ်ကြည့်နေတာလို့ ပြောတယ် ... သူ မယုံပါဘူး ... ဒီလို ကိုယ့်အဖေသေထားတဲ့ အချိန်မှာ ရုပ်ရှင်ကြည့်နိုင်မှာလားတဲ့ ... ပြီး ... ကိုလွင်ဦးတို့ သားအမိ အောင်သပြေ လွတ်သွားတာကို မကျေနပ်ကြဘူး မဟုတ်လားတဲ့ ... တရားရုံးက စိစစ်ပြီးမှ လွှတ်လိုက်တဲ့နောက်မှာတော့ ကိုလွင်ဦးတို့ ရတ်ရတ်သဲသဲ ထပ်မလုပ်နဲ့တဲ့ ... ဒီကောင် တစ်ခုခုဖြစ်ရင် ခင်ဗျားတို့က ဒီကောင်လွတ်သွားတာ မကျေနပ်လို့ လုပ်လိုက်တယ်ဆိုတဲ့ မိုးတစ်(မ်)နဲ့ ခင်ဗျားတို့ကို ရဲက စစ်ဆေးမြန်းလာမယ်တဲ့ ... ခင်ဗျားတို့ပဲ တရားခံ ပြန်ဖြစ်သွားမယ်တဲ့ မာမီ ..."

"အံမာ ... ဒီကောင်က ကြီးကျယ်လို့ ... သူမပိုင်လို့ဘဲ





အောင်သပြေ လွတ်သွားတာကိုများ ... ဟင်း ..."

"စွတ်မပြောနဲ့ မာမီ ... မာမီက ငါ ပိုက်ဆံချမ်းသာတယ်၊ ဒီကောင် အောင်သပြေကို လက်စားပြန်ချေရရင် တော်ပြီလို့ ငွေဘယ်လောက်ကုန်ကုန် ဆိုပေမဲ့ တကယ်တမ်း ဖြစ်လာရင် တရားဥပဒေက အပြစ်ရှိတဲ့လူကို အပြစ်ပေးမှာပဲ၊ ဒီကောင့် မိဘတွေကလည်း အညံ့စားတွေမှ မဟုတ်တာ၊ အောင်သပြေကိုယ်တိုင်ကလည်း သိပ်ပါးနပ်တဲ့ကောင် ဒီအမှုမှာ လွတ်သွားတာကိုပဲ မာမီကြည့်ပေါ့ ..."

"တော်စမ်း ... ရန်သူအားပေးစကားတွေ လာပြောမနေနဲ့၊ မင်းလည်း အောင်သပြေလို လူငယ်တစ်ယောက်ပဲ မဟုတ်လား ... သူပါးနပ်သလို မင်း ပါးနပ် ... မာမီ့ဆန္ဒကတော့ မာမီ့ယောကျ်ား သေသလို ဒီကောင် သေစေရမယ် ... တူညီတဲ့ဒဏ် ဒီကောင် ခံစေရမယ်၊ ဒီအတွက် သားယောကျ်ားလေးမင်းကို ငါ တာဝန်ပေးထားတာ မဟုတ်လား ... ကဲ၊ အပိုတွေ ပြောမနေနဲ့ ... အဲဒီနောက် မင်း ဘာတွေထပ်မြင် ထပ်တွေ့ ထပ်သိခဲ့ရသေးလဲဆိုတာ ဆက်ပြော ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ဆက်လုပ်လို့ မရတော့ဘူး မာမီ ... ကိုအောင်ကျေ
မင်းနဲ့ စကားပြောနေတုန်း ဒီကောင့်ကို ကျွန်တော် မျက်
ခြေပြတ်သွားတယ် ... ဘယ်ကိုလိုက်ရမှန်း မသိအောင် ဒီ
ကောင် ပျောက်သွားတယ် ... "

"မင်း ညံ့တယ် ... သိပ်ညံ့တယ် ... "

"အို ... မာမီက အိမ်ထဲမှာ ဆိုဖာကြီးပေါ်မှာထိုင် ... အအေး
သောက်နေတာ ... သားက ကိုယ်တိုင်ကိုယ်ကျ ဒီကောင့်
နောက်ကို ရှဲဒိုးလိုက်နေတာ ... ရှဲဒိုးလိုက်တဲ့ အလုပ်ဟာ
လွယ်တာမှတ်လို့ ... သိပ်ခက်တယ် မာမီ ... သူက သားကို
ပြန်မတွေ့အောင်လည်း လှစ်ခနဲ ပုန်းရသေးတယ် ... "

ဒေါ်မိမိကြီး နှုတ်ခမ်းမဲ့ပြသည်။

"ဒါပေမဲ့ စိတ်ချ မာမီ ... ဒီကောင် မိုးကိုပျံပျံ ... မြေကို
လျှိုးလျှိုး သား မီအောင်လိုက်မယ် ... သားက ကြိုတင်ပြီး
လားရှိုးကို လေယာဉ်နဲ့ သွားမယ် ... သူ့အရင် လားရှိုးကို
ရောက်နေစေရမယ် ... ဒက်ဒီ မသေခင်က လားရှိုးကိုလာ
ပြီး ဘယ်တွေသွားခဲ့တယ် ... ဘယ်သူ့ဆီမှာ ဒက်ဒီ တည်း





ခိုတယ်ဆိုတာ စုံစမ်းရင်း ဒီကောင်အောင်သပြေ နောက်ကို
လည်း လိုက်မယ် ... ဒီကောင် ဒက်ဒီသွားခဲ့တဲ့လမ်းကြောင်း
ကို ပြန်သွားတာဟာ ဒက်ဒီနဲ့ ပတ်သက်တာတွေ ရှိခဲ့လို့ပဲ
ဖြစ်မှာ ... သား ချက်ချင်း လားရှိုးကို လေယာဉ်နဲ့ သူ့အရင်
ရောက်အောင် သွားမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ ဒက်ဒီဦးကိုကိုရဲ့သား လွင်ဦးပါ ဦးဖိုးထွား လားရှိုးက ဦးမောင်ငယ်က ပြောလိုက်လို့ပါ ... ဒက်ဒီ မသေ ခင်နှစ်လလောက်က လားရှိုးကို ရောက်ခဲ့ပေမဲ့ လားရှိုးမှာ ဒက်ဒီ ညမအိပ်ဘူး ... သီတဂူက ဦးဖိုးထွားဆီမှာပဲ တည်း ခိုတယ်တဲ့ ... လားရှိုးက ဦးမောင်ငယ်ကို ဦးဖိုးထွား သိပါ တယ်နော် ... သူကပဲ ကျွန်တော့်ကို ဦးဖိုးထွားဆီ လမ်းညွှန် လိုက်လို့ ... ကျွန်တော် သီတဂူကို ရောက်လာတာပါ ဦးထွား ... "

"လားရှိုးက မောင်ငယ်ကိုလည်း ငါ သိတယ် ... မင်းဟာ ဆရာဦးကိုကိုရဲ့သား လွင်ဦးဆိုတာလည်း ငါ သိတယ် ...





ဆရာဦးကိုကိုဟာ ငါ့ရဲ့ ကျေးဇူးရှင်ဆိုတာလည်း ငါ့တစ် သက် မမေ့ဘူး ... ဒါပေမဲ့ မင်းမေးတာတွေကို ငါ မဖြေဘူး လွင်ဦး ... "

"ဖြေပါ ဦးဖိုးထွား ... ဒက်ဒီဟာ ဒီဒေသကို လာပြီးတဲ့ နောက် နှစ်လအကြာမှာ သူများသတ်လို့ သေသွားရတာပါ။ ဒါကြောင့် ဒက်ဒီ အသတ်ခံရတာဟာ နောက်ဆုံးခရီးစဉ် ဒီဒေသမှာ ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်တယ်လို့ မာမီ ရော၊ ကျွန်တော်ရော ယူမှတ်လို့ပါ ... "

"ဒက်ဒီ ဒီမှာဘာတွေလုပ်ခဲ့မှန်း မာမီရော၊ ကျွန်တော်ရော သိခွင့်မရခဲ့ပါဘူး ... အခု ကျွန်တော် လားရှိုးလိုက်လာမှပဲ ဒက်ဒီဟာ သီတဂူမှာ အကြာကြီး နေသွားကြောင်းသိပါ တယ် ဦးဖိုးထွား ... "

"အေး ... ဆရာဦးကိုကို ငါ့ဆီမှာ သီတင်းတစ်ပတ်လောက် ညအိပ်တည်းခိုနေသွားခဲ့တာ မှန်တယ် ... ငါကလည်း ... မှ ဆရာသမား ကျေးဇူးရှင်မို့ အစွမ်းကုန် ပြုစုတယ် ... "

"ကဲ ... ဒါဆို ဦးဖိုးထွားကို ဒက်ဒီရဲ့ တပည့်ရင်း တစ်ယောက် မို့ ကျွန်တော် ဖွင့်ပြောပါ့မယ် ... ဒက်ဒီ မသေမီက ဆန်းစက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆီစက်၊ ပလတ်စတစ်စက်ရုံလုပ်ငန်းတွေအားလုံးတွေရဲ့ စာရင်းအင်းတွေကို ဒက်ဒီသေပြီးတဲ့နောက် စစ်ဆေးတဲ့အခါမှာ အားလုံး မန်နေဂျာဦးစောရွှေက စနစ်တကျ အားလုံး တင်ပြနိုင်ပါတယ် ... ဒါပေမဲ့ ဒက်ဒီရဲ့လုပ်ငန်း ငွေစာရင်းမှာ ငွေပေါင်းသိန်းကိုးဆယ်ဟာ စာရင်းမရှိ ပျောက်နေပါတယ် ဦးဖိုးထွား ...”

“သိန်းကိုးဆယ်ကြီးတောင် ပျောက်နေသတဲ့လား ...”

“ဟုတ်ပါတယ် ဦးဖိုးထွား ... ဒါပေမဲ့ ဒီကိစ္စကို ကျွန်တော်ရယ် ... မာမီရယ် ... မန်နေဂျာ ဦးစောရွှေရယ် သုံးယောက်ကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါဘူး ... အမှုလိုက်ရဲအရာရှိ ကိုအောင်ကျော်မင်းကိုတောင် ဒီအကြောင်း ဖွင့်မပြောခဲ့ပါဘူး ...”

“ဒါနဲ့ ဆရာဦးကိုကိုကိုသတ်တဲ့ တရားခံကို မိတယ်ဆို”

“မိပါတယ် ... အဲဒီတရားခံအောင်သပြေကို တရားရုံးကတရားသေလွှတ်လိုက်ပါတယ် ဦးဖိုးထွား ... ဒီကောင်ကိုတရားသေလွှတ်ပေးပြီးတဲ့နောက် လားရှိုးဘက်ကို လာမှာပါ ... သူက ဟီးနိုးကား နဲ့ လာမှာဆိုတော့ နောက်ကျနေ





တယ် ... ဒါကြောင့် ဒီကောင်ထက်အရင်ဦးအောင် သီတဂူကို ကျွန်တော် လာခဲ့တာပါ ဦးဖိုးထွား ...”

“အေးလေ ... မင်း တင်ကြိုရောက်လာပြီး ဒီကောင် အောင်သပြေကို ရွှေဘုံနန်းမှာ တည်းခိုအောင် ဆောင်ကျဉ်းပေးပါဆိုလို့ ဆရာဦးကိုကို မျက်နှာထောက်ထားပြီး အိကေနိုင်ဆိုတဲ့ ကောင်မလေးနဲ့ မျှားပြီး ရွှေဘုံနန်းမှာ တည်းခိုစေပြီပဲ”

“ဒီကောင် ရွှေဘုံနန်းမှာ တည်းခိုဖို့ ဆောင်ကျဉ်းပေးခဲ ဦးဖိုးထွားကို ကျွန်တော် ငွေငါးထောင်ပေးမယ်လို့ ကတိပေးထားတာပဲ ... အခုပဲ ဒီငွေငါးထောင် ဦးဖိုးထွား ယူတော့မလား ... ကျွန်တော် ပေးလိုက်ဖို့ အဆင်သင့်ပါ ...”

“မင်းပေးမယ်ဆိုတဲ့ ငွေငါးထောင် ငါက တစ်ပြားမှ မယူဘူး၊ ငါ့အိတ်ထဲကစိုက်ပြီးတော့ အိကေနိုင်ကို ငါ ငွေတစ်သောင်းပေးတာ ... အဲဒီလို ငါ ကူညီတာ ... မင်းအဖေ ငါ့ဆရာဦးကိုကိုရဲ့ မျက်နှာကြောင့် ကူညီတာ ...”

“ဒါဆို ဒက်ဒီဟာ ဟောဒီသီတဂူကို ရောက်ခဲ့ပြီး ဦးဖိုးထွားဆီမှာ တစ်ပတ်လောက် နေသွားတာဆိုတော့ သူ့လုပ်ငန်းကိစ္စကို တပည့်ရင်း ဦးဖိုးထွားကို တိုင်ပင်မှာပါ ... ဒက်ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



သိန်းကိုးဆယ်ငွေတွေကို ဘာလုပ်တယ်ဆိုတာ ကျွန်
သိပါရစေ ဦးဖိုးထွား ... ”

ဦးဖိုးထွား ခေါင်းခါသည်။

“ဆရာဦးကိုကိုဟာ ဘာအလုပ်ပဲဖြစ်ဖြစ် သူများ မသိ
ချင်တဲ့ အလုပ်ဆိုရင် အင်မတန် သိပ်သိပ်သည်းသည်း
လျှို့ဝှက်ဝှက် လုပ်တတ်မှန်း မင်းတို့သားအမိ သိပြီးသ
အေး ... ဆရာဦးကိုကို ဒီမှာ တစ်ပတ်နေပြီး ဘာတွေ
တယ်ဆိုတာ ငါ မသိဘူး ... အေး ... ဒါပေမဲ့ ငါ သိသ
ထားတာတစ်ခုတော့ ရှိတယ် ... အဲဒီ သိထားတာကို
ကို ငါ မပြောဘူး လွင်ဦး ... ”

“ပြောပါ ဦးဖိုးထွား ... ကျွန်တော်က ဒက်ဒီရဲ့သားပဲ
ကျွန်တော့်ကိုတော့ ပြောသင့်ပါတယ် ... ”

“ဆရာဦးကိုကိုက ငါ့ကို သေချာမှာထားတယ် ... သူ
လုပ်ခဲ့တဲ့ လုပ်ငန်းကိစ္စအတွက် တစ်နေ့နေ့မှာ သူ့ဆီက
ကိုယ်စား လူတစ်ယောက် လွှတ်လိုက်မယ်တဲ့ ... မင်း
လို့ မင်းအမေ ဒေါ်မိမိကြီးကိုယ်တိုင် လိုက်လာပြီး သူလု
တာတွေကိုမေးရင် မပြောရဘူးတဲ့ ... အဲဒီလို ဆရာဦးကို





မှာခဲ့တာကို လိုက်နာရမယ် ... စောင့်စည်းရမယ် ... ကတိ
တည်ရမယ် ... ”

“ဒါက ဒက်ဒီမသေသေးရင် ဟုတ်တာပေါ့ ဦးဖိုးထွား ...
ဒက်ဒီ သေဆုံးပြီးတဲ့နောက်တော့ ဘယ်ကလာပြီး သူ့ကိုယ်
စားတွေ ကိုယ်စားလှယ်တွေ ရှိမှာလဲ ... ဒက်ဒီသေသွားရင်
အကျိုးခံစားခွင့်အားလုံးဟာ ဇနီးဖြစ်တဲ့ ကျွန်တော့်ရဲ့မာမိ
နဲ့ သားဖြစ်တဲ့ ကျွန်တော်သာ ခံစားခွင့် ရှိရမှာပေါ့ ... အခု
မာမိက ကျွန်တော့်ကို လွှတ်လိုက်တာပဲ ... ဒါဟာပဲ ဒက်ဒီ
ရဲ့ကိုယ်စားလှယ်ပေါ့ ... ”

ဦးဖိုးထွား လွင်ဦးကို သေချာစိုက်ကြည့်သည်။

နဂိုက ဦးဖိုးထွား၏ဘဝမှာ ဤဒေသတွင် ပျံကျလုပ်
ကိုင်စားသော လူတစ်ယောက်သာ ဖြစ်သည်။ ဦးဖိုးထွားတွင် ဇွဲ၊
လုံ့လ၊ ဝီရိယနှင့် ကြံရည်ဖန်ရည်ရှိသော်လည်း ငွေအရင်းအနှီး မရှိ
သောကြောင့် ရရစားစားဘဝက မတိုးတက်ပါလေခဲ့။ ယင်းအချိန်
တွင် ဦးကိုကိုနှင့် ဆက်သွယ်မိပြီး ဦးဖိုးထွားအား ဦးကိုကိုက ယုံ
ကြည်စွာဖြင့် ငွေငါးသိန်းမ,တည်ပေးခဲ့သည်။

(၂)နှစ်အတွင်းမှာပင် ဦးဖိုးထွားသည် ငွေငါးသိန်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆပ်နိုင်ရုံမက ကိုယ်ပိုင်လုပ်ငန်းတစ်ခု ပိုင်ဆိုင်သွားသည်။

ဤသည်ကို အကြောင်းပြုပြီး ဦးဖိုးထွားက ဦးကို
အား ဘုရားတစ်ဆူလို ကိုးကွယ်သည်။ ကြည်ညိုလေးစားသည်

ဦးကိုကိုသည် သူ၏ရာသက်ပန် ကျေးဇူးရှင်ဟု ဦး
ထွား ခံယူသည်။

လွန်ခဲ့သော နှစ်လကျော်ကျော်က ကျေးဇူးရှင် ဦး
ကိုသည် သီတဂူသို့ ရောက်လာပြီး သူ့လုပ်ငန်းတွေ သူ့အဆ
အသွယ်ဖြင့် လျှို့ဝှက်စွာ လုပ်ဆောင်သွားသည်။ ဦးဖိုးထွားကိုတေ
သူ့လုပ်ငန်းတွင် ခိုင်းသင့်တာခိုင်းပြီး ပြောသင့်တာတွေပြောသည်

"ကျုပ် ဒီသီတဂူမှာ ဘာတွေလုပ်သွားတယ်ဆိုတာ ဦး
ထွားက ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးပါ ... ကျ
ကုန်ပြောရရင် ကျုပ် မိန်းမဖြစ်ဖြစ်၊ ကျုပ်သားဖြစ်ဖြစ် လာ
မေးရင်တောင် ဦးဖိုးထွား မပြောပါနှင့် ... ပါးစပ်ပိတ်ထား
ပါ ... လုံးဝ မပြောပါနဲ့ ... အဲဒါ ဦးဖိုးထွား ကတိပေးပ"

"စိတ်ချ ဆရာဦးကိုကို ... ကျွန်တော် ဘယ်သူ့ကိုမှ မပြေ
ဖို့ ကတိပေးပါတယ် ..."

"အဲ ... ခြင်းချက်တော့ ကျုပ် ပေးထားမယ် ... ကျုပ်ကို





တိုင် ဒီကို ပြန်မလာနိုင်လို့ ကျုပ်ကိုယ်စား ကျုပ်ကိုယ်စား
လှယ်လာရင်တော့ ဦးဖိုးထွား ဖွင့်ပြောပါ ... အဲဒီ ကိုယ်စား
လှယ်ကို ဦးဖိုးထွား အကူအညီပေးပါ ..."

"ရတာယ် ဆရာ ... အဲဒီ ကိုယ်စားလှယ်ဟာ ဆရာ့ရဲ့ကိုယ်
စားလှယ် မှန်ကန်ကြောင်း ဆရာက စာရေးပေးလိုက်မှာ
လား ..."

"စာရေးပေးတာ မခိုင်မာပါဘူး ... လက်ရေးတုနဲ့ ရေးလည်း
ရတာပဲ ... ကျုပ်ကိုယ်စားလှယ်က ဦးဖိုးထွားကို အခု ကျုပ်
ပြောပြမဲ့ လျှို့ဝှက်စကား ပြောလိမ့်မယ် ... နောက်ပြီး
ကျုပ် ကိုယ်စားလှယ်က ဒီလိုလက်ဟန်ခြေဟန်တွေ လုပ်
ပြမယ် ... အဲဒီ လျှို့ဝှက်စကားနဲ့ လျှို့ဝှက်သင်္ကေတဟန်ပန်
ဟာ ကမ္ဘာပေါ်မှာ ကျုပ်ရယ်၊ ဦးဖိုးထွားရယ်၊ ကျုပ် လွှတ်
လိုက်တဲ့ ကိုယ်စားလှယ်ရယ်၊ သုံးဦးသာသိတဲ့ လျှို့ဝှက်
ချက်ပဲ၊ တခြား ဘယ်သူမှ မသိဘူး ..."

ယင်းစကားတွေမှာ ဦးကိုကိုက ဦးဖိုးထွားကိုနောက်
ဆုံးပြောသွားသော စကားလျှို့ဝှက် ဖြစ်ပါ၏။

ထိုကတိကို ဦးဖိုးထွားက ရင်ထဲတွင် အခိုင်အမာ



www.burmeseclassic.com

www.burmeseclassic.com



ထားရှိသောကြောင့် ယခုလွင်ဦးက ဘယ်လိုမေးမေး မပြောခြင်
ဖြစ်သည်။

အဲ ... တခြား လုပ်စရာရှိသည်များကိုတော့ ကျေးဇူ
ရှင် ဦးကိုကို၏သားဖြစ်နေသောကြောင့် ဦးဖိုးထွားက လုပ်ပေ
သည်။

လွင်ဦး သီတဂူကို ရောက်လာပြီး ညနေဘက်တွင်
လားရှိုးမှ ဝင်လာမည့် ဘတ်(စ်)ကားတွင် အောင်သပြေ ပါလာ
မည်။ အောင်သပြေ၏ဓာတ်ပုံကိုပါ လွင်ဦးက ဦးဖိုးထွားကို ပေးပြ
သည်။

အောင်သပြေ သီတဂူသို့ လာခြင်းသည် သူ၏ဒက်ဒီ
ဦးကိုကို မသေမီက အောင်သပြေနှင့် ဆက်သွယ်လုပ်ခဲ့သော လုပ်
ငန်းကြောင့် ဖြစ်ရမည်ဟု လွင်ဦး တွက်ထားသည်။ သီတဂူတွင်
အောင်သပြေကို မျက်ခြေမပြတ် ကြည့်ရမည်။

ထို့ကြောင့် မျက်ခြေမပြတ် မြင်တွေ့နိုင်စေရန် ဦးဖိုး
ထွားထံ အကူအညီတောင်းသည်။

ဦးဖိုးထွားက ရွှေဘုံနန်း ဟိုတယ်ပိုင်ရှင်အပေါ်တွင်
ဩဇာညောင်းသည်။



ထို့ကြောင့် ...

အိုကေနိုင်ကို တည်ကြက်အဖြစ်သုံးကာ အောင်
သပြေကို ရွှေဘုံနန်းဟိုတယ် တည်းခိုဆောင်သို့ ရောက်ရှိလာအောင်
ချူးသွင်းခေါ်ယူလာခဲ့ခြင်း ဖြစ်ပေတော့သည်။

ဤသည်ပင်လျှင် အောင်သပြေ ရွှေဘုံနန်းဟိုတယ်
တည်းခိုခန်းသို့ ရောက်လာတည်းခိုခြင်း ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အိကေခိုင်နှင့် ဒေါင်သပြေ

"အိကေခိုင် ... ဘဘထွားနိုင်းတာ အဆင်ပြေတယ် မဟုတ်လား ..."

"ပြေပါတယ် ဘဘထွား ... အခု သူ ရွှေဘုံနန်းတည်းခိုဆောင်အမှတ်( ... )မှာ ရောက်နေပါပြီ ... အစွန်ဆုံးဘေးဆုံးအခန်းပါ ..."

"ရွှေဘုံနန်းကိုပါအောင်ခေါ်ခဲ့ရတာ အိကေခိုင်မှာ အခက်အခက် ရှိလား ..."

"မရှိပါဘူး ... ချောချောမောမောပါပဲ ..."

"ဒါပေါ့ ... ဒါပေါ့ ... ငါ့မြေး အိကေခိုင်က တကယ်ချော





တကယ်လှတာပဲဟာ ..."

လွင်ဦးက ဝင်မေးသည်။

"အိကေခိုင်ကို ဒီကောင်က တကယ်ပဲ ပရိတိုကို မလေးချည်ကြိုမလေးလို့ ယုံကြည်သလား ... ယုံကြည်ပုံရရဲ့လားလို့ပါ"

အိကေခိုင်က လွင်ဦး မေးသည်ကို မဖြေဘဲ ဘဘထွားကိုသာ လှမ်းကြည့်သည်။

"ဖြေလိုက်ပါ ငါ့မြေး ... ဒီအလုပ်ကို ဒီလွင်ဦးကပဲ လုပ်ပေးစေချင်လို့ ဘဘထွားက ငါ့မြေးကို နိုင်းရတာပါ ..."

ဦးဖိုးထွားက ဝင်ပြောမှ အိကေခိုင် ဖြေသည်။

"သူက အိကေခိုင်ကို ရွှေဘုံနန်းရဲ့ချည်ကြိုလို့ ယုံကြည်ပုံရပါတယ် ..."

လွင်ဦး လက်ဖျောက်တီးလိုက်သည်။

"ဒါဆိုရင် သိပ်ဟန်ကျတာပေါ့နော် ဦးဖိုးထွား ... အိကေခိုင်နဲ့သူ အတူသွားရင် သူ ဘယ်နေရာသွားတယ် ... ဘာတွေလုပ်တယ်ဆိုတာ သိနိုင်တာပေါ့ ... ဒါ့အပြင် အဲဒီကောင်က အိကေခိုင်ကို သိတဂူမှာ သွားဖို့လာဖို့အတွက် လမ်းပြဂိုက်အဖြစ် ထပ်မခေါ်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



“ခေါ်ပါတယ် ...”

“ဒါဆို ဒီကောင် ဘယ်သွားတယ် ... ဘာလုပ်တယ်ဆိုတာ အိကေနိုင်က တို့ကိုပြန်ပြောပြ ... နောက်ပြီး ဒီကောင် သီတဂူကို ဘာကြောင့်လာတယ်ဆိုတာ အိကေနိုင်က ဒီကောင့်ကို အစ်အောက်မေးပြီး တို့ကိုပြန်ပြောပြ ...”

“ဟင့်အင်း ... အဲဒီအလုပ်ကို အိကေနိုင် မလုပ်တော့ဘူး၊ အိကေနိုင် နောက်ထပ်မလာတော့ဘူးလို့ဘဲ သူ့ကို ပြောခဲ့တယ် ... သူကတော့ နက်ဖြန်မနက်(၈)နာရီအထိ အောက်ထပ်မှာ ကော်ဖီသောက်ရင်း စောင့်မယ်တဲ့ ... အိကေနိုင် မလာရင် သူဟာသူ ကြုံသလိုသွားမယ်တဲ့ ... အိကေနိုင် မသွားတော့ဘူး ... သူဟာသူသွားပလေ့စေတော့ ...”

“ဘာလို့ အိကေနိုင် မသွားရမှာလဲ ... တို့က သွားပေးပါ ဆိုရင် အိကေနိုင် သွားပေးရမှာပေါ့ ... ဒီမယ် ဦးဖိုးထွား၊ အိကေနိုင်ကို ပြောပေးပါဦးဗျာ ...”

“မင်း ဖြည်းဖြည်းပြော ... မောမယ် လွင်ဦး ...”

ဦးဖိုးထွားက အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။





“နက်ဖြန် ငါ့မြေး အိကေနိုင် အောင်သပြေနဲ့ လိုက်သွားပါဆိုတာက နောက်ထပ် အလုပ်တစ်ခုပဲလေကွာ ... ဒီနေ့ အိကေနိုင်ကို ဆောင်ရွက်နိုင်းတဲ့အလုပ်က သူ့ တာဝန်ကျေကျေ လုပ်ပြီးသွားပြီ ... ဒီနေ့လုပ်ဆောင်ခ မင်းက အိကေနိုင်ကို ငွေတစ်သောင်းပေးရမယ် လွင်ဦး ...”

“ဩော် ... ဒါလား ... သိပ်ရတာပေါ့ ဦးဖိုးထွားရယ် ... ဒါဆို နက်ဖြန် ဒီကောင်နဲ့ အိကေနိုင်လိုက်သွားဖို့ ကျွန်တော်က နောက်ထပ် ငွေတစ်သောင်းထပ်ပေးမယ် ... အားလုံး နှစ်သောင်းပေါ့ ... ဦးဖိုးထွား ကြည့်ပြောပေးဦးဗျာ ... အိကေနိုင်က ဆက်ပြီးလုပ်ချင်ပုံ မရဘူး ...”

ဦးဖိုးထွားဟာ အိကေနိုင်ဘက်သို့ လှည့်ပြောလိုက်ပါ၏။

“ငွေဘယ်လောက်ရရပေါ့ ငါ့မြေး၊ အိကေနိုင်ရဲ့ ကာယိဣန္ဒြေကို ထိပါးလာတယ်ဆိုရင်တော့ မလွယ်ဘူး ... ဘဘထွားကို အမှန်အတိုင်းပြောစမ်း ... ရွှေဘုံနန်းကို အပါခေါ်တဲ့ ကိစ္စမှာ ဒီကောင်အောင်သပြေဆိုတဲ့ကောင်က အိကေနိုင်ကို ထိကပါး ရိကပါး လုပ်သလား ... ဘဘထွားကိုပြော”



www.burmeseclassic.com

www.burmeseclassic.com



"အာ … ဘဘထွားထင်သလို လုံးဝမဟုတ်ဘူး … အဲဒီ ကိုအောင်သပြေဆိုတဲ့လူဟာ သိပ်ထိန်းသိမ်းတတ်မှန်း အိကေခိုင် အကဲခတ်လို့ရခဲ့ပါတယ် … တည်တည်ခန့်ခန့်လူ စားပါ ဘဘထွား …"

"ဒါဆို အိကေခိုင် ငါ့မြေးက ဘာလို့ ဆက်မလုပ်ချင်တာလဲ၊ အိကေခိုင်မှာ ရန်ကုန်ဆင်းပြီး အဆိုတော်ဖြစ်ချင်တဲ့ဆန္ဒနဲ့ ရည်ရွယ်ချက်ရှိနေတယ် မဟုတ်လား … ရန်ကုန်ဆင်းတဲ့ အခါ အိကေခိုင်မှာ ငွေထုပ်ပါသွားဖို့ လိုတယ် … နင့်အဖေ အုန်းမြိုင်အတွက်လည်း ငွေထားခဲ့ပေးဖို့လိုမယ် …"

အိကေခိုင် မသိမသာ သက်ပြင်းချမိသည်။

"အိကေခိုင်တစ်ခု မေးချင်တယ် ဘဘထွား …"

"မေးချင်မေးပေါ့ဟာ …"

"ဘဘထွားတို့ ကိုအောင်သပြေကို ရွှေဘုံနန်းအရောက် ခေါ်စေတာရော အိကေခိုင်ကဆက်ပြီး နက်ဖြန်လိုက်သွားစေချင်တာရောဟာ အဲဒီ ကိုအောင်သပြေကို ဘဘထွားတို့ အန္တရာယ်တစ်ခုခု ပေးဖို့လားဟင် … အန္တရာယ်ပေးနိုင်ဖို့ ဒီလောက်ငွေတွေ အကုန်ခံပြီး အိကေခိုင်ကို လိုက်ခိုင်းတာ





လား …"

အိကေခိုင်က ပြန်မေးသော မေးခွန်း၊ အိကေခိုင်၏ မျက်နှာတွင် ပေါ်လွင်နေသော အမူအရာ၊ အိကေခိုင်၏ထားရှိသော ကရုဏာအသံတို့ကို လွင်ဦးက အကဲခတ်ပြီး ဒီကောင်မလေး အိကေခိုင်သည် မကြာသေးခင်ကမှ စတင်တွေ့ဆုံသော အောင်သပြေ ၏ အပေါ်၌ သံယောဇဉ်စိတ်ကလေး ရှိသွားပုံရသည်ဟု အကဲခတ်မိလိုက်သည်။

လွင်ဦး စိတ်ထဲတွင် မနာလိုဝန်တိုစိတ်ပင် ဖြစ်မိသည်။

အောင်သပြေဆိုလျှင် အမျိုးသမီးတွေက နှစ်သက်လွယ်ကြသည်။

ရန်ကုန်က ကျောင်းဆရာမလေး 'ဗိုင်း' ဆိုလျှင် အောင်သပြေအတွက် တရားခွင်လူပုံအလယ်တွင် သူမအိမ်၌ အောင်သပြေအတူ ရှိနေပါသည်ဟု ကျမ်းကျိန်ထွက်ဆိုခဲ့သည်။

လွင်ဦး ရယ်သွမ်းသွေးရင်း ပြောလိုက်သည်။

"အိကေခိုင်လည်း ပွတာတ်ရန်ကော … အောင်သပြေကို တို့က ဘာလို့ အန္တရာယ်ပေးရမှာလဲ … ဒီကောင်နဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စုံစမ်းစရာရှိလို့ သီတဂူမှာ သူ ဘာတွေလုပ်တယ်ဆိုတာ သိချင်တာ သက်သက်ပါ ... သူ့ကို ကျန်းမာပါစေလို့တောင် တို့က ဆုတောင်းပေးရဦးမှာ ... သူ တစ်ခုခုဖြစ်လို့ ဘာမှ မလှုပ်ရှားဘဲ အိပ်ရာမှာလဲနေရင် တို့ သိချင်တာလေးတွေ တောင် သိရမှာ မဟုတ်ဘူး ... စိတ်ချ ... တို့နဲ့ ပတ်သက်ပြီး အောင်သပြေမှာ ဘာအန္တရာယ်မှ မရှိစေရဘူး အိကေနိုင် ဒါပေမဲ့ တို့တစ်ခုပြောမယ် ... ဒီကောင်က ရုပ်ဖြောင့်တယ် ကိုယ်ခန္ဓာအချိုးအဆက် ကြည့်ကောင်းတယ် ... အဲဒီ ဒီ ကောင့်အရည်အသွေးတွေက မိန်းကလေးတွေကို လှည့်ဖြား နိုင်စွမ်းရှိတယ် ... ”

“ဟင့်အင်း ... အဲဒီလို အိကေနိုင် လုံးဝမထင်ဘူး၊ ကိုအောင် သပြေဟာ တည်ကြည်တယ် ... သိက္ခာရှိတယ် ... စောင့် စည်းတယ် ... စကားပြောလည်း အိညောင်အိညောင် မပြောတတ်ဘူး ... တိုတိုပြတ်ပြတ်ပဲ ပြောတတ်တယ် ... မိန်းကလေးတွေအပေါ်မှာ အခွင့်အရေးယူတတ်တဲ့ အရိပ် အကဲ လုံးဝမရှိဘူး ... ”

“အိကေနိုင်က အဲဒီလို ဘာလို့ပြောနိုင်တာလဲ ... သူနဲ့ တွေ့





တာ နာရီပိုင်းပဲ ရှိသေးတာ ... ”

“သိပ်ပြောနိုင်တာပေါ့ ... ဂျစ်ကားရှေ့ခန်းမှာ အိကေနိုင်ပါ သုံးယောက်ထိုင်ခဲ့ရတယ် အိကေနိုင်ကို အသားချင်းထိရင် အခွင့်အရေးယူတယ် ထင်မှာစိုးလို့ တစ်လမ်းလုံး ရွှေဘုံနန်း ရောက်တဲ့အထိ သူ့ကိုယ်တစ်ခြမ်း အပြင်ထုတ်ပြီး စီးခဲ့တာ အိကေနိုင် ကိုယ်တွေ့မျက်မြင်ပဲ ... နောက်ပြီး ကိုအောင် သပြေရဲ့ ဥပမိရုပ်မျိုးဟာ ကိုယ်ကျင့်တရားကောင်းတဲ့ ရုပ် မျိုး ... ”

“အဲဒါတွေဟာ ဒီကောင်ရဲ့အရည်အချင်းတွေပဲ အိကေနိုင်၊ ဒီကောင်က မိန်းကလေးတွေအပေါ်မှာ တွေ့တွေ့ခြင်း အဲဒီ ပုံမျိုး ပေးလိုက်တယ် ... အဲဒီပုံကို မြင်တွေ့ပြီး မိန်းကလေး တွေက သူ့ကို သဘောကျစေတယ် ... သဘောကျလာမှ ဒီကောင်က အဲဒီ မိန်းကလေးကို ဖမ်းစားတာ ... ရန်ကုန် မှာ ဒီကောင့်ကိုနှစ်သက်တဲ့ ဘီအီးဒီဘွဲ့ရ ကျောင်းဆရာမ လေးတစ်ယောက်ဆိုရင် ဒီကောင် လူသတ်မှုက လွတ်သွား အောင် အရှက်နဲ့ သိက္ခာကို မငဲ့ဘဲ ဒီကောင် လွတ်ဖို့ သက် သေထွက်ဆိုပေးခဲ့တဲ့အထိ ဒီကောင် ဖမ်းစားတာမှ မိသွား



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ”

“ကိုအောင်သပြေဟာ တို့ဒက်ဒီ ဦးကိုကို့ကို သတ်ခဲ့တယ်။ သူ့ကို လူသတ်မှုနဲ့ ရုံးတင်တော့ ဗိုင်းဆိုတဲ့ ခုနပြောတဲ့ ကျောင်းဆရာမလေးက ... ဒီကောင်အမှုက လွတ်အောင် ကယ်ထုတ်သွားတယ် ... ”

လွင်ဦးက အောင်သပြေ လူသတ်မှု ဖြစ်ပွားခဲ့ပုံတို့ကို အိကေနိုင်အား ပြောပြလိုက်ပေတော့သည်။

“အဲဒါပဲ ... အိကေနိုင် ... ဒီကောင် လူသတ်မှုက တရားသေလွတ်တာနဲ့ သီတဂူကို တန်းလာခဲ့တာဟာ သူ့မှာ အကြံအစည်တစ်ခုခု ရှိလို့ပဲ ... တို့မှန်တာပြောရရင် တို့ ဒက်ဒီကို သတ်မှုက ဒီကောင်တရားသေလွတ်သွားတာ တို့ မကျေနပ်ဘူး ... ဒါကြောင့် ဒီကောင် တို့ ဒက်ဒီကို သတ်ခဲ့ကြောင်း နိုင်နိုင်မာမာ သိချင်လို့ သူ့နောက်ကို တို့ လိုက်လာတာ နိုင်နိုင်မာမာ တွေ့တာနဲ့ ဒီကောင့်ကို တရားရုံးမှာ ပြန်တင်ပြချင်လို့ ... အဲဒါကလွဲပြီး ဒီကောင့်ကို တို့ ဘာအန္တရာယ်မှ မပေးဘူး ... စိတ်ချ အိကေနိုင် ... ဒီကောင့်မှာ အန္တရာယ်တစ်ခုခုဖြစ်ရင်တောင် ရဲက တို့ကပဲ မခံချင်စိတ်ကြောင့်





အန္တရာယ်ပြုတာလို့ အထင်ခံရမှာကြောက်လို့ သူ့ကို ဘာအန္တရာယ်မှ မဖြစ်အောင် စောင့်ရှောက်ပေးရမဲ့ အခြေအနေပဲ ... ကဲ ... ဒီတော့ အခု အိကေနိုင် ငွေနှစ်သောင်းယူပါ ... နက်ဖြန် သူ့နဲ့အတူ လိုက်သွားပေးပါ အိကေနိုင်”

အိကေနိုင် ခေါင်းညိတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## မန်နေဂျာနှင့် ရဲအုပ်တွေ့ဆုံခြင်း

ရဲအရာရှိ အောင်ကျော်မင်း၊ အိမ်ထဲသို့ ဝင်ရောက်လာသည်ကို အထွေထွေမန်နေဂျာ ဦးစောရွှေ ထိတ်ခနဲ ရင်ခုန်သွားသည်။

"ဩ ... ကိုအောင်ကျော်မင်းပါလား ... မလာစဘူး ... ကျွန်တော့်ဆီအလာထူးသလားလို့ ထိုင်ပါ ... ဖြုန်းခနဲ ဝင်လာတာတွေ့တော့ ကျုပ် ထိတ်ခနဲ ရင်ခုန်သွားတယ်ဗျာ"

"ကျွန်တော်လာတာ တွေ့တာနဲ့ ဦးစောရွှေက ဘာလို့ ရင်ခုန်တာလဲ ..."





"ကျုပ် မဖြေတတ်တဲ့ မေးခွန်းတွေ ထပ်ပြီး မေးဦးမှာလားလို့ ရင်ခုန်တာပါ ... ခက်တာက ကျုပ် သိတာက နည်းနေပြီး ... ကိုအောင်ကျော်မင်းတို့ ဥပဒေသမားတွေ မေးတဲ့မေးခွန်းတွေက များလွန်းနေတယ် ... တရားခွင်မှာတုန်းကလည်း တရားခံအကျိုးဆောင်ရှေ့နေ ဦးမင်းသူမေးတာတွေ ကျုပ် ဖြေတာကို ဒေါ်မိမိကြီးနဲ့ သူ့သား လွင်ဦးက ကျုပ်ကို မကျေနပ်ကြဘူးလေ ... မတတ်နိုင်ဘူးဗျာ ... ကျုပ်က ကျမ်းကိုင်ပြီး အစစ်ခံရတာဆိုတော့ ကျမ်းစူးမှာကြောက်လို့ အမှန်အတိုင်းပဲ ထွက်ဆိုတာ ..."

"အဲဒါတွေ ပြီးသွားပြီပဲ ဦးစောရွှေ ... တရားခံကိုတောင် တရားရုံးက တရားသေလွှတ်လိုက်ပြီပဲ ... ဒါတွေထားလိုက်ပါတော့ ... အခု ကျုပ်လာတာက ဦးကိုကိုရဲ့ ဘဏ်အပ်ငွေကိစ္စအတွက်ပဲ ... ကျွန်တော့်စိတ်ထဲ မကျေနပ်လို့ အမှုပြီးသွားပြီးတဲ့နောက် ဦးကိုကိုအပ်တဲ့ ဘဏ်ကိုသွားပြီး မေးမြန်းစစ်ဆေးကြည့်တယ် ... ဦးကိုကိုဟာ လွန်ခဲ့တဲ့ သုံးလလောက်က ဘဏ်အပ်ငွေထဲက သိန်းကိုးဆယ် ထုတ်သွားတာ တွေ့ရတယ် ... ထုတ်ယူသွားပြီးတဲ့နောက် သေဆုံးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ ဘဏ်မှာငွေထပ်မအပ်ဘူးတဲ့ ... အဲဒါနဲ့ ပတ်သက်ပြ
ဦးစောရွှေ သိသလောက် ပြောပြပါလား ... ”

“ပြောပြရရင် ငွေစာရင်း ဘဏ်စာရင်းကို ဦးကိုကိုက သ
ဟာသူ ကိုင်တယ် ... ကျုပ်ကို လွှဲအပ်မထားဘူး ... သ
သေဆုံးသွားမှ သူ့ဘဏ်စာရင်းကို ဒေါ်မိမိကြီးက စစ်နိုင်
ကျွန်တော် စစ်ဆေးခွင့်ရပြီး စစ်ဆေးတာ ... ငွေသိန်းကို
ဆယ်စာရင်း အဝင်သာရှိပြီး အထွက်ပြမထားတာ တွေ့
တယ် ကိုအောင်ကျော်မင်း ... ”

“ဒါဆို သိန်းကိုးဆယ် ငွေတွေဘယ်ရောက်သွားသလဲဦးစော
ရွှေ ... ”

“ဟာ ... ကျုပ် ဘာသိနိုင်မှာလဲ ... သူ့ဇနီးနဲ့ သူ့သားတော်
မသိတာချည်း ဒီစာရင်းမပေါ် ပျောက်နေတဲ့ ငွေသိန်းကိုး
ဆယ်ကြောင့်ပဲ ... သားအမိနှစ်ယောက် ခေါင်းမီးတောက်
ပျာယာခတ်နေတာ ... ကဲ ... ကျွန်တော်ကပဲ ကိုအောင်
ကျော်မင်းကို ပြန်မေးပါရစေ ... ”

“မေးပါ ... ”

“အမှုက ပြီးသွားပြီပဲ ... ကိုအောင်ကျော်မင်း ဘာလို့ ဆက်





လိုက်နေတာလဲဗျာ ... ”

မေးသင့်တဲ့ မေးခွန်းပဲ ... အနီးကပ်ဆုံး ဥပမာပေးရရင် ဖဲရှုံး
သွားတာကို ခံပြင်းတဲ့ ဖဲသမားလိုပေါ့ဗျာ ... ကိုယ်က ကိုး
ရရဲ့သားနဲ့ တစ်ဘက်က ကုဇသားသုံးကောင်နဲ့ အနိုင်ယူသွား
တာကို ခံရသလိုပဲ ... ကျွန်တော် သေချာလိုက်ထားတဲ့
အမှုဖြစ်ပါလျက်နဲ့ ဘာလို့ အမှုရှုံးရသလဲဆိုတာကို မကျေနပ်
လို့ ထပ်ပြီး စုံစမ်းနေတာ ... ”

လူမနောအရ ဖြစ်တတ်သော သဘောပဲဟု ဦးစော
ရွှေ ခေါင်းညိတ်ပါ၏။

ရဲအုပ်ကိုအောင်ကျော်မင်းကဆက်၍ ပြောပြသည်။

“တရားခံ အောင်သပြေကို ရုံးပြန်တင် စစ်ဆေးစေချင်တဲ့
အာဃာတစိတ်မျိုး ကျွန်တော့်မှာ မရှိရိုး အမှန်ပါ ... တရား
ရုံးတော်က ဆယ်ရာခိုင်နှုန်း မှန်ကန်ပါတယ် ... ဦးကိုကို
အသတ်ခံရတာကလည်း မှန်နေတယ် ... ဒါဆို ဦးကိုကိုကို
အောင်သပြေသတ်တာ မဟုတ်ဘူးဆိုရင် တခြား ဘယ်သူ
က သတ်တာလဲ ... တခြား လူသတ်သမား ရှိကိုရှိရမယ်၊
ကျုပ်က ဝါသနာကြောင့် ရဲအဖွဲ့ဝင်ခဲ့တာပါ ... အခု ဦးကိုကို



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရတယ် ... ကျုပ်က အကြောင်းအချက် အမျိုး
တွေ စစ်ဆေးရှာဖွေပြီးမှ ရုံးတော်ကို တင်ပြတယ် ...
တော်က ဦးကိုကိုကို အောင်သပြေသတ်တာ မဟုတ်
ဆိုပြီး တရားသေ လွှတ်လိုက်တယ် ... ဒါကြောင့် ဦးကိုကို
တခြား ဘယ်သူသတ်တာလဲဆိုတာ ဆက်စုံစမ်းတဲ့သဘော
ပါ ... ”

“ဒါဆို ကျုပ် ထပ်မေးမယ် ... ဦးကိုကိုကို အောင်သ
မသတ်ဘူးဆိုတာ ကိုအောင်ကျော်မင်း လက်ခံတယ်
ဟုတ်လား ... ”

“ပြောပြီးကောဗျာ ... တရားရုံးတော်က စီရင်ချက်ဟာ
အမှားမရှိတတ်ပါဘူးလို့ ... ဒီတော့ ဦးစောရွှေ ကျွန်တော်
ကို တစ်ခုပြောပြစမ်းပါ ... ကျွန်တော် သိချင်တာက ဦးကို
ကို မသေဆုံးမီက သူတို့မိသားစု သုံးယောက် ဆက်ဆံပုံကို
ပါ ... ”

“ဦးကိုကိုဟာ မသေမီက ဇနီးဒေါ်မိမိကြီး သားလွင်ဦးတို့
နဲ့ အဆင်ပြေရဲ့လား ... သူတို့ အိမ်ထောင်ရေး အဆင်ပြေ
ရဲ့လား ... သူတို့အိမ်ထောင်ရေး သာယာရဲ့လား ဦးစော





ရွှေ ... ”

“အိမ်ထောင်ရေး သာယာတယ်၊ မသာယာဘူးဆိုတာက ဦးကိုကို မိသားစုမှာ ပြောရခက်တယ် ကိုအောင်ကျော်မင်း၊ သူတို့ မိသားစုဟာ ခွန်းကြီးခွန်းငယ် အော်ဟစ်မကျေနပ်ပဋိပက္ခမျိုးတော့ မရှိဘူး ... တစ်ခါမှ ကျုပ် မတွေ့ဖူးဘူး၊ ဒါပေမဲ့ ဇနီးဒေါ်မိမိကြီးနဲ့ သား လွင်ဦးဟာ ဦးကိုကိုက သူတို့ကို မတိုင်ပင်ဘဲ လုပ်ချင်ရာလုပ်နေတာကိုတော့ ကျေနပ်ပုံ မရကြဘူးလို့ဘဲ ကျုပ် ပြောရမှာပဲ ... ”

“အင်း ... ဆက်ပြောပါ ဦးစောရွှေ ... ”

“ပြောရရင် သားလွင်ဦးက ‘အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘူး ... ကြွကြွရွရွနဲ့ ဘော်ကြော့ နေတာမျိုးကိုလည်း ဦးကိုကို နှစ်သက်ပုံ မရဘူး ... ကျောင်းထားတာလည်း စာမသင်ချင်တော့ဘူးဆိုပြီး တက္ကသိုလ်ဒုတိယနှစ်စမှာပဲ ကျောင်းကထွက်ပြီး အိမ်မှာ ဘော်ကြော့နေတယ်၊ ဒေါ်မိမိကြီးက သူ့သား ကျောင်းဆက်မနေရင် ဦးကိုကိုရဲ့ လုပ်ငန်းထဲမှာ ထည့်သုံးစေချင်တယ် ... ဦးကိုကိုက သားလွင်ဦးကို လုပ်ငန်းထဲမှာ ထည့်သုံးရင် အကျိုးပိုမဖြစ်ထွန်း

www.burmeseclassic.com



တဲ့အပြင် အကျိုးပိုယုတ်မယ်ဆိုတဲ့ အမြင်နဲ့ ထည့်မသုံးဘူ
လွင်ဦး သုံးဖို့ခွဲဖို့ မှန်ဖိုးဆိုပါတော့ ... အဲဒါကိုတော့ လ
မှန်မှန်ပေးတယ် ... ဒါကို ဒေါ်မိမိကြီးရော လွင်ဦးရော 
နပ်ပုံ မရဘူး ... လွင်ဦးကလည်း အိမ်မှာနေရတာ စိ
ညစ်တယ်ဆိုပြီး သွားချင်ရာလျှောက်သွားနေတယ် ... အ
တောင် လားရှိုးကိုဆိုလား ... လွင်ဦး လေယာဉ်နဲ့ သွား
သေရဲ့ ကိုအောင်ကျော်မင်း ... ”

“ဗျာ ... လားရှိုးကို လွင်ဦး ထွက်သွားတယ် ဟုတ်လား”

“အင်းလေ ... ကနေ့မနက်စောစောလေယာဉ်နဲ့ လွင်ဦး လားရှိုးကို သွားပြီ ... ”

ဦးစောရွှေက ဆက်ပြောပြသေးသည်။ ဦးကိုကို သေဆုံးသွားပြီးနောက် လုပ်ငန်းတွေကို ဒေါ်မိမိကြီး ဘာမှကစလုပ်ရမှန်း မသိ ယောင်ချာချာ ဖြစ်နေကြောင်း သားလွင်ဦးကလည်း အားကိုးလို့ မရကြောင်းတွေ ပြောပြသည်။

အောင်ကျော်မင်းက ဒေါ်မိမိကြီးအကြောင်း စိတ်မဝင်စားတော့ပေ။

ယနေ့နံနက်စောစောလေယာဉ်နှင့် လွင်ဦး လားရှိုး





လိုက်သွားသည်။ ယနေ့ လားရှိုးသို့ထွက်သည့် ဟီးနိုးကားနှင့်ပင် အောင်သပြေလည်း ပါသွားသည်။

လွင်ဦး ဘာလို့ လားရှိုးသွားသနည်း။

အောင်သပြေကော ဘာလို့ လားရှိုးကိုသွားသနည်း။

ရဲအုပ်အောင်ကျော်မင်း ဦးစောရွှေကိုပင် နှုတ်မဆက်ဘဲ ရဲစခန်းသို့ ပြန်လာခဲ့သည်။

ရဲစခန်းမှ ဖုန်းဖြင့် လားရှိုးရဲစခန်းသို့ အောင်ကျော်မင်း ဖုန်းဆက်လိုက်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ရဲအုပ်အောင်ကျော်မင်းသည် သူ့အလွန် ဝါသနာထက်သန်သော ရဲအမှုလိုက်လုပ်ငန်းကြောင့် ဆက်လက်စုံစမ်းနေသော်လည်း ဦးကိုကို၏အမှုမှာ တရားရုံးမှ တရားသေ လွှတ်စီရင်ချက်ချပြီးပြီမို့ အောင်ကျော်မင်းတွင် လုပ်ပိုင်ခွင့် မရှိပါပေတော့။

သို့သော် ဦးကိုကိုအား သတ်သူ အစစ်အမှန်ကို သိလိုသောကြောင့်သာ ဆက်လက်စုံစမ်းနေခြင်း ဖြစ်သည်။ အမှုလိုက်မဟုတ်တော့သဖြင့် တာဝန်ဖြင့် လားရှိုးသို့ လိုက်ပိုင်ခွင့်မရှိ၍ ဖုန်းဆက်ရခြင်းပါပေ။





## အိကောရိုင်နှင့်ပြန်လည်တွေ့ဆုံခြင်း

"ဘာသုံးဆောင်မလဲဆရာ ... ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း၊ ဟောလစ် လက်ဖက်ရည် အားလုံးရတယ်ဆရာ ..."

"စားစရာကကောကွာ ..."

"ပဲပလာတာ ... ပဲနံပြား ... မန္တလေးမုန့်တီ ... ရန်ကုန်မုန့်ဟင်းခါး ... အုန်းနို့ခေါက်ဆွဲ ... ပေါင်မုန့်ထောပတ်သုတ်၊ စမူဆာ ... ကော်ပြန့်ကြော် ..."

"အေး ... တော်ပြီ ... လောလောဆည်မှာတော့ နက်(စ်)ကော်ဖီတစ်ခွက်ပဲပေးထားဦးကွာ ... စားစရာကိုတော့ ခါနောက်မှမှာမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးထွက်သွားသည်။

အောင်သပြေသည် ရွှေဘုံနန်းဟိုတယ်၏ ဝင်ထွက်ပေါက်တံခါးဆီသို့သာ ဝင်ကြည့်နေမိသည်။

"အိကေနိုင် လာမှလာပါ့မလား ..."

အမှန်တော့ အောင်သပြေသည် သီတဂူတွင် အထင်အရှားမနေသင့်။ ပုန်းလျှိုးကွယ်လျှိုးနေသင့်သည်။ မိမိနောက်တွင် နောက်ယောင်ခံလိုက်သူများ ရှိနိုင်သည်။

အစားအသောက်ကိစ္စလောက်ကတော့ မိမိအခန်းမှ အောက်ထပ်သို့ မှာယူလိုက်လျှင် စားပွဲထိုးကလာပို့ပေးမည်မှလည်း အောင်သပြေသိသည်။

သို့သော် ခုနစ်နာရီခွဲမှာပင် ရေမိုးချိုးသန့်စင် အဝတ်လဲပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။

အကယ်၍ ယနေ့နံနက်(၈)နာရီ ချိန်းထားသည့်အတိုင်း အိကေနိုင်လာလျှင်လည်း မိမိတည်းခိုခန်းအထိတော့ မချောလေးကတက်ရောက်လာမည်မဟုတ်မှန်း အောင်သပြေ သိနေသည်။

ကောင်မချောလေးသည် သူ့ကိုသူ အလွန်ထိန်း





သိမ်းမှန်း အကဲခတ်မိသည်။

ညက အောင်သပြေသည် ရန်ကုန်အကြောင်း ဝိုင်းအကြောင်း စဉ်းစားရင်း ကောင်မချောလေးအိကေနိုင်အကြောင်းကိုပါ ဆက်စဉ်းစားမိသည်။ ကောင်မချောလေးသည် အသက်ငယ်သေးသဖြင့် တစ်ခါတစ်ရံ ကလေးဆန်တာတွေတော့ရှိသည်။ ဒီကြားထဲကပင် သူမကိုယ်ကို မထိမိုက်မနစ်မွှန်းစေရန်ကိုလည်း ထိန်းသိမ်းသည်မှာ ချီးကျူးစရာပါပေ။

တကယ်တော့ အိကေနိုင်၏အရွယ်သည် ကျောင်းဆက်နေသင့်သောအရွယ်သာ ဖြစ်သည်။

ကျောင်းဆက်မနေဘဲ ပရိတ်ကို ဧည့်ကြိုလမ်းပြအလုပ် လုပ်နေသည်မှာ ကျောင်းဆက်နေနိုင်သော စွမ်းအားမရှိသောကြောင့် ဖြစ်တန်ရာသည်။

အိကေနိုင် ရုပ်ရော၊ ခန္ဓာကိုယ်ရော အရပ်အမောင်းလေးရော အလွန်လှပကြည့်ကောင်းသည်။

ရန်ကုန်မှ "ဝိုင်း"သည်လည်း အရာရာတွင် ချောမောလှပပြေပြစ်အချိုးကျသူပင် ဖြစ်ပါ၏။

ဝိုင်းကို (VERY PRETTY LADY) ဟုပြောလျှင်



www.burmeseclassic.com

အိကေခိုင်ကိုတော့ (VERY LOVELY GIRL) ဟု ကင်ပွန်းတပ်ခဲ့ကြောင်း ပြောရမလိုရှိသည်။

အိကေခိုင်၏အရွယ် အိကေခိုင်၏ရုပ်ခန္ဓာသည် သူမ ယခုလုပ်နေသော စည့်ကြို စည့်လမ်းပြ ပရိုတိုကိုအလုပ်နှင့် အန္တရာယ်ရှိနိုင်သည်။ ဤအလုပ်သည် ဧည့်သည်အား ဒေသရှိ ဘုရား အို ဘုရားပျက်များစဖြီး လိုက်ပြ ရာဇဝင်ကြောင်းပြောပြရသည့်မို့ ချောင်ကြို ... ချောင်ကြား လူပြတ်ရာနေရာများသို့ သွားရောက်ရခြေမည်။ ဤမှာပင် အန္တရာယ်တွေ့နိုင်သည်။

အိကေခိုင်သည် သနားစရာ ငွေကြေးနွမ်းပါးမှုရှိသည်။

မိမိကို မနေ့က ဧည့်ကြိုရာတွင် ကျောင်းသူဘဝက ဝတ်ဆင်သော အင်္ကျီဖြူ ထဘီစိမ်းလေးနှင့်သာဖြစ်သည်။ ရွှေဆို၍ သူမ၏နားပေါက်တွင် ဝတ်ဆင်ထားသော ရွှေနားကွင်းလေးသာ တွေ့ရှိသည်။ ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေဆွဲကြိုးစသည်တို့ကို မတွေ့ရ။ လိုအပ်သော လက်ပတ်နာရီ ရွှေရောင်လေးတစ်လုံးသာ ကြိုးအမည်းလေးနှင့် ပတ်ထားသည်ကိုတွေ့ရသည်။

အိကေခိုင်၏အလှမှာ ပကတိအရှိအတိုင်းလှခြင်းမျိုး





သာ။

စဉ်းစားရင်း အိကေခိုင်လာမည့် တံခါးပေါက်သို့ ငေးကြည့်နေမိရာ ဝင်ရောက်လာသည်ကိုမတွေ့ရဘဲ မိမိနောက်မှ အိကေခိုင်၏ အသံလေးထွက်ပေါ်လာတော့သည်။

"ဒီမှာအစ်ကို ... ကော်ဖီသောက်တယ်ဆိုတာ များသောအားဖြင့် ပူပူလေးသောက်တတ်ကြတာပါ ... အခု အစ်ကို့ ကော်ဖီတွေ အေးနေပြီ ..."

အောင်သမြေ နောက်လှည့်ကြည့်လိုက်သည်။

ချစ်စဖွယ် ကောင်မလေး အိကေခိုင်ကိုတွေ့ရပါ၏။ မနေ့က တွေ့သည်ထက် ပိုမိုလန်းဆန်းနေသည်။ ညက အိမ်ရေးဝဝ အိပ်ရသောကြောင့် ဖြစ်တန်ရာသည်။ မျက်ခွံလေးမို့နေသည်။ အသားရောင်မို့၍ ဝင်းလက်နေသည်။

အောင်သမြေက သူ့လက်ပတ်နာရီကိုကြည့်လိုက်သည်။ နံနက်(၈)နာရီတိတိပါပေ။

"ဩ ... အမိလေးက နာရီအတိအကျ ရှစ်နာရီတိတိကျမှ ရောက်လာပေသကိုး ..."

"အိကေခိုင် ငါးမိနစ်စောပြီးရောက်ပါတယ် အစ်ကို ... အဲဒီ

www.burmeseclassic.com



ငါးမိနစ်လုံးလုံး အိကေနိုင်း အဝေးက အစ်ကို့ကို လှမ်းကြည့်နေတာပေါ့ ... အစ်ကိုက ဝင်ပေါက်ကိုကြည့်လိုက် ကော်ဖီခွက်ကို ကြည့်လိုက်နဲ့ ... အိကေနိုင်တွေ့ဖ်နေသားပဲ ... ဘာလဲ ... အစ်ကိုက ကော်ဖီဆိုသည်မှာဆိုတဲ့ စာတမ်းပြုစုမလို့လား ... ”

အောင်သပြေရယ်၏။

“တို့ ခုနစ်နာရီခွဲကတည်းက အောက်ဆင်းလာတယ် ... ကော်ဖီတစ်ခွက်မှာပြီး အိကေနိုင်ကိုစောင့်နေတယ် ... စားပွဲထိုးလေး ဘယ်အချိန်က ကော်ဖီခွက်လာချသွားမှန်းတောင် မသိလိုက်ဘူး ... နေပါဦး ... တို့အပေါက်ဝကို ကြည့်နေတာ မျက်တောင်မခတ်ပါ ... အခု အိကေနိုင်ဝင်လာတာမတွေ့ရဘဲ တို့ဘေးမှာရောက်နေပါလား ... ”

“ဒါဆို ... အစ်ကိုက အိကေနိုင်လာမှာကို အောက်ကဆင်းစောင့်တာပေါ့ ဟုတ်လား ... ”

“တို့ ... အိကေနိုင်ကို ပြောခဲ့တယ်နော် ... ရှစ်နာရီအထိစောင့်မယ် ... ရှစ်နာရီကျမှ အိကေနိုင်မလာရင် ကြိုရာ သင့်ရာ ပရိုတိုကိုထည့်ပေးဖို့ မန်နေဂျာကို ပြောမလားလို့ ... ”





“ဒီလိုမှန်းသိရင် အိကေနိုင်မလာပါဘူး ... ”

“ဒါဆို တို့မျှော်နေတော့မှာပဲလို့ဆိုပြီး အိကေနိုင်လာတာပေါ့နော် ... ”

သိဘူးဟုပြောကာ ကောင်မလေး နှုတ်ခမ်းစူထားပါ၏။

အောင်သပြေက အိကေနိုင် နှုတ်ခမ်းစူနေသည့် မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

အိကေနိုင် ရင်ခုန်သွားစေပါ၏။ အစ်ကိုအောင်သပြေ၏ မိမိကိုအကြည့်ထဲတွင် မေတ္တာဓာတ်တွေပါနေသည်ကို တွေ့ရသည်။ ယင်းသို့သော အစ်ကိုလိုလူစားသည် လူသတ်သမား ဖြစ်နိုင်မည်တဲ့လား။

ဘာပဲဖြစ်ဖြစ် အစ်ကိုအောင်သပြေ၏ အကြည့်ကြောင့် မိမိရင်ထဲ နှလုံးထဲတွင် တဒိတ်ဒိတ်ခုန်သွားသည်မှာ အမှန်ပင်။

“ကဲ ... အစ်ကို သွားစရာရှိတယ်ဆိုလည်း သွားကြစို့ ... သီတဂူဟာ ကုန်းမြင့်မှာ တည်ရှိပေမဲ့ ပူချင်တဲ့အခါ နေက သိပ်ပူတာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"သွားမှာပါ ... ဒါပေမဲ့ ... မသွားခင် အိကေနိုင်က အချက်နှစ်ချက်ကို ရှင်းဦး ..."

"ရှင်းမယ်လေပြော ... ဘာအချက်တွေလဲ ..."

"ပထမအချက်က တို့ဟာ အိကေနိုင်ဝင်လာမဲ့ ဝင်ပေါက်ကိုမျက်တောင်မခတ် စောင့်ကြည့်နေတယ် ... ဒါပေမဲ့ အိကေနိုင်ဝင်လာတာမတွေ့လိုက်ရဘဲ ... တို့နောက်ကို ဘယ်လိုရောက်လာသလဲ ..."

"ရွှေဘုံနန်းရဲ့ မဟာစည်းကမ်းတစ်ခုပေါ့ အစ်ကို ... ဧည့်သည်တွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ... ရွှေဘုံနန်းအလုပ်သမားတွေဟာ ... ရှေ့ဝင်ပေါက် ထွက်ပေါက်ကြီးက အဝင်အထွက်မလုပ်ရ ... ဘေးပေါက်ကသာ ဝင်ရမည် ထွက်ရမည်တဲ့လေ ..."

"ကြီးကျယ်လိုက်တာ ..."

"ငွေပင် ငွေရင်းနဲ့ လုပ်တဲ့အလုပ်ရှင်တိုင်းဟာ ဒီလိုပဲ ကြီးကျယ်တတ်ကြတာပဲမဟုတ်လားအစ်ကို ... နောက်ဒုတိယအချက်က ဘာလဲ ... ကဲ ..."

"ဒုတိယအချက်က အိကေနိုင် လုံးဝမငြင်းရဘူး ... အစ



အိကေနိုင် စားချင်တာနဲ့ သောက်ချင်တာ မှာစားသောက်ပါ ... စားသောက်ပြီးမှ သွားကြတာပေါ့ ... ဒီမှာ ခုနစားပွဲထိုးရွတ်ပြသွားတာအများကြီးပဲ ... ပဲပလာတာ၊ ပဲနံပြား၊ မန္တလေးမုန့်တီ၊ ရန်ကုန်မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြက်ခြေထောက်စွပ် ..."

အိကေနိုင်က အသံလေးထွက်အောင် ရယ်ပေးသည်။

"ဆိတ်ခြေထောက်စွပ်ပါအစ်ကိုရဲ့ ကြက်ခြေထောက်စွပ်မဟုတ်ပါဘူး ဟင်း ... ကြက်ခြေထောက်ကိုသာစွပ်လုပ်ရင်ကြက်ခြေထောက်က အရိုးပေါ်မှာ အရေခွံပဲရှိတာ ..."

အောင်သပြေလည်း ရယ်ပါ၏။

"မှားတဲ့အခါလည်း မှားပေမပေါ့ အမိလေးရယ် ... ကဲ ... ဘာမှာမလဲ ... မှာစား ..."

"အိကေနိုင် အိမ်က ပဲပြုတ်နဲ့ထမင်းကြော်စားလာပြီးပါပြီအစ်ကို ... ဘာမှ မစားတော့ပါဘူး ..."

"မရဘူး ... တစ်ခုခုစားရသောက်ရမယ် ... တို့က စေတနာနဲ့ ကျွေးတာ ... စေတနာနဲ့ကျွေးရင် သေဆေးတောင် ကြမ်းပေါ်က တိတ်တိတ်ပစ်ရတယ်တဲ့ ... တို့က အိကေနိုင်နဲ့

www.burmeseclassic.com



မှ အတူစားသောက်မယ်ဆိုပြီး ကော်ဖီတောင်မသောက်
စောင့်နေတာ ... ”

“ဪ ... အစ်ကိုရယ် ... ”

ဘာမှ မစားမသောက်ဘဲ မိမိနှင့်မှအတူစားသော
မယ်ဆိုသော အစ်ကို၏စကားသည် အိကေနိုင်၏နှလုံးသားသို့ စိ
ဝင်သွားပြီး တစ်မျိုးလေး အိကေနိုင်ခံစားလိုက်ရပြန်သည်။

“ကဲ ... ဘာစားမလဲ ... ဘာသောက်မလဲ အိကေနိုင်”

“ရန်ကုန်မုန့်ဟင်းခါးနဲ့ ကော်ဖီပဲ စားသောက်မယ်အစ်
အိကေနိုင်က တစ်နေ့ကျရင် ရန်ကုန်မှာနေမှာဆိုတော
ရန်ကုန်မုန့်ဟင်းခါးစားတဲ့အကျင့်လုပ်ထားပါမယ်လေ _

ဒီကောင်မချောလေး ဘာကိုရည်ရွယ်ပြောပါလိမ့်
မိမိက ရန်ကုန်သား၊ ကိစ္စပြီးရင် ရန်ကုန်ပြန်မည့်သူမို့ သူမကလည်
ရန်ကုန်မှာနေရမှာဆိုသည့် အဓိပ္ပာယ်ပေပဲလား ... ။

“ဘာရယ် ... အိကေနိုင်က တစ်နေ့ကျရင် ရန်ကုန်မှာ
မယ်ဟုတ်လား ... ”

အိကေနိုင်က စကားလမ်းကြောင်း ပြောင်းလို
သည်။





“မြန်မြန်စားသောက်ပြီး သွားကြစို့ အစ်ကို ... လမ်းကျမှ
အိကေနိုင်အကြောင်း အစ်ကို့ကို ပြောပြမယ် ... အဲဒီပြော
တဲ့အထဲမှာ ဘာလို့ အိကေနိုင် ရန်ကုန်မှာ တစ်နေ့သွားနေ
မယ်ဆိုတဲ့အကြောင်း ပါလာမှာပါ ... ”

အိကေနိုင်အတွက် ရန်ကုန် မုန့်ဟင်းခါးနှင့် ကော်ဖီ
ထပ်မှာသည်။ အောင်သပြေကတော့ မန္တလေးမုန့်တီ စားပါ၏။

အိကေနိုင်သည် ရန်ကုန်မုန့်ဟင်းခါးတစ်ပွဲနှင့် နက်
ကော်ဖီတစ်ခွက် တက်တက်ပြောင် စားသောက်နိုင်ပေသည်။ သူ့
အိမ်မှ ပဲပြုတ်နှင့် ထမင်းကြော်စားလာသည်ဆိုခြင်းမှာ တကယ်မှ
ဟုတ်ပါလေစ။ ဒါမှမဟုတ် သူ၏အရွယ်လေးသည် စားကောင်း
သောက်ကောင်းအရွယ်လေးမို့ ဘာစားစား စားနိုင်သည်မျိုးလည်း
ဖြစ်နိုင်သည်။

“တို့ ကောင်တာမှာ ငွေရှင်းနေတုန်း အိကေနိုင်က ကား
ငှားထားလိုက်နော် ... ”

“အဲ ... ဂျစ်ကားငှားတာ နှစ်မျိုးရှိတယ် အစ်ကို ... ”

“ဘယ်လိုနှစ်မျိုးလဲ ... ”

“မောင်းသူအပါအဝင် ငှားတာက တစ်မျိုး ... မောင်းသူကို



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဘဲ ကိုယ့်ဟာကိုယ် မောင်းယူသွားတာက တစ်မျိုး မောင်းသူအပါငှားရင် အိကေနိုင်က နောက်ခုံမှာ ထိုင်ရမယ် ဒါဆို ရာဇဝင်ဘုရားအကြောင်းတွေ နောက်ကနေ ပြော ရင် ကားစက်သံနဲ့ လေတိုးတဲ့အသံနဲ့ အစ်ကို ကြားနိုင် မလား ...”

“ဒါဆို ရှေ့မှာပဲ သုံးယောက်ထိုင်ပေါ့ ... ရွှေဘုံနန်းကို ကား ဂိတ်ကလာတုန်းကလည်း ရှေ့မှာသုံးယောက် ထိုင်တာ ဟာ ...”

“ရှေ့မှာ သုံးယောက်ထိုင်ရင် အစ်ကိုက ကိုယ်တစ်ခြမ်း အပြင်ရောက်နေတယ်လေ ... အခုဟာက သမိုင်းဝင်ဘုရား တွေ သွားမှာဆိုရင် အကြာကြီးစီးရမှာ ... အစ်ကို ကိုယ် တစ်ခြမ်းထုတ်စီးတာ အိကေနိုင် သနားတယ် ...”

“ဒရိုင်ဘာမပါဘဲ ငှားဖို့ ... တို့မှ ကားမမောင်းတတ်တာ”

“ရန်ကုန်သားကြီး အစ်ကို ကားမမောင်းတတ်ဘူးဆိုတာ ဘယ်လိုယုံရမှာလဲ ... နောက်ပြီး အစ်ကို့ပုံစံက ရန်ကုန်မှာ ကိုယ်ပိုင်ကားနဲ့နေတဲ့ ရုပ်မျိုးပါ ...”

“အဲဒါ ဗလာချည်းကြီး ... တို့ကို အိကေနိုင် အထင်ကြီးတာ





တို့ ကားမမောင်းတတ်ဘူး ...”

“ဒါဆို ... အိကေနိုင် မောင်းမယ် ...”

“အိကေနိုင် မောင်းတတ်လို့လား ... အသက်ဆယ့်ရှစ်နှစ် ပြည့်မှ ကားမောင်းခွင့်လိုင်စင်ပေးတာနော် ...”

“ရပါတယ် ... ဦးလေးဖြိုးက အားတဲ့အခါ အိကေနိုင်ကို သူ့ဂျစ်ကားနဲ့ ကားမောင်းသင်ပေးထားပါတယ် ...”

“ဒါဆို မောင်းသူဒရိုင်ဘာမပါဘဲ ငှားလိုက်လေ ...”

“အဲဒီလို ဒရိုင်ဘာမပါ ငှားရင် နာရီနှုန်းအပြင် ဒရိုင်ဘာခကို ငွေငါးရာ ပေးရတယ် အစ်ကို ...”

“ဟ ... အဆန်းပါလား ... ဒရိုင်ဘာမမောင်းရလို့ နေခဲ့ရရင် သူ့အဖို့ ပိုပြီး သက်သာတာပဲဟာ ... နာရီနှုန်းမှာတောင် လျှော့ယူသင့်တယ် ... အခုဟာက ပိုတောင်ပေးရတာ ဘာလို့လဲ ...”

“အဲဒါကျတော့ ပြောရခက်တယ် ...”

“ဘာလို့ခက်တာလဲ ...”

“ဒီလိုအစ်ကိုရ ... ဒီကို လာကြတဲ့ တချို့စုံတွဲတွေက ကား ပေါ်မှာ လူပိုမခေါ်ချင်ဘူး ... ဒါကြောင့် မောင်းသူကို ငွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ထားခဲ့ကြရာက ဒရိုင်ဘာမပါရင် ငွေငါးရာ ပိုပေးရတာ ထုံးစံဖြစ်သွားတာ ...”

‘ဒါဆို အိကေနိုင်နဲ့ တို့က အဲဒီလိုစုံတွဲမို့လား ...

ဟု အောင်သပြေ ပြန်မေးချင်မိသည်။

သို့သော် ... အိကေနိုင် ကောင်မလေးကို ဤသို့ မမေးရက်သောကြောင့် မမေးတော့ပေ။

တကယ်တော့ ... အောင်သပြေ သွားလိုသည့်နေရာ သွားလိုမှုအဖြစ် အိကေနိုင်ကိုပင် ခေါ်မသွားချင်ပေ။ ယခု အောင်သပြေသွားရမည့်နေရာမှာ ထိပ်တန်းလျှို့ဝှက်ဖြစ်နေသည်။

သို့သော် အိကေနိုင်ကို လမ်းပြမခေါ်ဘဲ အောင်သပြေအဖို့ သီတဂူတွင် မသွားတတ် မလာတတ်သေး။

အောင်သပြေသည် သူ့စိတ်ထဲတွင် အလွတ်ကျက်မှတ်ထားသော စာတချို့ကို စိတ်ထဲကပင် ရွတ်ဆိုကြည့်လိုက်သည်။

(၁) အနီယာရှာအနီး၊

(၂) အောင်တော်မူကန်၏အရှေ့ဘက်၊

(၃) လောကဝိဒူဘုရားနှင့် ကိုက်ငါးဆယ်အကွာ၊

(၄) မွှာမောမိဘုရားပျက်၊





(၅) အုန်းသုံးပင် ဗိုခလောက်ဆိုင်၊

ဤအချက်ငါးချက်သည် ရန်ကုန်တွင် လူသတ်မှုနှင့် အဖမ်းမခံရမီကတည်းက အလွတ်ကျက်မှတ်ထားသော အချက်(၅)ချက်ပင် ဖြစ်ပါ၏။

လျှို့ဝှက်မှ တကယ့်လျှို့ဝှက်။

ညကပင် အိပ်ရာမဝင်မီ ထိုအချက် ငါးချက်ကို အောင်သပြေ နှုတ်တိုက်ပြန်ရွတ်ဆိုကြည့်ရသေးသည်။ ရွတ်ဆို၍ အလွတ်ရလေမှ ထိုငါးချက်ပါ လျှို့ဝှက်စာရွက်ကို မီးရှို့အစဖျောက်လိုက်ရသည်။

ယခု ... အိကေနိုင်နှင့်အတူ သီတဂူဘုရားတွေ လျှောက်ဖူးမည်။ သမိုင်းဝင်ဘုရားတွေ လျှောက်ဖူးမည်ဆိုခြင်းမှာ လူမြင်ကောင်းအောင် လူကြားကောင်းအောင် သတင်းလွှင့်ခြင်းသာ ဖြစ်ပါ၏။

တကယ်တမ်း အောင်သပြေ သွားရမည်မှာ ၎င်းအချက်(၅)ချက်ပါသောနေရာသို့ ဖြစ်လေသည်။

လောကဝိဒူဘုရားသို့ ပထမ သွားရမည်။ ထို ... လောကဝိဒူဘုရားမှာ ကုန်းမြင့်ပေါ်တွင် တည်ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလောကဝိဥာဉ်ဘုရား ကုန်းမြင့်ပေါ်သို့ တက်ရောက်ပြီး ကုန်းမြင့်ပေါ်မှ အုန်းသုံးပင် ဖိုခလောက်ဆိုင်ကို တွေ့ရလျှင် ကျန်အချက်တွေမှာ ရှာဖွေရန် မခက်ခဲတော့။

"လာ အစ်ကို ... ကားရခဲ့ပြီ ... ဦးလေးဖြိုးရဲ့ ဂျစ်ကားကိုပဲ ငှားလိုက်တယ် ... သူ့ဂျစ်ကားက ရွှေဘုံနန်းရဲ့ ပင်တိုင်ကားလေ ... တစ်နာရီကို ငါးရာတဲ့ ..."

"ဈေးနှုန်းမနည်းပါလား ..."

"ရိုက်စားပဲ အစ်ကို ... ရွှေဘုံနန်းမှာ တည်းခိုသူဆိုရင် ဦးလေးဖြိုးကားကလွဲပြီး တခြားကားငှားလည်း မလိုက်ကြဘူးလေ ... ဦးလေးဖြိုးကို မကျော်ရဲကြဘူး ... သူတို့ချင်းစည်းစောင့်တဲ့သဘောပေါ့လေ ... ဦးလေးဖြိုးက မာတ်ခါတစ်ဂါလံကို သုံးရာငါးဆယ်ပေးဝယ်ရတာတဲ့ ... ဒီနှုန်းမှမရရင် သူ့အတွက် မကျန်ဘူးတဲ့ ..."

အိကေခိုင်က ဂျစ်ကားသော့ကွင်းကို လက်ညှိုးကွင်းစွတ်ဝှေ့ရင်း ပြန်ပြောပြခြင်းဖြစ်သည်။

"အင်းပေါ့လေ ... တို့ကြာလည်း နှစ်နာရီတစ်ထောင်ဖိုးပေါ့လာ သွားကြစို့ ..."





ဂျစ်ကားရပ်ထားရာသို့ လျှောက်လာခဲ့ကြသည်။ အိကေခိုင်ကပင် မောင်းသူနေရာတွင် ဝင်ထိုင်သည်။ ကားသော့ကို သော့ပေါက်သို့သွင်းပြီး စက်နှိုးသည်။

အောင်သပြေက အိကေခိုင် ဘေးမှာပင် ထိုင်ရပေသည်။

စက်နှိုးသည်နှင့် အိကေခိုင်က နံပါတ်ဝမ်းဂီယာကို ထိုးသည်။ မောင်းသည်။

ဂျစ်ကားသည် ဆောင့်ဆောင့်အောင့်အောင့်နှင့်မြင်းခုန်သလို ခုန်ထွက်သည်။

"ဗုဒ္ဓေါ ..."

"ဟုတ်မှလည်း လုပ်ပါ အိကေခိုင် ... တို့ မြန်မာပြည်အနှံ့ မီးရထား၊ မော်တော်ကား၊ လေယာဉ်၊ သင်္ဘော မျိုးစုံနဲ့ ခရီးသွားခဲ့တာ ဘာမှမဖြစ်ခဲ့ဘဲ သီတဂူရောက်မှ အိကေခိုင် မောင်းတဲ့ဂျစ်ကားစီးပြီး သေတော့မှာပါဦးမယ် ..."

"ဒါတော့ ကံအကြောင်းတရားလို့သာ မှတ်ယူပေတော့ အစ်ကို ..."

"ဟေး ... အားရှိစရာကြီးပါလား ..."



www.burmeseclassic.com

www.burmeseclassic.com



အိကေနိုင် ရယ်မောပါ၏။ ရယ်သည်မှ ကိုယ်လုံးလေးလှုပ်အောင် တခစ်ခစ် အသံထွက်ရယ်ပေသည်။

"အိကေနိုင်က မောင်းတတ်ခါစပဲ ရှိသေးတယ် ... နေ့တိုင်း မောင်းရတဲ့အကျင့်လည်း မရှိတော့ စ,ထွက်ထွက်ခြင်း ... ဒီလောက်တော့ ရှိမှာပေါ့ အစ်ကိုရာ ... "

"အေးပါ ... အေးပါ ... "

မောင်းတတ်ခါစသည် ကာလပ်(ရှ်) အလွှတ်နှင့် လီဗာအနင်းမညီလျှင် ဤသို့ပင် ကားခုန်ထွက်တတ်မှန်း အောင်သမြေ သိနားလည်ပါ၏။

ရွှေဘုံနန်းမြို့ကြီးထဲမှ မောင်းထွက်ခဲ့သည်။ စက္ကွင်းဂီယာ သတ်ဂီယာပြောင်းသည်မှာ မဆိုး။

ဒီကောင်မလေး မောင်းတတ်သားပဲဟု ... အောင်သမြေ မှတ်ချက်ချရသည်။

"ကဲ ... အစ်ကို ဘယ်သွားမလဲ ... "

"အနီယာရှာနားက လောကဝိဒူဘုရားကို သွားမယ် ... "

"အဲ ... အဝေးကြီးပဲ ... အနီယာရှာက သီတဝူရဲ့ အစွန်အဖျားရှာလေ ... "





"လောကဝိဒူဘုရား ရှိတယ်မဟုတ်လား ... "

"ရှိပါတယ် အစ်ကို ... ဒါပေမဲ့ အနီယာရှာနဲ့ လောကဝိဒူဘုရားက တော်တော်ဝေးသေးတယ် ... "

"အင်းလေ ... အဲဒီကိုပဲ သွားပေါ့ ... "

"သီတဝူထဲက ဘုရားတွေကို မဖူးတော့ဘူးလား ... သီတဂူထဲမှာ တန်ခိုးကြီးဘုရားတွေရှိတယ် ... ရုပ်တော်မှူဘုရား၊ နဂါးရုံဘုရား၊ အေးစေတီဘုရား၊ မယ်ယက္ခဘုရားတွေ ရှိတယ် အစ်ကို ... သိပ်ခမ်းနားသပ္ပါယ်တဲ့ဘုရားတွေ ... မြို့ပြင်က ဘုရားတွေက မွမ်းမံမှုသိပ်မရှိလို့ သမိုင်းဝင်ဘုရားတွေပေမဲ့ အုတ်နီခဲပုံစံပဲ ရှိတယ် ... "

"အင်းလေ ... မြို့ပေါ်က ဘုရားတွေက အပြန်ကျမှဖြစ်ဖြစ် နောက်နေ့ကျမှဖြစ်ဖြစ် လိုက်ဖူးတာပေါ့ ... ဟဲ ... ဟဲ ... အိကေနိုင် ... ကွေ့လေ ... "

အောင်သမြေ စကားဆုံးအောင်ပင် မပြောနိုင်ဘဲ ဂျစ်ကားစတီယာရင်ကို သူ့ကိုယ်စောင်းကာ တည့်တည့်ကြီးဝင်လာသော ကုန်တင်ကားကြီးကို ရှောင်ဖို့ အိကေနိုင်ကို ပြောရင်း သူ့ကိုယ်တိုင် ကိုယ်တစ်ပိုင်းယိုင်ပြီး စတီယာရင်ကို ဆွဲလှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘေးသို့ ထိုးချလိုက်ရတော့သည်။

ဂျစ်ကားသည် လမ်းဘေး မြေနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားသည်မှာ ချိုင့်တွေ ဂလုတွေနှင်းရင်း ဘောလုံးမြေပုတ် ဆော့ကစားသလို မြောက်လိုက် ပြန်ကျလိုက် လိမ့်သွားပြီးမှ ကမူစွန်းကြီးကို ဦးတိုက်ကာ စက်အလိုလိုရပ်သွားသည်။

အောင်သပြေက လက်ကိုင်ကွင်းကို လှမ်းဆွဲရာတွင် တစ်ကိုယ်လုံး အိကေးနိုင်ပေါ် ပိကျကာ ဂျစ်ကား ဘောလုံးလို ခုန်လိုက်ကျလိုက်ဖြစ်ရာတွင် အိကေးနိုင်ကလည်း အထိတ်တလန့်ဖြင့် အောင်သပြေကို ဖက်ထားသည်။ အောင်သပြေကလည်း အိကေးနိုင်ကို ဖက်ထားလျက်သား ဖြစ်သွားကြသည်။

ကားရပ်သွားသည့်တိုင်အောင် သေဘေးနှင့် ရင်ဆိုင်ရသောကြောင့် နှစ်ယောက်သား ကြောင်ကာ ဖက်မြဲဖက်ထားမိကြတော့သည်။

"အို ... ဘာမှန်းလည်း မသိဘူး ..."

ဤကိစ္စမျိုးတွင် အရှက်ကြီးသော မိန်းကလေးဘက်က ချက်ချင်း ထိန်းသိမ်းရမည်မှန်း သိလိုက်သည်။

အိကေးနိုင်က ဘာမှန်းလဲမသိဘူးဟု ပြောရင်း ...



အောင်သပြေ၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်နှင့် အောင်သပြေကလည်း လွှတ်ပေးလိုက်ပါ၏။

အိကေးနိုင် တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှ မခံစားရဘူးသေးသော ရှိန်းရှိန်းမြမြတွေ ခံစားလိုက်ရသည်။ သူမ၏ လက်ဖျံမှ မွေးညင်းနုနုလေးတွေပင် ကြက်သီးထရင်း ထောင့်တက်လာသည်အထိ ခံစားလိုက်ရသည်။

ရင်ခုန်လိုက်သည်မှာလည်း မပြောပါနှင့်တော့။ မော ဟိုက်သလိုဖြစ်ကာ အသက်ကို အတင်းရှူနေရသည်။

"ကံကောင်းလို့ နှစ်ယောက်လုံး မသေတာယ် အိကေးနိုင်ရယ် ... အိကေးနိုင်က ကုန်ကားကြီးတည့်တည့် ဝင်လာတာကို ဘရိတ်လည်း မနင်း ... လမ်းဘေးလည်း ကွေ့မရှောင်နဲ့ ..."

"ဘရိတ်နင်းတာပဲ အစ်ကို ... ဘရိတ်ကို မနင်းမိဘဲ ... လီဗာကို မှားပြီး နင်းမိတာ ... ပိုပြီး အရှိန်ပြင်းသွားတာပေါ့ ..."

"ကောင်းပေ့ကွာ ... ဘရိတ်နဲ့ လီဗာ မှားနင်းရတယ်လို့ ကဲ ကဲ ... ဘက်ဂီယာထိုးပြီး လမ်းပေါ် ပြန်တက်ရမည်၊

www.burmeseclassic.com

www.burmeseclassic.com



တို့ပဲ မောင်းပါတော့မယ် ... အိကေနိုင်က တို့ကို ဘယ်ကွေ့ ညာကွေ့ တည့်တည့်မောင်းလို့သာ ညွှန်ပြတော့ ... ”

အောင်သပြေက ဂျစ်ကားပေါ်မှ ဆင်းကာ မောင်းသည့်နေရာဘက်သို့ ပတ်လျှောက်စဉ် အိကေနိုင်က ဖင်ရွှေ့ပြီး နေရာပေးလိုက်သည်။

“ဒါနဲ့ ... အစ်ကို မမောင်းတတ်ဘူးဆို ... ”

“မမောင်းတတ်တာ မဟုတ်ဘူး ... မမောင်းချင်တာ ... နေရာသစ်မို့ လမ်းမသိ ဘာမသိမို့ မမောင်းချင်တာ ... ”

ဒရိုင်ဘာနေရာတွင် တက်ထိုင်ပြီး အောင်သပြေက လမ်းပေါ်အရောက်တွင် ဆက်မောင်းနေသည်။

အတွေးကိုယ်စီဖြင့် စကားမပြောနိုင်ကြသေး။

အောင်သပြေကိုယ်တိုင်လည်း ရင်ထဲတွင် တစ်မျိုး တစ်မည် ခံစားနေရသည်။ ဒါတောင် အိကေနိုင်နှင့် နှိုင်းစာလျှင် အောင်သပြေက အတွေ့အကြုံရှိပြီးသား။

အောင်သပြေသည် ချစ်သူဝိုင်းကို ပွေ့ဖက်ဖူးသည်။ ချစ်သူဘာဝ ပွေ့ဖက်ရာတွင် ခံစားရသော ဖောင်မှုအာရုံကို ခံစားခဲ့သည်။





သို့သော် ဝိုင်းကိုယ်တိုင်ကလည်း ချစ်သူ အောင်သပြေ၏ အပွေ့အဖက်ကို လိုလိုလားလား ခံယူသည်။

သို့တစေ ...

ဝိုင်းနှင့် ပွေ့ဖက်ခဲ့ရသည်ကတစ်မျိုး။

ယခု ကောင်မလေး အိကေနိုင်ကို ပွေ့ဖက်မိ၍ ခံစားရသည်ကျတော့ တစ်မျိုးဟု ဆိုရမြိမ့်မည်။

အန္တရာယ်ကြောင့် စိတ်လှုပ်ရှားရသည်ရော ... အိကေနိုင်၏ တစ်တစ်အစ်အစ် ကိုယ်လုံးလေးကို ပွေ့ပိုက်ရသည်ကတ် စိတ်လှုပ်ရှားမှုတစ်မျိုးဖြင့် ထိတွေ့မှု ခံစားချက် ပို၍ ပြင်းထန်ပေသည်။

အောင်သပြေက ငြိမ်နေသော အိကေနိုင်ကို စွေ အောင်းကြည့်သည်။

အိကေနိုင်သည် ကျောက်ရုပ်လေးတစ်ရုပ် ချထား သလို ငြိမ်နေပြီး ကားရှေ့မှန်မှ အဝေးသို့ မျက်တောင်မခတ် ငေးနေသည်။

ကောင်မလေးစိတ်ထဲတွင် မိမိက ချော်လဲရောထိုင် သဘောဖြင့် အခွင့်အရေး ယူလိုက်သည်ဟုထင်ကာ စိတ်မကောင်း

www.burmeseclassic.com



ဖြစ်နေသလား မပြောတတ်။

"အိကေခိုင် ..."

ကောင်မလေး ပြန်မထူး ...။

"ဒီမယ် အိကေခိုင် ..."

"ပြောပါ အစ်ကို ... အိကေခိုင် နားထောင်နေသားပဲဟ

"ခုန ... ဂျစ်ကား လမ်းဘေးထိုးအကျမှာ အိကေခိုင်

တို့ ပွေ့ဖက်မိတာကို ... အိကေခိုင် စိတ်မကောင်းဖြစ်

သလားဟင် ..."

"အို ... အစ်ကိုက ဘာတွေပြောမှန်းလဲ မသိဘူး ... တကယ်

ပဲ ..."

"ပြောရမယ် အိကေခိုင် ... တို့က တမင်ညစ်တဲ့စိတ် အခွ

အရေးယူတဲ့စိတ်နဲ့ လုံးဝမဟုတ်ဘူး ... မတော်တဆမှ

တကယ့်အသက်ဘေး မတော်တဆမို့ အဲဒီလိုဖြစ်သွားတာ

"နို့ ... အိကေခိုင်က အစ်ကို့ကို တမင်အခွင့်အရေးယူတာ

လို့ စွပ်စွပ်စွဲစွဲ ပြောမိလို့လား ..."

"သိဘူးလေ ... တို့ကို စကားမပြော ဘာမပြော အိကေခိုင်

နေတာကိုး ..."





"အစ်ကို့ကို အိကေခိုင် အထင်မသေးပါဘူး ... အိကေနိုင် ဆတ်ဆော့လို့ အစ်ကို ကံကောင်းလို့မသေတာပါလားလို့ တောင် စိတ်မကောင်းဖြစ်နေတာပါ ... ဒီမယ်အစ်ကို အနီးအနားရွာနားက လောကဗိုဒ္ဓဘုရား မရောက်ခင် ပမ်းမှာ ဒေဝပုဗ္ဗဘုရားနဲ့ မာရဇိန်ဘုရားရှိသေးတယ် ... အဲဒီဘုရား တွေကို ဝင်ဦးမလား ... လမ်းဘေးမှာတော့ မဟုတ်ဘူး၊ တောတန်းဖြတ်ပြီး နည်းနည်းဝင်ရမယ် ..."

"လောကဗိုဒ္ဓဘုရားကိုပဲ အရင်သွားမယ် ... အပြန်ကျမှ အချိန်ရရင် အဲဒီဘုရားတွေ ဝင်ဖူးတာပေါ့ အိကေခိုင်"

"အစ်ကို ဘုရားဖူးမှုက တစ်မျိုးကြီးပဲ ..."

"ဟုတ်လား ... အဲဒီတစ်မျိုးကြီးကို ဘေးချိတ်ထားပြီး အိ ကေခိုင်ရဲ့ အကြောင်းကို အားမောင်းရင်း ပြောပြမယ်ဆို၊ ပြောတော့လေ ..."

"အိကေခိုင့်အကြောင်းက စာဖွဲ့စရာ တစ်ခုမှမရှိဘူး အစ်ကို"

"တို့ကတော့ ကေခိုင့်အကြောင်းကို ဘာပဲဖြစ်ဖြစ် စိတ်ဝင် စားပါတယ် ... ဥပမာ အိကေခိုင်ဟာ ကျောင်းနေရမဲ့ အရွယ်မှာ ကျောင်းမနေဘဲ ဘာလို့ အလုပ်လုပ်နေလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပေါ့ ... ”

“ကျောင်းဆက်ပြီး နေချင်တာပေါ့ အစ်ကိုရယ် ... ဟိုက်စကူးဆိုတာမျိုးက ကိုယ့်မြို့မှာပဲ ကိုယ့်အိမ်ဝေယျာဝစ္စ [illegible]ရင်း တက်လို့ရခဲ့သားပဲ ... အဲ ... တက္ကသိုလ်တက်ဖို့[illegible]တော့ ခက်သွားရော ... ကိုယ်က တက္ကသိုလ်ရှိတဲ့နေရာမှာ သွားတက်ရမယ်လေ ... တက္ကသိုလ်ဘော်ဒါဆောင်မှာ မတက်နိုင်လို့ မနေ့တောင် အပြင်က ဈေးပေါပေါအဆောင်မှာနေပြီး တက်ရမှာမဟုတ်လား ... အဲဒီကုန်ကျစရိတ်တွေက လွယ်မှမလွယ်တာ ... ”

“ဩော် ... ဒါဆို အိကေနိုင် သီတဂူဟိုက်စကူးက ဆယ်တန်းအောင်ပြီးပြီ ... ကောလိပ်တက္ကသိုလ်ကို ငွေကြေးမပြည့်စုံလို့ သွားမတက်နိုင်တာပေါ့ ဟုတ်လား ... ”

“အိကေနိုင် ဆယ့်ခြောက်နှစ်ကတည်းက ဆယ်တန်းအောင်ခဲ့ပါတယ် အစ်ကို ... ”

“သိပ်တော်တာပေါ့ ... တို့ဆိုရင် ဆယ်တန်းပထမအကြိမ်မှာ ကျတယ် ... ဒုတိယအကြိမ်မှ အောင်တာ ... ဆက်ပြော အိကေနိုင် ... ဆက်ပြော ... အိကေနိုင်ရဲ့ ဖေဖေနဲ့မေမေက တက္ကသိုလ်ကို မပို့နိုင်ဘူးပေါ့ ဟုတ်လား ... ”

“အိကေနိုင်ရဲ့ မေမေက ... အိကေနိုင် ဆယ်နှစ်သမီးအရွယ်ကပဲ ဆုံးသွားတယ် ... ”

“ကြားရတာ စိတ်မကောင်းပါဘူးကွယ် ... ”

“ဖေဖေက ကုန်တင်ကားကြီးတွေ မောင်းတဲ့အလုပ်လုပ်တယ် အစ်ကို ... ဖေဖေရဲ့ အတတ်ပညာက ကားမောင်းတတ်တာကိုး ... တစ်သက်လုံး ကားမောင်းပြီး လုပ်ကျွေးခဲ့ပါတယ် ... ကားမောင်းသမားဟာ အသက်ကြီးလာတော့ ဒုက္ခလာကိုင်တယ် ... မျက်စိမှုံတယ် ... ဒီတော့ ကားမမောင်းနိုင်တော့ဘူး ... အိကေနိုင်က ဖေဖေ့ကို တစ်လှည့်ပြန်လုပ်ကျွေးနေတာပဲ အစ်ကို ... ”

“အိကေနိုင် ဖေဖေက လုံးလုံးမျက်စိကွယ်သွားတာလား”

“လုံးလုံးမကွယ်ပါဘူး ... ဝိုးတဝါး မြင်ပါသေးတယ် ... ဒါပေမဲ့ ကားမောင်းနိုင်တဲ့အထိတော့ မမြင်တော့ဘူး ... နားကလည်း လေးလာတယ် ... ကားမောင်းတယ်ဆိုတာက မျက်စိနဲ့နားကောင်းဖို့ အဓိကလိုတယ်မဟုတ်လားအစ်ကို”

“ရန်ကုန်မှာ နားမျက်စိ အထူးကုသမားတော်တွေ ရှိတယ်၊







www.burmeseclassic.com

www.burmeseclassic.com



အိကေနိုင် ရန်ကုန်ကို ဆင်းမြကြည့်ပါလား ... ”

“အဲဒီအတွက် အိကေနိုင် ငွေရှာငွေစုနေပါတယ် အစ်ကို ... အိကေနိုင် ရန်ကုန်သွားချင်တာ အကြောင်းနှစ်ခုတောင် ရှိနေတာပါ ... ”

“ဖအေကို ဆေးကုပေးဖို့ အပြင် ... နောက်တစ်ကြောင်းက ဘာလဲ အိကေနိုင် ... ”

“အိကေနိုင် ... အဆိုတော်တစ်ယောက် ဖြစ်ချင်တယ် ... အဆိုအတီးမှာ အိကေနိုင် သိပ်ဝါသနာပါတယ် အစ်ကို ... ရန်ကုန်မှာဆိုတော့ တီးဝိုင်းကောင်းတစ်ခုမှာ ခြေကုတ်ရသွားရင် အိကေနိုင်အတွက် အလားအလာ ရှိနိုင်တာပေါ့နော် အစ်ကို ... ဒါပေမဲ့ ရန်ကုန်ကို သားအဖနှစ်ယောက် ဆင်းဖို့ ငွေကြေးစရိတ်က မလွယ်ဘူး အစ်ကို ... အိကေနိုင် ငွေစုပါတယ် ... ဒါပေမဲ့ နေ့စဉ် အိမ်သုံးစရိတ်နဲ့ ဖေဖေ့ကို မြန်မာဆရာနဲ့ ကုသစရိတ်ကြောင့် စုလိုက်ရင်း ကုန်သွားရင်းနဲ့ ချာလပတ်လည်နေလို့ ... များများစားစား စုမိတယ်လို့ မရှိဘူး အစ်ကို ... ”

အောင်သပြေ၏ မျက်စိထဲတွင် ရန်ကုန်မှ တီးဝိုင်းအဖွဲ့တွေကို မျက်စိထဲ မြင်ယောင်ကြည့်လိုက်သည်။

ကိုဘတိုးကြီးတီးဝိုင်းကို သတိရမြင်ယောင်မိသည်။ ကိုဘတိုးကြီးတီးဝိုင်းမှအစ တီးဝိုင်းအဖွဲ့သားများသည် မိမိမျက်နှာကို ထောက်ထားပြီး အိကေနိုင်ကို လက်ခံကောင်းရဲ့ဟုလည်း တွေးလိုက်မိသည်။

သို့သော် ...

မိမိမျက်နှာကြောင့် လက်ခံရစေကာမူ အိကေနိုင်က မစွံလျှင် သူတို့အဖွဲ့တွင် အနှောင့်အယှက် ဖြစ်သွားပေမည်။

“အိကေနိုင် သီချင်းကောင်းကောင်း ဆိုတတ်သလား ... ”

“ဆိုတတ်ပါတယ် အစ်ကို ... ဒါပေမဲ့ အသံကောင်း အဆိုကောင်းတာက နားထောင်တဲ့ ပရိသတ်ရဲ့ အဆုံးအဖြတ်အပေါ်မှာ မူတည်တာ မဟုတ်လား အစ်ကို ... အိကေနိုင်ရဲ့ ဖေဖေကတော့ ပြောတာပဲ ... အိကေနိုင်ရဲ့ အဆိုအတီးဟာ စင်မြင့်ပေါ် ပရိသတ်ရှေ့မှာ တင်ပေးနိုင်တဲ့သူရှိရင် တစ်ရှိန်ထိုး တက်နိုင်တယ်လို့ပြောတာပဲ ... ”

“အိကေနိုင်ရဲ့ ဖေဖေကကော အဆိုအတီးမှာ ကျွမ်းကျင်သလား ... ”







www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ငယ်ငယ်လေးတည်းက တယောထိုးတယ် ပတ္တလားတီးတယ် ... အဲဒီ တူရိယာဂီတဘက်မှာ ဝါသ ကြီးပြီး လိုက်စားလွန်းလို့ ငယ်ငယ်က ကျောင်းကော ကောင်းမနေ ... စာကောင်းကောင်းမသင်ခဲ့လို့ ဘာတ မှ မအောင်ဘဲ ကားဒရိုင်ဘာ ဖြစ်သွားတာတဲ့ ... ဖေဖေ တယောနဲ့ ပတ္တလားမှာ သင်တန်းသင်ပြနိုင်တဲ့အထိ ကျ ကျင်ပါတယ် ... အိကေနိုင်ကိုလည်း ဆယ်နှစ်သမီး မေ ဆုံးသွားပြီးတဲ့နောက် အပြင်ထွက်လည်ပတ်မှုအစား သ ကို တယောနဲ့ ပတ္တလားသင်ပေးတယ် ... နောက်အ ထောင် မပြုဘဲ ကားမောင်းလိုက် ... အိကေနိုင်ကို သ ပေးလိုက်နဲ့ပဲ အချိန်တွေ ကုန်စေတယ် ..."

"ဒါဆို ... အခု ကားမမောင်းနိုင်တော့တဲ့အခြေအနေ ကိုယ် တတ်ကျွမ်းတဲ့ တယော ပတ္တလားနဲ့ ဝင်ငွေမရှာ လား ..."

"ခေတ်က လျှပ်စစ်ဂစ်တာနဲ့ ကီးဘုတ်တွေ ဒရမ်(မ်)ေ ခေတ်ပဲ အစ်ကို ... ဖေဖေရဲ့ တယောနဲ့ ပတ္တလား ကျေးလက်တောရွာ အလှူပွဲတွေမှာသာသုံးတဲ့အခြေအနေ





ကာလ မဟုတ်လားအစ်ကို ..."

"ဒါဆို ... ကေနိုင်က တယောထိုးတတ်တယ် ... ပတ္တလား တီးတတ်တယ် ... သီချင်းဆိုတတ်တယ်ပေါ့ ..."

"ဟုတ်ပါတယ် အစ်ကို ..."

"ဘယ်ဆိုးလို့လဲ ... ဒီလောက်အသက်ငယ်ငယ်နဲ့ ဆယ် တန်းလည်း အောင်ပြီးပြီ ... တယောလည်း ထိုးတတ် တယ်၊ ပတ္တလားလည်း တီးတတ်တယ် ... ဆိုလည်းဆိုနိုင် တယ် ဆိုတော့လေ ..."

"အရာမရောက်လှပါဘူး အစ်ကိုရာ ... ရောက်ရှိနေတဲ့ ခေတ် ကိုက တယော ... ပတ္တလားဆိုတာ ဆင်းရဲသားသုံးဖြစ်ပြီး ခေတ်က ပယ်ထားတဲ့ဟာတွေ ဖြစ်နေတာပဲ ..."

"အဲဒီလောက်ကြီးမဟုတ်ဘူး အိကေနိုင် ... ခေတ်ဆိုတာ လှည်းဘီးလို တစ်ပတ်လည်တတ်တာပဲ ... ခုခေတ်က လျှပ်စစ်ဂစ်တာ ... အော်ဂင် စတီရီယိုခေတ်ဆိုပေမဲ့ ... အခု အစိုးရက မြန်မာမှုစစ်စစ်တွေကို အားတက်သရော ပြန်ဖော်ထုတ်ပြီး ဆန်းသစ်ဖို့ ဆောင်ရွက်ပေးနေတယ် ... အခုဆိုရင် မြန်မာသံစဉ်တွေ စတီရီယိုနဲ့ အပြိုင်နေရာယူလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ... ရုပ်ရှင်မင်းသား တိုးဝင်းဦးက မြန်မာ့ရိုးရာဂီတနဲ့ ... ရှေးခေတ်ဟောင်းသီချင်းတွေ သူ့နည်းသူ့ဟန်နဲ့ ဆန်းသစ်အောင် ဖော်ထုတ်ပေးတာ အောင်မြင်နေသားပဲ ... ”

အိကေနိုင် သေချာနားထောင်ပြီး မျက်နှာလေး ဝင်းပလာသည်အထိ အားတက်လာပုံရသည်။

“စန္ဒရား ဦးကိုကို၊ စန္ဒရား ဦးလှထွဋ်တို့ဆိုရင် ရန်ကုန်မှာ စတီရီယိုတွေနဲ့ ရင်ပေါင်တန်း အပြိုင်နေရာယူထားနိုင်ကြပြီ၊ သာတဲ့နေရာမှာ ပိုပြီးတော့ သာနေသေးတယ် ... အဆိုတော် ဒေါ်တင်တင်မြတို့ ... ဒေါ်ရီရီသန့်တို့ ... ဒေါ်သင်းသင်းမြတ်တို့ကိုရော ဦးတင်လှိုင် ... ဦးသန်းလှိုင်တို့ရော မြန်မာသံစဉ်စစ်စစ်နဲ့ အောင်မြင်နေကြပြီ အိကေနိုင် ... ”

“အာပါးပါး ... အစ်ကိုပြောပြမှ အိကေနိုင် အားတွေတအားတက်လာတယ် ... အစ်ကိုက အဆိုအတီးတွေဘက်မှာ တော်တော်နဲ့စပ်တယ်နော် ... အစ်ကို ပြောသွားလိုက်တာ အစ်ကိုကိုယ်တိုင် အဲဒီလောကမှာ ကျင်လည်နေသလိုပဲ”

အောင်သပြေက ပခုံးတွန့်ပြလိုက်ပါ၏။

ရန်ကုန်အဆိုအတီး အသိုင်းအဝိုင်းလောကတွင်





အောင်သပြေ ခင်ဆန့်ကြဖောသက်ရောက်မှုတွေ ရှိပါ၏။ အိကေနိုင်ကို မိမိမျက်နှာနှင့် စင်ပေါ်တင်ပေးနိုင်မည်သာ။

သို့သော် မနေ့ကမှ စတင်တွေ့ဆုံသိကျွမ်းခင်မင်သူ အိကေနိုင်အပေါ်တွင် စကားလွန်အောင် မပြောသင့်သေးဟု ယူဆကာ နှုတ်ပိတ်နေလိုက်သည်။

ဤသီတဂူတစ်ပိုက်တွင် မိမိ လုပ်ဆောင်ရမည့်ကိစ္စတွေ အများကြီး ရှိသေးသည်။ မိမိလုပ်ဆောင်ရမည့် တာဝန်ကိစ္စတွေအားလုံး ပြီးပြီမ်းမှ အိကေနိုင်အတွက် မိမိ ဆောင်ရွက်ပေးနိုင်မည်များကို ပြောဖို့ ဆုံးဖြတ်လိုက်သည်။

အိကေနိုင်တို့သားအဖကို ရန်ကုန်ခေါ်သွားပြီး စင်တင်ပေးမည်။ ကိုဘတိုးကြီးဝိုင်းတွင် မိမိကိုယ်တိုင် ပါဝင်မည်ဆိုလျှင် အိကေနိုင်တို့သားအဖအား ကိုဘတိုးကြီး လက်ခံရမည်ဟု ယူဆထားလိုက်သည်။

“အားမလျှော့နဲ့ ... စိတ်ဓာတ်မကျနဲ့ အိကေနိုင် ... အခု အိကေနိုင် ပြောပုံအရဆိုရင် အိကေနိုင် ဖေဖေကလည်း ဒီဘက်မှာ ဆရာတစ်ဆူလောက်ရှိနေတာပဲ ... အိကေနိုင်ကလည်း ဆယ်နှစ်သမီးအရွယ်ကတည်းက စန္ဒရားစတီးခဲ့တယ်ဆိုတော့ နှစ်တကျ သင်



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ တတ်မြောက်ပြီးသား ... ရန်ကုန်မှာ အိကေခိုင်
သားအဖကို စင်တင်ပေးမဲ့သူရှိရင် ဝုန်းခနဲနေအောင် အော
မြင်မှာပါ ... ဘာလို့လဲဆိုတော့ အိကေခိုင်ရဲ့အရွယ် ...
ကေခိုင်ရဲ့ရုပ် ... အိကေခိုင်၏ တတ်မြောက်ပြီးသားပညာ
ဆန်းသစ်တဲ့ အကွက်လေးတွေထွင်ပြီး စင်ပေါ်မှာ တင်
လိုက်ရင် မုချအောင်မြင်မှာပါ ... "

"အစ်ကို ... "

"ဟေ ... "

"အခု ... အိကေခိုင်တို့ စီးလာတာ ဂျစ်ကားဆိုတော့ အ
က ပထ္ထုသား တာလပတ်မိုးပါနော် ... သံအမိုး မဟုတ်
ဘူး ... "

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ ... "

"ဩော် ... အစ်ကိုက ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြီး အိကေ
ကို မြှောက်ပင့်တာ ... အိကေခိုင် မြောက်သွားပြီး ဂျစ်ကား
အမိုးနဲ့ ခေါင်းနဲ့ ဆောင့်မိရင် သံအမိုး မဟုတ်တော့ ခေါ
မပေါက်ဘူးပေါ့နော် ... "

"အာ ... ဒီကောင်မလေး ... "





အောင်သပြေရင်ထဲတွင် အိကေခိုင် ပြောပုံလေးကို ချင့်မရဲ ဖြစ်ရလွန်းသောကြောင့် လက်ချောင်းကွေး လက်ဆစ်ဖြင့် ကောင်မလေးခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်မိသည်။

"အာ လာ လာ ... အစ်ကိုက တကယ်ခေါက်တာပဲ"

ကောင်မလေး နာသွားသဖြင့် သူမ၏ ဦးခေါင်းငယ်ထိပ်ကို သူမ၏လက်ဝါးလေးဖြင့် အုပ်ထားရှာ ပွတ်သပ်ရှာပေသည်။

အောင်သပြေက မချင့်မရဲစိတ်ဖြင့် မည်ကမျှ သဘောလောက် ခေါက်လိုက်ခြင်းသာ ဖြစ်သည်။ နာကျင်သွားစေလိုသောဆန္ဒ လုံးဝမပေါ။ သို့သော် အောင်သပြေ၏ လက်ရှိန်က ပြင်းသဖြင့် ကောင်မလေး နာကျင်သွားသည်။

"သိပ်နာသွားလား အိကေခိုင် ... တို့ ခေါက်တာ အိကေခိုင်ကို နာကျင်စေလိုတဲ့စိတ် လုံးဝမပါဘူး ... ရင်ထဲမှာ မချင့်မရဲ ဖြစ်လွန်းလို့ လှမ်းခေါက်မိတာပါ ... "

အောင်သပြေ၏ အကြင်နာ အပြည့်ပါသော အကြည့်ဖြင့် ကြည့်ပြီး ပြောသည်ကို အိကေခိုင်က ပြန်ကြည့်ရှာ မျက်လုံးချင်း ဆုံပြီး အိကေခိုင် ရင်တွေခုန်ရပြန်သည်။

"ကဲပါ အစ်ကို ... အိကေခိုင် သဘောပေါက်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့စိတ်ထဲမှာ အစ်ကိုအရင်းတစ်ယောက်က ကိုယ့်ညီမလေးအရင်းကို စိတ်မရှည်တော့လို့ ချစ်စနိုး ခေါက်တာမျိုးမှန်း အိကေခိုင် သဘောပေါက်ပါတယ် ... အစ်ကို့ကိုတာလို့ စိတ်ဆိုးရမှာလဲ ... နာလည်း ... နာတော့ပါဘူး အစ်ကို ...”

အောင်သပြေ ကျိတ်၍ သက်ပြင်းချရပြန်သည်။

ကိုယ့်ကိုယ်စောင့်နတ်ကို မလိမ်မညာစတမ်း ဆိုလျှင် အောင်သပြေ အိကေခိုင်ကို ရင်ထဲက ချစ်မိနေပြီ။

မြန်လှချည်လား အောင်သပြေ၊ မင်း စိတ်သဘောထား မလွယ်လွန်းဘူးလားဟု ကိုယ်စောင့်နတ်က ပြန်မေးလျှင် အောင်သပြေက “ဟုတ်ကဲ့ ... ” ဟု ပြန်ဖြေပါမယ်။

အကြွင်ယောက်ျားသားတစ်ဦး ဖြစ်စေ၊ အကြွင်မိန်းမသားတစ်ဦးဖြစ်စေ မိမိနှင့် လက်ထပ်သူမှာ တစ်ဦးတည်းသာ ဖြစ်စေကာမူ နှလုံးသား မေတ္တာသက်ဝင်မှုကတော့ ကန့်သတ်၍ မရစကောင်းပေ။

ပထမချစ်သူအား ချစ်ကြောင်းဖွင့်ဟပြောပြီး နှစ်ဦးချစ်ကြပြီးမှ နောက်တစ်ဦးအပေါ် ချစ်စိတ်ဝင်ပြန်ကာ ထိုနောက်





တစ်ဦးကို မိမိက ချစ်ခင်ကြောင်း ဖွင့်ပြောလျှင်တော့ စောင့်ထိန်းရာ မရောက်ပေ။ ကိုယ်ကျင့်သိက္ခာကို ထိပါးလာသည်။

သို့သော် ဖွင့်မပြောဘဲ ကိုယ့်ဟာကိုယ် ရင်ထဲက ချစ်မိသည်ကတော့ ဒုတိယ တတိယတွေ ရှိကောင်းရှိလာပေမည်။

ချစ်စရာကောင်း၍ ချစ်မိသည်မှာ လူ့သဘော လူ့မနောသာ ဖြစ်ပါ၏။

အိကေခိုင်က ချစ်စရာကောင်းသည်မို့ ချစ်မိသည်။ သူမ၏ ဘဝလေးကို သိရသောအခါ အကြင်နာနှင့် ကရုဏာ ပိုသက်ရောက်ရပြန်သည်။

ချစ်ပါ၏။ သို့သော် မျိုသိပ်ထားရမည်။ ဖွင့်မပြောရဟု အောင်သပြေ ကိုယ့်ဟာကိုယ် နားလည်ခံယူပါ၏။

မိမိတွင် ချစ်ပြီးသား ဖွင့်ဟာပြီးသား ‘ပိုင်း’ ရှိနေသည် မဟုတ်ပါလား။

မိန်းမသားတွေတွင် အရွယ်ရောက်လာသည်နှင့် သဘာဝအသိတစ်ခု အလိုလိုရှိလာသည်။

ယောက်ျားသားတစ်ဦးက မိမိကို ချစ်နေပြီဆိုလျှင် ချစ်နေမှန်း ထိုယောက်ျား၏မျက်လုံးအကြည့် အပြုအမူ အပြောဆို

www.burmeseclassic.com



ခဲ့တွေကို ကြည့်ခြင်းဖြင့် သူ ငါ့အပေါ် မေတ္တာရှိနေပြီဟူသောအသိပင်။

ယခု ... အစ်ကိုအောင်သပြေသည် မိမိကို ရင်ထဲက ချစ်နေပြီမှန်း အိကေခိုင် စိတ်ထဲက သိနေပါ၏။

အိကေခိုင် မှန်းသည့်အတိုင်း ဝန်ခံပါမည်။ အိကေခိုင် ကိုယ်တိုင်ကလည်း အစ်ကိုအောင်သပြေကို ရင်ထဲနှလုံးထဲက ပြန်ချစ်နေပါ၏။

သို့သော် မိမိကြောင့် အစ်ကိုအောင်သပြေ၏ အနာဂတ်ဘဝ ရှုပ်ထွေးမသွားစေချင်။

အစ်ကိုအောင်သပြေသည် လူသတ်သမားတဲ့ ... ။ အစ်ကိုအောင်သပြေ သီတဝူသို့ ရောက်လာခြင်းသည် မကောင်းသော အကြံအစည် မကောင်းသောလုပ်ငန်းနှင့် ရောက်လာသူဟူ၍ အဘဦးမိုးတွားနှင့်အတူရှိနေသော ကိုလွင်ဦးက မိမိကို ပြောလိုက်သည်။

ကိုလွင်ဦးပြောသည်မှာ ယခုလက်တွေ့ ကိုယ်တွေ့ မျက်မြင် အစ်ကိုအောင်သပြေကို မြင်တွေ့ရခြင်းဖြင့် သက်သက်မလိုတမာ အမုပ်ချပြီး ကိုလွင်ဦး ပြောခြင်းသာ ဖြစ်ရမည်။

အဲဒါတွေ ထားပါတော့။





အစ်ကိုအောင်သပြေတွင် ရန်ကုန်မှာ ဘီအီးဒီဘွဲ့ရပြီး မဟာဝိဇ္ဇာတန်း ဖြေဆိုဖို့ ကြိုးစားနေသည့် ကျောင်းဆရာမလေး ဝိုင်းဆိုသည့် ချစ်သူ ရှိနေသည်ဟုလည်း ပြောသည်။

ကိုလွင်ဦး ပြောပုံအရဆိုလျှင် 'ဝိုင်း'သည် မိဘချမ်းသာသူလည်း ဖြစ်သည်။

မိမိနှင့် ဝိုင်းကို နှိုင်းယှဉ်ပါက မိုးနှင့်မြေ ကွာခြားနေသည်။

အစ်ကိုအောင်သပြေကို အိကေခိုင် မေးလိုက်ချင်စမ်းပါဘိ။

အစ်ကို့မှာ ရန်ကုန်မှာ ဝိုင်းဆိုသည့် ချစ်သူရှိသည် မဟုတ်လားဟူ၍။

သို့သော် မိမိက ဘာကြောင့် ဒီလိုမေးရမည်တဲ့လဲ။ အစ်ကိုအောင်သပြေက မိမိကိုဖွင့်ပြီး ချစ်ရေးတာလည်း မဟုတ်ပါဘဲလျက် ... ။

ပြီး ... မိမိက မေးလိုက်လျှင် ငါ့အကြောင်းတွေ ဘယ်ကသိသလဲဟု အစ်ကိုအောင်သပြေက ပြန်မေးပါက မိမိဘယ်လိုပြန်ဖြေမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်လျှင် မိမိ ပရိတ်ကို လုပ်ပြီး အစ်ကိုအောင်သပြေကို ရွှေဘုံနန်းသို့ ခေါ်လာခြင်းမှာ ငွေတစ်သောင်းရသောကြောင့် ဟူ၍လည်းကောင်း၊ ယခုလည်း နောက်ထပ်ငွေတစ်သောင်းရသောကြောင့် ဆက်ပြီး အစ်ကိုအောင်သပြေထံ လာသည်များ ပေါ်သွားပြီး အစ်ကိုအောင်သပြေ သိသွားပါက မိမိကို အမုန်းကြီး မုန်းသွားပေမည်။

အစ်ကိုအောင်သပြေနှင့် မချစ်ရလျှင် ရှိပါစေတော့။ မိမိကို အစ်ကိုအောင်သပြေ မုန်းသွားမှာတော့ အိကေခိုင် ကြောက်သည်။ လုံးဝ အမုန်းမခံလိုပါ။

"ဟေး ..." '

အစ်ကိုအောင်သပြေထံမှ 'ဟေး ...' ဆိုသည့်အသံထွက်လာမှ အိကေခိုင် တောင်တွေးမြောက်တွေးတွေ လွင့်စဉ်သွားတော့သည်။

"ဟေး ... အိကေခိုင် တို့နှစ်ယောက်စလုံး ဆွံ့အ,နားမကြားသူတွေကျနေတာပဲ ... စကားမပြောဘဲ ငြိမ်နေလိုက်ကြတာ ... ဟိုမှာ လမ်းလက်ဝဲဘက်မှာ ရှေးဟောင်းစေတီတစ်ဆူ တွေ့တယ် ... အဲဒါ လောကဝိဒူစေတီဆိုရင် ကျွေး





ဝင်ရမှာလား ..."

"မဟုတ်ဘူး အစ်ကို ... လောကဝိဒူဘုရားကို ရောက်ဖို့ လိုသေးတယ် ..."

"ဒါဆို ... ဒီစေတီဘုရားကဘာလဲ ..."

"ရှေးဟောင်းစေတီဘုရားတစ်ဆူပဲ အစ်ကို ... ဒီစေတီဘုရားရဲ့ ဘွဲ့အမည်ကို ဘယ်သူမှ မသိကြဘူး ... အိကေခိုင်လည်း မသိဘူး ... အများအခေါ်ကတော့ စေတီပျက်ကြီးလို့ပဲ ခေါ်ကြတာပဲ အစ်ကို ... နှစ်ပေါင်းကြာလွန်းပြီမို့ တစ်ခြမ်းပြိုနေလို့ စေတီပျက်ကြီးလို့ ခေါ်ကြတာ ..."

"နေပါဦး ... ခုနက အိကေခိုင် တော်တော်ကြီးငိုင်ပြီး တစ်ခုခု အတွေးနက်နေသလိုပဲ ... အိကေခိုင် ဘာတွေတွေးပြီး ငိုင်နေတာလဲ ..."

"အစ်ကို့အကြောင်း တွေးနေတာ ..."

"ဟုတ်လား ... တို့အကြောင်း အိကေခိုင် ဘာတွေတွေးတာလဲ ..."

"အဲဒါကိုပဲ အိကေခိုင် ကိုယ့်ဘာသာ မကျေနပ်နေတာ ... အစ်ကို့အကြောင်းတွေးပေမဲ့ ဘာမှမှ မသိတာ ... အိကေခိုင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုတော့ အစ်ကို့ကို အိကေခိုင် အားလုံးပြောပြ ပြီးပြီ ... အစ်ကို့အကြောင်းကိုလည်း အစ်ကိုက အိကေခိုင်ကို ပြောပြသင့်ပါတယ်နော် ... ”

“တို့အကြောင်း အိကေခိုင် သိသွားရင် ... လောကကြီးမှာ ရှိတဲ့ ယောကျ်ားသားတွေထဲမှာ တို့ဟာ စိတ်ပျက်စရာ အကောင်းဆုံး ယောကျ်ားတစ်ယောက်ပါလားလို့ ... အိကေခိုင် မှတ်ချက်ချမှာ သေချာတယ် အိကေခိုင် ... ”

“ဘာပဲဖြစ်ဖြစ်ပေ့ါ အစ်ကိုရာ ... အစ်ကိုနဲ့ အိကေခိုင်ဟာ မောင်လို နှမလို ခင်မင်နေကြပြီပဲဟာ ... အစ်ကို့အကြောင်း ကောင်းကောင်းဆိုးဆိုး အိကေခိုင် သိချင်တာပေ့ါ ... ”

“ဟဲ ... ဟဲ ... ဘာတဲ့ ... မောင်လို နှမလို ဟုတ်လား ... အိကေခိုင် မဆိုးဘူး ... ဘောလီဘောကစားတဲ့နေရာမှာ ကျွမ်းကျင်ပုံရတယ် ... ကိုယ့်ဘက်ကို ကျလာတဲ့ဘောလုံးကို ချက်ချင်း တခြားဘက်ရောက်အောင် ပြန်ပုတ်ထုတ်နိုင်တယ် ... ဒါပေမဲ့ တို့အကြောင်းတွေ အိကေ့ခိုင်ကို ပြောပြမှာပါ ... ”

“ပြော ... အစ်ကို့အကြောင်းဆိုရင် အိကေခိုင် စိတ်ဝင်တစား





နားထောင်ချင်တယ် ... ”

“စိတ်မဝင်စားနဲ့ အိကေခိုင် ... တို့ လောကမှာ တို့ဟာ လူဆိုးသက်သက်တစ်ယောက်ဖြစ်နေတယ် ... တို့ကို တို့ အသိုင်းအဝိုင်းက ငှက်တေလေလို့တောင် ကင်ပွန်းတပ်ထားတယ် ... ဘာလို့ ငှက်တေလေလို့ တို့ကို ခေါ်ကြသလဲ အိကေ့ခိုင် သိလား ... ”

“မသိလို့ပဲ အစ်ကို့ကို မေးနေတာပေ့ါ ... ”

“ငှက်တေလေ ဆိုတာ ... သူ့မှာ အတည်တကျ အသိုက်မရှိဘူး ... ပျံချင်ရာကို ဦးတည်ချက်မရှိ ပျံသန်းနေတယ် ... တွေ့ရာ အသီးအရွက်ကို စားတယ် ... ဗိုက်ပြည့်ရင်ဖြီးရော အိပ်ချင်ရင် ရောက်ရာသစ်ပင် သစ်ကိုင်းမှာ အိပ်လိုက်တယ်၊ အိပ်တန်းသတ်သတ်မှတ်မှတ်မရှိဘူး ... မြန်မာစကားမှာ တေလေ ဆိုတဲ့လူဟာ အတည်တကျ အိုးအိမ်မရှိဘူး ... ရွာရိုးကိုးပေါက် သွားချင်ရာသွား ... စားချင်ရာစား ... နေချင်ရာနေတဲ့သူကို တေလေလို့ ကင်ပွန်းတပ်ကြတယ် ... တို့မိဘဆိုရင် တို့ကြောင့် မျက်ရည်ကျတာတွေများပြီ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... အစ်ကိုက စာတတ်ပါတယ်နော် ... "

အိကေနိုင် ဆိုလိုသည်မှာ အစ်ကိုက ဆိုးချင်ဆိုးမယ် ဒါပေမဲ့ ... ပါးနပ်တယ်၊ အသိတရားထားတယ်၊ စောင့်ထိန်းနိုင်စွမ်း ရှိတယ်ဟု ဆိုလိုချင်သည်ကို စာတတ်ပါတယ်နော်ဟု ပြောလိုက်ခြင်းဖြစ်ပါ၏။

"အေး ... တို့ စာတတ်ပါတယ် ... ရန်ကုန်တက္ကသိုလ်က ဘီအက်စီဘွဲ့ရတဲ့အထိ သင်ခဲ့ဖူးတယ် ... ဘွဲ့ရပြီးတာနဲ့ ငါ့ အပေါ် မိဘတာဝန်ကုန်ပြီ ... ငါ မိဘဆီမှာ ခိုကပ်နေစရာ မလိုတော့ဘူးလို့ ခံယူပြီး အိမ်က ထွက်လာခဲ့တယ် ... အပြင်မှာ ဂလေရိုက်တယ် ... ကိုယ်ထင်ရာ ကိုယ်လုပ် တယ် ... တို့ကို ဘယ်သူမှ ချုပ်ချယ်တာမခံဘူး ... လွတ် လွတ်လပ်လပ် ... ကိုယ်နေချင်သလို နေတယ် ... "

"အစ်ကို့မှာ ချစ်သူမရှိဘူးလား ... "

အောင်သပြေက ထုံးစံအတိုင်း အပြောရခက်လျှင် ပခုံးတွန့်ပြမြဲ တွန့်ပြလိုက်သည်။

"တို့ကို အိကေနိုင်က ... ကွတ်ရှင်အောက်တာလား"





"အစ်ကိုက ရုပ်ချောတယ် ... ချောတာမှ ယောကျ်ားဆန် ဆန်ချောတာ ... မြင်တာနဲ့ ယောကျ်ားပီသကြောင်း ထင် ရှားစေတယ် ... ပုံပန်းကလည်း သိပ်ကြည့်ကောင်းတယ်၊ အပြောအဆိုနဲ့ အပြုအမူကလည်း အမျိုးသမီးတွေ နှစ်သက် စေတယ် ... "

"နေဦး အိကေနိုင် ... "

ဟု ပြောပြီး အောင်သပြေက သူ၏လက်တံရှည်ကြီး ဖြင့် ဂျစ်ကားအမိုးကို မြှောက်ပြီး စမ်းလိုက်သည်။

"ဒါက ဘာလုပ်တာလဲ အစ်ကို ... "

"ဂျစ်ကားမိုးက တာလပတ်အမိုးပဲ ... အိကေနိုင် မြှောက် လွန်းလို့ မြောက်တက်သွားလည်း ခေါင်းမကွဲတန်ဘူးလို့ စမ်းကြည့်တာ ... "

အိကေနိုင် ကြည်နူးစွာ ရယ်ပါ၏။

"အိကေနိုင် ပြောတာ လုံးဝမြှောက်ပြောတာမပါဘူး ... အမြင်အတိုင်း ပြောတာ ... အဲဒီလို အစ်ကို့လို လူမျိုးမှာ ချစ်သူမရှိဘဲ နေပါ့မလားလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ ချစ်သူရှိတယ် ကေခိုင် ... သူက တို့ကို သိပ်ချစ်ရှာတယ် ... တို့ကလည်း သူ့ကို ချစ်တာပါပဲ ... "

"အဲဒါ ပြောတာပေါ့ ... အစ်ကို့အနေနဲ့ ကိုယ့်ချစ်သူကို လက်ထပ်လိုက်ရင် ဘေလေဘဝက လွတ်သွားမှာပေါ့ ... "

"အဲဒါကို တို့ ခဏခဏ စဉ်းစားသားပဲ ... ဒါပေမဲ့ ကိုယ့်ချစ်သူကို လက်ထပ်ဖို့ ကိုယ့်လိပ်ပြာ ကိုယ်မသန့်လို့ ... "

"ဘာလို့ ... "

"တို့ချစ်သူက အရာရာမှာ တို့ထက်သာတယ် ... မိဘချမ်းသာတာခြင်းကျတော့ အတူတူပဲ ထားပါတော့ ... ဒါပေမဲ့ ပညာမှာ တို့ထက်သာတယ် ... ကိုယ်ကျင့်တရားဆိုလည်း တို့ထက်သာတာပဲ ... တို့က ဂလေရိုက်နေပေမဲ့ ... တို့ချစ်သူက တည်တည်တန့်တန့် သိက္ခာရှိရှိနေတယ် ... အို ... အိကေခိုင်ရယ် ... ကို့က တို့ချစ်သူကို လက်ထပ်လိုက်ရင် ချစ်ရာမရောက်ဘဲ သူ့ဘဝကို နှစ်ရာရောက်သွားမလားဆိုပြီး လက်မထပ်ရဲဘူး ... "

"ဒါဆို ... အစ်ကိုက သူ့ကို လက်မထပ်တော့ဘူးလား"





အိကေခိုင် ပြန်မေးရာတွင် သူမ၏ မျက်နှာလေး၌ မျှော်လင့်ချက်အရောင်လေးတွေ ယှက်သမ်းနေသည်ကို တွေ့ရပါ၏။

အိကေခိုင်က တင်ကြို့တွက်ပြီးမှ မေးခြင်းဖြစ်သည်။

"တို့မှာချစ်သူမရှိဘူး ... "ဟု အစ်ကိုကဖြေလျှင် သူမအပေါ် မရိုးသားသောကြောင့် မရှိဘူးလို့ ဖြေခြင်းဖြစ်ရမည်။

အကြောင်းမူ အစ်ကိုတွင် 'ဝိုင်း' ဆိုသည့်ချစ်သူ ရှိနေမှန်း ကိုလွင်ဦး ပြောထားသဖြင့် အိကေခိုင်က သိပြီးသား ဖြစ်နေသည်။ အစ်ကိုက မလိမ်မညာပေ။

ချစ်သူရှိကြောင်း ဝန်ခံပြောရုံမက သူ့ချစ်သူ၏ အရည်အသွေးတွေကိုပင် ပြောပြလိုက်သေးသည်။

သို့သော် ...

သူ၏ချစ်သူ နစ်နာသွားမည်စိုးရိမ်၍ လက်မထပ်ရဲပါဆိုသောအခါတွင်မူ အိကေခိုင်က အစ်ကို့ကို ပြန်လည်မျှော်လင့်မိပြန်သည်။

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ အိကေခိုင် ... တို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို တစ်နေ့ကျရင် လက်ထပ်မှာပါ … လက်ထပ်နိုင်အောင် လက်မထပ်မီ တို့ရဲ့ ဂလေဘဝကိုစွန့်ပြီး တည်တည်တံ့တံ့ နေဦးမယ် … တို့ချစ်သူက တို့ကို အားကိုးနိုင်လောက်တဲ့အထိ နေထိုင်ဦးမယ် … လုပ်ကိုင်ဦးမယ် … အဲဒီလို တို့ဘဝတည်ငြိမ်သွားမှ တို့ချစ်သူကို လက်ထပ်မယ် …”

“ဒါလား လူဆိုး …”

အစ်ကိုအောင်သပြေ၏ စိတ်ရင်းခံတတ်ခဲ့သည် အဆင့်မြင့်လေစွ။

“အဲဒီရှေ့က ရွာလေးဟာ အနီးယာရွာပဲ အစ်ကို …”

“ဟုတ်လား … ဒါဆို လောကစိဒူဘုရားကကော …”

“အနီးယာရွာကိုကျော်ပြီး မောင်းရဦးမယ် အစ်ကို”

အနီးယာရွာကို ဖြတ်ကျော်ခဲ့သည်။ အနီးယာရွာသည် ဆင်းရဲသောရွာလေးပင် ဖြစ်ဟန်တူသည်။ တိုက်တာအဆောက်အဦ လုံးဝမရှိဘဲ သွပ်မိုးပျဉ်ထောင်အိမ်ပင် နှစ်အိမ်သုံးအိမ်ခန့်သာ တွေ့ရသည်။ ကျန်သော အိမ်တွေမှာ ထရံကာ ဖက်မိုးအိမ်လေးတွေသာ ဖြစ်ပါ၏။





“ဟောဟိုမှာ … အဲဒါ လောကစိဒူစေတီဘုရားပဲ …”

တောင်ကုန်းအမြင့်တွင် တည်ရှိသော စေတီဘုရားဖြစ်ပါ၏။ ရွှေလည်းမချ ထုံးဖြူလည်းမသုတ်သည့်ပြင် ကြေးထီးတော်မှာ ကြေးညှိများတက်ပြီး အမည်းရောင်သို့ ရောက်နေသည်။

ဘုရားပေါ်တက်သည့် စောင်းတန်းရှေ့တွင် ဂျစ်ကားကို ရပ်လိုက်သည်။

အောင်သပြေနှင့် အိကေနိုင် စောင်းတန်းလှေကားထစ်များမှ တက်ရောက်ခဲ့သည်။

ရင်ပြင်တော်ပေါ် ရောက်သည်နှင့် အိကေနိုင်က ထိုင်၍ကန်တော့ရှိခိုးနေစဉ် အောင်သပြေသည် ဘေးအကာ အုတ်တံတိုင်းဆီသို့ သွားသည်။

အုတ်တံတိုင်းတွင် ရပ်ကာ ဝန်းကျင်ကို ရှာဖွေမျက်စိဖြင့် ဝေ့ဝိုက်ကြည့်သည်။

နှစ်ဖာလုံခန့် အကွာတွင် အုန်းပင်သုံးပင်ဖိုခလောက်ဆိုင် ပေါက်နေသည်ကို လှမ်းမြင်ရသည်။ အုန်းသုံးပင် ဖိုခလောက်ဆိုင်၏ လက်ဝဲဘက် ကိုက်တစ်ရာခန့်တွင် ပျက်စီးယိုယွင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူဘုရားတစ်ဆူကို တွေ့ရသည်။

ယင်းလိုဏ်ဂူဘုရားပျက်ကြီးသည် 'မွှာဗောဓိဘုရား ဖြစ်ရမည်။

ဘာပြောပြော အလွတ်ကျက်မှတ်ထားသော ရည်ညွှန်းချက်အတိုင်း လောကဝိဒူဘုရားပေါ်မှ အနန်းသုံးပင် ဗိုခလောက်ဆိုင်နှင့် မွှာဗောဓိဟု ယူမှတ်နိုင်သည့် ဘုရားပြို ဘုရားပျက်ကို မြင်တွေ့ရပေပြီ။

ထိုဘုရားပြို ဘုရားပျက်ထဲသို့ မိမိ တစ်ယောက်တည်း ပြန်လာပြီး ရည်ညွှန်းချက်အတိုင်း လိုသောပစ္စည်းကို ရှာဖွေရဦးမည်။

"အစ်ကိုက ဘုရားလာဖူးပြီး ဘုရားကိုလည်း မကန်တော့ဘူး ... အုတ်တံတိုင်းကနေ ဘာတွေကို လှမ်းကြည့်နေတာလဲ အစ်ကို ... အိကေခိုင် အစ်ကို့နောက်မှာ လာရပ်တာကိုတောင် မသိဘူး ..."

"တို့က ဗုဒ္ဓဘာသာဝင်စစ်စစ်ပါ ... တကယ်လို့ တကယ့်ရှေးဟောင်းရာဇဝင်ကြောင်းနဲ့ ဘုရားတွေကို ဖူးချင်တယ်ဆိုရင်





ပုဂံ ညောင်ဦး သွားဖူးတာ အသင့်တော်ဆုံးပေါ့ ... အခုတို့ သီတာဂူကို လာခဲ့တာ ... ဘုရားဖူးသက်သက် မဟုတ်ဘူး အိကေခိုင် ..."

"ဒါဖြင့် ဘာလို့လာတာလဲ ..."

"တို့ တက္ကသိုလ်က ဘူမိဗေဒဘာသာယူခဲ့တယ် ... တို့ သတင်းတစ်ခု ရထားတယ် ... လားရှိုးအနီးက သီတာဂူရဲ့ အရှေ့မြောက်ပိုင်းတစ်နေရာမှာ လောကဝိဒူဆိုတဲ့ဘုရားရှိတယ် ... လောကဝိဒူဘုရားရဲ့ မြေနီမှိုင်းနဲ့ မြေညီပိုင်းမြေမှာ သံဖြူကြောကြီးရှိတယ်တဲ့ ... ဒါကြောင့် အဲဒီကြားရတဲ့သတင်းဟာ ဖြစ်နိုင်သလား ... မဖြစ်နိုင်သလားဆိုတာ တို့ကိုယ်တိုင် သီတာဂူကိုလာပြီး လောကဝိဒူဘုရားပေါ်ကနေပြီး မြေနီမှိုင်းနဲ့ မြေညီပိုင်းကို ကြည့်တာပဲ အိကေခိုင် ..."

"ဒါဆို ... လောကဝိဒူရဲ့ ဘုရားသမိုင်းအကြောင်း အိကေခိုင်က ပြောပြဖို့ မလိုဘူးပေါ့ ဟုတ်လား ... အိကေခိုင်ရဲ့ တာဝန်က ပရိတ်ကို တာဝန်လေ ..."

"ရတယ် အိကေခိုင် ... ရှေ့ဘုံနန်းဟိုတယ်ကို ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မှ စားရင်းသောက်ရင်း လောကဝိဒူဘုရားရဲ့ သမိုင်းကြောင်းကို အိကေနိုင် ပြောပြ … ဟုတ်လား …”

“ဒါတော့ အစ်ကိုသဘောပဲလေ …”

“သြော် … အိကေနိုင် …”

“ပြောပါ အစ်ကို …”

“ဓမ္မာဇောဓိဆိုတဲ့ ဘုရားအကြောင်း မေးချင်လို့ပါ …”

အိကေနိုင် ရုတ်ခြည်းပြန်မဖြေပေ။ စဉ်းစားနေသေးသည်။

“အိကေနိုင် ပရိတ်ကို အလုပ်လုပ်ဖို့ သီတဂူ တစ်ဝိုက်မှာရှိတဲ့ စေတီဘုရားတွေရဲ့ သမိုင်းကို တစ်ဆူချင်း … ဘွဲ့တော်တွေရော … တစ်ဆူချင်းရဲ့ သမိုင်းကြောင်းတွေကိုရော လေ့လာပါတယ် … ဒါပေမဲ့ အိကေနိုင် လေ့လာသလောက်၊ စေတီတွေ ဘုရားတွေမှာ ဓမ္မာဇောဓိဘုရား မပါဘူး … အဲဒီဘုရားကို သီတဂူမှာ သိပ်ကြားဖူးတဲ့လူတောင် မရှိသလောက်ပဲ … ဘုရားက သိပ်ပြိုကျပျက်စီးနေပြီမို့ … လူအများ အဖူးအမြော်မရှိတော့တဲ့ စေတီတွေ ဘုရားတွေကို





စာရင်းထဲ မထည့်တော့ဘူး …”

“ကဲ … ဒါဆို ပြန်ကြစို့ …”

နှစ်ဦးသား နောက်ထပ်မည်သည့်ဘုရားကိုမှ မဝင်ကြတော့ဘဲ သီတဂူသို့ ပြန်လာကြသည်။

ရွှေဘုံနန်းသို့ ရောက်သောအခါ ကားခကျသင့်ငွေကို အိကေနိုင် တွက်ချက်ပေးသည့်အတိုင်း အောင်သမြေက ပေးလိုက်သည်။

“နက်ဖြန် … အစ်ကို သွားစရာ ရှိသေးလား …”

“ရှိတော့ ရှိတယ် … ဒါပေမဲ့ အိကေနိုင် လာဖို့မလိုတော့ဘူး … တို့ကို တို့မိတ်ဆွေတစ်ယောက်က လာခေါ်လိမ့်မယ် …”

“သီတဂူမှာ အစ်ကို့မိတ်ဆွေတစ်ယောက်မှ မရှိဘူးဆို”

“ဟုတ်တယ် … အခု မိတ်ဆွေဆိုတာက လားရှိုးကနေပြီး သီတဂူလာတုန်းက ဘတ်(စ်)ကားပေါ်မှာ သိကျွမ်းသွားတဲ့ မိတ်ဆွေလေ …”

“ဒါဆို ပြီးရော … အစ်ကို အလိုရှိတဲ့နေ့ဆိုရင် ရွှေဘုံနန်းက



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မန်နေဂျာကိုသာ အိကေခိုင်ကို ခေါ်ပေးပါလို့ ပြောလိုက်ပေါ့ ... ”

“နေဦး ... အိကေခိုင်က ရွှေဘုံနန်းမှာ နေ့တိုင်းအလုပ်ဆင်းတာမဟုတ်လို့လား ... ”

အိကေခိုင် ခေါင်းခါပြသည်။

“ပရိတ်ကိုအလုပ်ဆိုတာ နေ့တိုင်း ဘယ်ရှိပ့ါမလဲ အစ်ကိုအစ်ကို့လို ဧည့်စိမ်းရောက်လာမှ ... လူသစ်ရောက်မှ အိကေခိုင်အတွက် အလုပ်ပေါ်တာ ... ကဲ အစ်ကို့ကို အိပ်မက်လှလှလေးတွေမက်ပါစေလို့ အိကေခိုင် ဆုတောင်းပေးပ့ါမယ် ... ”

အိကေခိုင် နှုတ်ဆက်ထွက်သွားသည်ကို အောင်သပြေ ငေးကြည့်ရင်း ကျန်ခဲ့သည်။

အကယ်၍သာ ...

အောင်သပြေ စေတနာ မေတ္တာ ကရုဏာ အကြင်နာတွေ ထားရှိသော အိကေခိုင်က ဒီကပြန်သွားသည်နှင့် ဦးဖိုးထွားနှင့် ကိုလွင်ဦးဆီသို့ ဆက်သွားပြီး ဒီနေ့ အောင်သပြေ ဘယ်တွေကိုသွားသည်။ ဘာတွေလုပ်ခဲ့သည်ဆိုသည့် အကြောင်းများ ပြန်ပြောမည်မှန်း အောင်သပြေ သိရှိပါက အိကေခိုင်အပေါ်တွင် အောင်သပြေ မည်သို့သဘောထားလေမည်နည်း။







www.burmeseclassic.com

www.burmeseclassic.com



## အောင်ကျော်မင်း ပိုင်းနှင့်တွေ့ဆုံခြင်း

၆

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ဆရာမ ..."

"ဩော် ... ကိုအောင်ကျော်မင်းပါလား ..."

စမ်းချောင်း၊ မအူပင်လမ်းထဲသို့ ရဲကားတစ်စီး ဝင်လာကာ ပိုင်းတို့အိမ်ရှေ့တွင် ရပ်သည်။

ရဲကားပြာပေါ်မှ အောင်ကျော်မင်း ဆင်းလာပြီး အိမ်ထဲသို့ ဝင်ခွင့်တောင်းသည်။

ပိုင်းက တံခါးဖွင့်မပေးသေးဘဲ တံခါးသံဇကာကွက်မှ ကိုအောင်ကျော်မင်းကို ပြန်ပြောခြင်းဖြစ်ပါ၏။

အောင်ကျော်မင်းကို ပိုင်း ကောင်းကောင်းမှတ်မိ





သည်။

အစ်ကိုအောင်သပြေအား လူသတ်မှုနှင့် ဖမ်းပြီး ရုံးတင်ခဲ့သည့် ရဲအရာရှိမှန်း မှတ်မိနေသည်။

ယခု အစ်ကိုအောင်သပြေကို တရားရုံးက တရားသေလွှတ်ပြီးလေမှ ကိုအောင်ကျော်မင်းက ဘာများထပ်ပြီး အရစ်ရှည်ချင်သဖြင့် မိမိထံသို့ လာခဲ့ခြင်းပေနည်းဆိုသည့် စူးစမ်းအကြည့်ဖြင့် ကြည့်ကာ ချက်ချင်းတံခါးဖွင့်မပေးခြင်းဖြစ်ပါ၏။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ... တံခါးဖွင့်ပေးပါ ဆရာမ ... အခု ကျွန်တော် ဆရာမဆီကိုလာတာ အမှုလိုက် အိုင်အို အဖြစ် လာတာမဟုတ်ပါဘူး ... ဆရာမနဲ့ တွေ့ချင်တဲ့ ဧည့်သည်သဘောနဲ့ လာတာပါ ... ကျွန်တော် လာတဲ့အတွက် ဆရာမမှာ အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင် ... ကျွန်တော် တောင်းပန်ပါတယ် ..."

"ကျွန်မအနေနဲ့ ဧည့်သည်ဆိုရင် ဘယ်ဧည့်သည်လာလာ အနှောင့်အယှက် မဖြစ်ခဲ့ပါဘူး ... ကဲ ... ဝင်ပါ ..."

ပိုင်းက တံခါးဖွင့်ပေးသည်။

မည်သည့်အိမ်ရှင်မဆို ရဲအရာရှိတစ်ဦးလာသည်ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



က ဝင်ခွင့်ပေးရမည်သာ။

အိမ်ထဲသို့ အောင်ကျော်မင်း ဇင်လာသည်။

မြန်မာအိမ်မို့ အိမ်ရှေ့တစ်လျှောက်လုံး ဖိနပ်ချွတ်ပရန်တာဖြစ်ပြီး နောက်ထပ်တစ်ပေခန့်အမြင့်ကို တက်ရောက်မှ ဧည့်ခန်းသို့ ရောက်သည်။

ဧည့်ခန်း၏ အရှေ့ဘက်မှာ ဘုရားခန်းဖြစ်သည်။ အောင်ကျော်မင်း စီးလာသော ဖိနပ်ကိုချွတ်ပြီးမှ အိမ်ဧည့်ခန်းသို့ ဝင်ထိုင်သည်။

ထိုင်မယ်နော်ဟု ပြောပြောဆိုဆို ဝင်ထိုင်ပြီး ဦးထုပ်ကို ချွတ်ကာ ဧည့်ခံစားပွဲပေါ်တွင် တင်ထားလိုက်သည်။

"ကျွန်တော် ဆရာမရဲ့ဧည့်သည် … ဆရာမရဲ့မိတ်ဆွေအဖြစ် လာခွင့်ရတာကို အများကြီးဂုဏ်ယူမိပါတယ် ဆရာမ … ဘာလို့လဲဆိုတော့ ဆရာမ ကျွန်တော်တွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာ အင်မတန် ရှားပါးတဲ့ အမျိုးသမီးတစ်ဦး ဖြစ်နေလို့ပါ … "

"ဘာကိုဆိုလိုချင်တာလဲ ကိုအောင်ကျော်မင်း … "

ဝိုင်းက ဝင်မထိုင်သေးဘဲ မတ်တတ်ကပင် ပြန်မေး





လိုက်သည်။

"ထိုင်ပါလား ဆရာမ … ကျွန်တော်တို့ နည်းနည်းပါးပါး စကားပြောကြရအောင် … "

ဝိုင်းက မျက်နှာချင်းဆိုင်ဆက်တီတွင် ဝင်ထိုင်လိုက်ပါ၏။

"ဘာကိုဆိုလိုသလဲဆိုရင် … ဆရာမရဲ့ ပညာဂုဏ်၊ ကျောင်းဆရာမဆိုတဲ့ ဂုဏ်တွေအပြင် … ဆရာမရဲ့ စိတ်နေသဘောထားနဲ့ အကျင့်သိက္ခာတွေဟာ တကယ်ချီးကျူးထိုက်လို့ပါ၊ ဒါပေမဲ့ … ဆရာမဟာ ကိုယ့်ချစ်သူအတွက် အများသုံးငါ ရှိနေတဲ့ တရားခွင်မှာ ချစ်သူလွတ်မြောက်ရေးကို အဓိကထားပြီး ကိုယ့်အရှက်ကိုမငဲ့ကွက်ဘဲ အလီဘိုင်ထွက်ဆိုပြလိုက်တဲ့သတ္တိဟာ အထူးလေးစားဖို့ကောင်းတဲ့ သတ္တိမျိုးပါ"

ဝိုင်း မျက်မှောင်ကြုတ်မိသည်။

ပြီး ကိုအောင်ကျော်မင်းကို ရဲရဲဝင့်ဝင့် ရင်ဆိုင်ဖို့လည်း ဆုံးဖြတ်လိုက်သည်။

"ကိုအောင်ရဲ့ အမှုဟာ … တရားရုံးက တရားသူကြီးကိုယ်တိုင် ကွင်းလုံးကျွတ် တရားသေလွတ်စေလို့ စီရင်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



ပြီးဝါပြီ ... ဝိုင်း နားလည်သလောက်ဆိုရင် ရှုံးတော့က စီရင်ချက်ချပြီးမှတော့ ကိုအောင်ကျော်မင်းရဲ့ အရှုံးရှိ အိုင်အိုအနေနဲ့ နငယ်ကို ထပ်ပြီး အမြီးရှည်အောင် ဆွဲဖို့မလိုတော့ဘူးလို့ ဝိုင်း နားလည်ထားပါတယ် ... ဘာလဲ ... ကိုအောင်ကျော်မင်းက ကိုအောင် လည်ပင်းကြိုးကွင်းအစွပ်ခံရတာက လွတ်သွားတာကို မကျေနပ်လို့ ဝိုင်းရဲ့ အလီဘိုင်ထွက်ဆိုချက်ကို ခြေရာပြန်ကောက်နေတာလားရှင် ... ဒါဆိုရင် ကိုအောင်ကျော်မင်းဟာ ကိုအောင့်အပေါ်မှာ အာဃာတကြီးလွန်းရာ ရောက်မနေဘူးလား ...”

“ဟာဗျာ ... အဲဒီလို လုံးဝကြီးကို မဟုတ်ရပါဘူး ဆရာမဘုရားပေးပေး ကျမ်းပေးပေး ... ကျွန်တော် ကိုအောင်သပြေအပေါ်မှာ ဘာအာဃာတမှ မရှိရိုး မထားရိုးအမှန်ပါဟိုတုန်းကလည်း မထားမရှိခဲ့ပါဘူး ... အခုလည်း ဘာဃာတမှ မရှိဘူး ... ကိုအောင်သပြေကို အမှုမဖြစ်ခင်က မြင်တောင် မမြင်ခဲ့ဖူးပါဘူးဗျာ ... ဘာလို့ အာဃာတ ရှိရမှာလဲ ...”

“ဒါဆို ... အခု ဝိုင်းဆီကို လာပြီး ဘာလို့ အလီဘိုင်ကိစ္





ပြန်နှုးပြန်ဖော်နေတာလဲ ကိုအောင်ကျော်မင်း ...”

“ဆရာမဟာ ကျောင်းဆရာမတစ်ယောက်ပါ ... ကျောင်းဆရာမနဲ့ နီးစပ်တဲ့ ဥပမာတစ်ခု ကျွန်တော် တင်ပြပါရစေ၊ ကျောင်းသားတစ်ယောက်ဟာ ကျောင်းမှန်မှန်တက်တယ်၊ စာမှန်မှန်ကျက်တယ် ... စာမေးပွဲအောင်ဖို့ သိပ်ကြိုးစားတယ် ... ဒါပေမဲ့ ဒီကျောင်းသားဟာ စာမေးပွဲ ဖြေတော့ မအောင်ဘဲ ကျသွားတယ် ... ဒါဆိုရင် အဲဒီကျောင်းသားရင်ထဲမှာ ဘယ်လိုခံစားရမလဲ ... သူ ဘာလို့ စာမေးပွဲ ကျရသလဲ ဆရာမ ...”

“ဝိုင်းကို မမေးပါနဲ့ ... ကိုအောင်ကျော်မင်းပဲ ဆက်ပြောပါ၊ အခုပေးတဲ့ ဥပမာဟာ ကိုအောင်ကျော်မင်း ဘာကို ရည်ညွှန်းနေတာလဲ ... တည့်တည့်ပဲ ပြောပါ ကိုအောင်ကျော်မင်း ...”

“ဟဲ ဟဲ ... အဲဒီကျောင်းသား စာမေးပွဲကျတာဟာ ... သူ ဘယ်လောက်စာကျက်ထားထား ... မေးခွန်းနဲ့ သူဖြေတာဟာ အံမချော်ပြီး တလွဲစီဖြစ်သွားလို့ စာမေးပွဲကျတာပေါ့၊ မဟုတ်ဘူးလား ဆရာမ ...”



www.burmeseclassic.com

www.burmeseclassic.com



စိုင်းက ပြန်မပြော ပြန်မဖြေ။ သူပြောတာကိုသာ နားထောင်သည်။

"ကိုအောင်သပြေရဲ့ အမှုမှာ ကျွန်တော် လွဲချော်သွားတာ ရှိတယ် ... ကိုအောင်သပြေက သူဌေးဦးကိုကိုကို သတ်ပါတယ်ဆိုတဲ့ တယ်လီဖုန်းသတင်းပေးတာနဲ့ ကျွန်တော်က ကိုအောင်သပြေရဲ့နောက်ကို ချက်ချင်း ထ,လိုက်တယ် ... တကယ်ဆိုရင် ကျွန်တော် ပထမလုပ်သင့်တာက အဲဒီ တယ်လီဖုန်းသတင်းပေးသူဟာ ဘယ်သူလဲ ... ဘာကြောင့် ကျုပ်ဆီကို တယ်လီဖုန်းနဲ့ သတင်းပေးရသလဲဆိုတာ အတိအကျသိအောင် ကျွန်တော် စုံစမ်းရမယ် ... အဲဒီလို ကျွန်တော်က ပထမဦးစားပေးမလုပ်ဘဲ ... ကိုအောင်သပြေနောက်ကို တန်းလိုက်တာ ကျွန်တော့်အမှားပဲ ..."

"ဒါဆို ... ကိုအောင်က လူမသတ်ဘူးဆိုတာ ကိုအောင်ကျော်မင်းစိတ်ထဲက ယုံကြည်တယ်ပေါ့ ... ဟုတ်လား"

"ဒါကျတော့ သူဌေးဦးကိုကို အသတ်ခံရတာက အထင်ကရကြီးလေ ဆရာမ ... သူဌေးကိုကိုကို တစ်ယောက်ယောက်က သတ်ခဲ့တယ်ဆိုတာကတော့ သေချာတယ် ... အဲ ...





ကိုအောင်သပြေ သတ်တာမဟုတ်ရင် တခြားတစ်ယောက်ယောက် သတ်တာဆိုတာ ငြင်းလို့မရဘူး ... ဒီအမှုမှာ ကိုအောင်သပြေ လွတ်သွားတာဟာ တရားလိုဘက်က ဦးကိုကိုကို ကိုအောင်သပြေက ဘာလို့သတ်ပါတယ်ဆိုတဲ့ မိုးတစ်(ဗ်)မပြနိုင်တာရယ် ... ဆရာမရဲ့ သိပ်နိုင်မာတဲ့ အလီဘိုင် သက်သေပြမှုကြောင့်ရယ် ... တရားရုံးတော်က ကိုအောင်သပြေကို တရားသေလွှတ်ပေးတာ ... ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဦးကိုကို မသေမီက ကိုအောင်သပြေနဲ့ ဦးကိုကို ဆက်သွယ်မှုတစ်ခုခုတော့ ရှိနေရမယ်လို့ ယူဆထားတယ် ..."

"ဒါကြောင့် ... အခု ကိုအောင်ကျော်မင်းက စိုင်းဆီကို လာပြီး အဲဒီမိုးတစ်(ဗ်)ကို စုံစမ်းတယ်ဆိုပါတော့ ... စိုင်း မှန်တာကို မှန်တဲ့အတိုင်း ပြောမယ် ... ကိုအောင်ဟာ သူလုပ်ချင်ရာလုပ်တဲ့ အကျင့်ရှိတယ် ... ဒါပေမဲ့ သူ ဘာလုပ်လုပ် စိုင်းကို ပြောပြလေ့မရှိဘူး ... သူ့မိဘကိုလည်း မပြောဘူး ... သူ့သူငယ်ချင်း မိတ်ဆွေတွေကိုလည်း မပြောဘူး ... တိုတိုပြောရရင် ကိုအောင်ဟာ သူလုပ်ချင်ရာ လုပ်တာကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမှ ပြောလေ့မရှိဘူးဆိုတာပဲ ... ဦးကိုကိုနဲ့ သူ အဆက်အသွယ်ရှိကြောင်းလည်း တစ်ခါမှ ပိုင်းကို မပြောဖူးဘူး ... ဦးကိုကိုဆိုတဲ့ နာမည်ကို ကိုအောင် အမှုဖြစ်မှ ပိုင်း ပထမဆုံး ကြားဖူးတဲ့နာမည်ပဲ ... အဲဒါ ပိုင်းရဲ့ အမှန်ကန်ဆုံးသော စကားပဲ ... ”

“ဆရာမပြောတာကို ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်ပါတယ် ... ဦးကိုကိုနဲ့ ကိုအောင်သမြေရဲ့ ဆက်သွယ်မှုကို ဆရာမ မဆိုထားနဲ့ ဦးကိုကိုရဲ့ဇနီး ဒေါ်မိမိကြီးနဲ့ သားကိုလွင်ဦးတောင် မသိကြဘူး ... ”

“ဒါဆို ပြီးပြီပဲ ... ကိုအော်ကျော်မင်းရဲ့ အဖိုးတန်တဲ့ အချိန်တွေ ဘာလို့ ဒီမှာလာဖြုန်းနေမလဲ ... ”

“ကျွန်တော့်ကို မနင်ပါနဲ့ ဆရာမ ... အခု ကျွန်တော်လာတာ စုံစမ်းမှုပါသလို ကိုအောင်သမြေရဲ့ အကျိုးအတွက်လည်း ပါပါတယ် ... ”

ကိုအောင့်၏ အကျိုးအတွက် ပါဝင်သည်ဆိုသည့် စကားကိုတော့ ပိုင်း စိတ်ဝင်စားသွားသည်။

“ကိုအောင့်အတွက် ဘယ်လိုအကျိုးပါလို့လဲ ... ”





“ကျွန်တော် ပြောသွားရင်း ... ကိုအောင်သမြေရဲ့ အကျိုးအတွက်ဆိုတာ ပါလာမှာပါ ဆရာမ ... ကျွန်တော် မေးပါရစေ ... အခု ကိုအောင်သမြေ ဘယ်ကိုသွားသလဲ ... ဘယ်ကို သွားမယ်လို့ ဆရာမကို ပြောသွားသလဲ ဆရာမ ... ”

“အဲဒါ ပိုင်း မသိဘူး ... ကိုအောင်က ဘာမှပြောမသွားဘူး”

“ဒါဆို ... ကျွန်တော်ကပဲ ဆရာမကို ပြောပြပါမယ် ... ကိုအောင်သမြေဟာ လားရှိုးသွား ဟိုင်းနိုးကားနဲ့ လားရှိုးကို သွားတယ် ... လားရှိုးကတစ်ဆင့် သီတဂူကို သွားမယ်လို့ ကျွန်တော် သတင်းရတယ် ... ”

“အဲဒါတော့ ပိုင်း မသိဘူး ... ကိုအောင်ရဲ့ အကျင့်က ဟိုတုန်းတည်းက သူသွားချင်ရာ သွားတာပဲ ... ”

“ကျွန်တော် ဆက်ပြောပါ့မယ် ... ကိုအောင်သမြေ လားရှိုးကို သွားတာနဲ့ သူ့နောက်ကို လူနှစ်ယောက်က ခြေရာခံလိုက်သွားတာကိုပါ ကျွန်တော် ခြေရာခံမိလို့ ပြောနေတာပါ ... ”

“ကိုအောင့်နောက် ခြေရာခံလိုက်တဲ့ လူနှစ်ယောက်က ဘယ်သူတွေလဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ပထမတစ်ဦးက ဦးကိုကိုရဲ့သား ကိုလွင်ဦးပဲ ..."

"အဲဒီကိုလွင်ဦးဆိုတဲ့ လူက ကိုအောင့်ကို ကြိုးဒဏ်ကျစေချင်တဲ့လူပဲ ..."

"ဟုတ်ပါတယ် ဆရာမ ... ကိုလွင်ဦးဟာ ကိုအောင်သပြေ တရားသေလွတ်သွားတာကို လုံးဝမကျေနပ်တဲ့လူပဲ ... သူ့အမေ ဒေါ်မိမိကြီးက ပိုပြီးတောင် မကျေနပ်သေးတယ် ... ဒီတော့ စဉ်းစားစရာ ရှိလာတယ် ... တရားရုံးက တရားသေလွှတ်တဲ့ ကိုအောင်သပြေကို သူတို့နည်း သူတို့ဟန်နဲ့ ပြန်ကလဲ့စားချေဖို့လားဆိုတာ စဉ်းစားစရာဖြစ်လာတယ်"

"ဒုက္ခပါပဲ ... ဒါဆို ဝိုင်း သီတဂူကို လိုက်သွားမှဖြစ်မယ်"

"လုံးဝမလိုက်သင့်ဘူး ဆရာမ ... သီတဂူဆိုတာ ဆရာမ မြန်မာပြည်မြေပုံထဲမှာ ရှာကြည့်တောင် မတွေ့မပါတဲ့နေရာပဲ ... ရွာကြီးကနေ မြို့သစ်လေးတစ်ခု ဖြစ်လာတာ ဘာကြာသေးလို့လဲ ... ဟိုဘက်နိုင်ငံတွေကို မှောင်ခိုကူးသန်းနိုင်တာကို အခြေပြုပြီး ကြီးထွားလာတဲ့ ရွာကြီးတစ်ရွာပါ။ ဆရာမလို မိန်းမသားအနေနဲ့ မသွားသင့်တဲ့နေရာမျိုး ..."

"ဒါဆို ... ကိုအောင်ကျော်မင်းက ဘာလို့ ဆက်လိုက်မသွားတာလဲ ..."

"ခက်သားပဲ ဆရာမ ..."

"ဘာခက်တာလဲ ..."

"တရားရုံးတော်က စီရင်ချက်ချထားပြီးသားအမှုကို ... ကျွန်တော်က ရဲဝန်ထမ်းတစ်ဦးအနေနဲ့ တာဝန်မရှိတော့ဘူး၊ တာဝန်အရဆိုရင် ကုန်ကျစရိတ် ... ခရီးစရိတ်ကို ထောက်ပံ့တယ် ... တာဝန်အရမဟုတ်ရင် ကျွန်တော် သီတဂူကို သွားပိုင်ခွင့်မရဘူး ..."

"တကယ်လို့ သီတဂူကို သွားတဲ့ ကုန်ကျစရိတ်ကို ဝိုင်းက ပေးမယ်ဆိုရင်ကော ... ကိုအောင့်ကို ကာကွယ်ပေးဖို့ပေါ့"

အောင်ကျော်မင်း ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး ဆရာမ ... ကျွန်တော်တို့ တာဝန်ထမ်းဆောင်ရတာက သူ့နယ်မြေနဲ့သူပါ ... နောက်တစ်ချက်က အထက်က ပေးအပ်တဲ့တာဝန်မဟုတ်ရင် ကျွန်တော် ခရီးသွားခွင့်မရှိဘူး ... အဲ ... ခွင့်ယူပြီး သွားမယ်ဆိုရင်တော့ရတယ်၊ ဒါပေမဲ့ ခွင့်ယူထားတဲ့ ရဲတစ်ယောက်ဟာ သာမန်အရပ်သား







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ် ... ကိုအောင်သပြေကို ရဲတစ်ယောက်အနေနဲ့ အကာအကွယ် မပေးနိုင်ဘူး ...”

“ဒါဆို ဒုက္ခပဲ ...”

“အင်း ... စဉ်းစားစရာတွေပဲ ... ကိုအောင်သပြေရဲ့နောက်ကို ကိုလွင်ဦး လိုက်သွားတဲ့အမြင် ... ဦးကိုကိုရဲ့ အထွေထွေမန်နေဂျာ ဦးစောရွှေလည်း လိုက်သွားသေးတယ် ... ကိုလွင်ဦးကို ကူညီပေးဖို့ ဒေါ်မိမိကြီးက ဦးစောရွှေကို လွှတ်လိုက်တာ ဖြစ်ကောင်းဖြစ်နိုင်တယ် ...”

ဝိုင်း မျက်ရည်ဝိုင်းတော့သည်။

“ကျွန်တော် အကြံတစ်ခု ပေးပါရစေ ... ကိုအောင်သပြေကို တရားသေလွှတ်လိုက်တဲ့နေ့က ကိုအောင်သပြေနောက်ကို ကျွန်တော် ရှဒိုးလိုက်ကြည့်တယ် ... ကိုအောင်သပြေဟာ လွှတ်တာနဲ့ သူ လေးဆယ့်ငါးလမ်း တည်းခိုဆောင်က ပစ္စည်းတွေသွားယူပြီး ဆရာမအိမ်မှာ သူ့ပစ္စည်းတွေထားခဲ့တာ ကျွန်တော် သတိထားမိတယ် ... အဲဒီ သူထားခဲ့တဲ့ ပစ္စည်းတွေကို ဆရာမက ကျွန်တော့်ကို ကြည့်ရှု





ခွင့်ပေးပါလား ... သူ့ပစ္စည်းတွေထဲမှာ သူဟာ ဦးကိုကိုမသေခင်က တစ်ခုခု ဦးကိုကိုနဲ့ ပတ်သက်တာ တွေ့ရရင် ကျွန်တော့်အနေနဲ့ လားရှိုးရဲနဲ့ သီတဂူရဲကို လှမ်းပြီး တယ်လီဖုန်းနဲ့ အကူအညီတောင်းတာလောက်တော့ လုပ်ပေးနိုင်တယ် ဆရာမ ... ကိုအောင်သပြေရဲ့ လှုပ်ရှားမှုရော ... ကိုလွင်ဦးနဲ့ ဦးစောရွှေရဲ့ လှုပ်ရှားမှုရော စောင့်ကြည့်ပေးဖို့ ဖုန်းဆက်နိုင်တာကို ပြောတာပါ ... ဒါဆို ရဲက စောင့်ကြည့်နေရင် ကိုလွင်ဦးတို့ လုပ်ချင်တိုင်း လုပ်လို့မရနိုင်ဘူးပေါ့ ဆရာမ ...”

“ဒါဆို ကြည့်လေ ... ကိုအောင် ထားခဲ့သမျှ ပစ္စည်းတွေ အခန်းလွတ်တစ်ခုမှာ ဝိုင်း သိမ်းထားပါတယ် ...”

ဝိုင်းကပင် ထိုင်ရာမှထကာ အောင်သပြေ၏ ပစ္စည်းများထားရာ အခန်းတံခါးသော့ဖွင့်ပေးလိုက်သည်။ ဝိုင်းကိုယ်တိုင်လည်း ဦးကိုကိုနှင့် ကိုအောင် ဆက်သွယ်မှုရှိမရှိ ကူညီရှာဖွေပေးသည်။

ကိုအောင်သပြေ၏ ရှပ်အင်္ကျီဟောင်းအိတ်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီဟောင်းအိတ်တွေထဲမကျန် တွေ့ရလို တွေ့ငြား ရှာကြည့်သည်။

ဦးကိုကိုနှင့် ပတ်သက်သော ဘာဘာညာညာ တစ်ခုမျှ မတွေ့ရပေ။ ကိုအောင်သပြေ၏ ဒိုင်ယာရီ စာအုပ်ဟူ၍လည်း မတွေ့ရပေ။

စာအုပ်တွေဆိုလည်း အင်္ဂလိပ်ဝတ္ထုစာအုပ်တွေ၊ အင်္ဂလိပ်ဂျာနယ်တွေ ထိုင်း၊ နယူးဝိ၊ ဗိုဒါဒိုင်ဂျက်တွေ တစ်ပုံကြီး တွေ့ရသည်။ မြန်မာဝတ္ထု၊ မြန်မာဂျာနယ်စာစောင် မဂ္ဂဇင်းတွေလည်း များလှသည်။

စာအုပ်တွေချည်း ထင်းရှူးပုံအပြည့် တွေ့ရှိရသည်။

"ဒီလူ စာတော်တော်ဖတ်တဲ့လူပဲနော် ဆရာမ ... "

"ဖတ်တယ် ... ဖတ်တယ် ... သူ ဘယ်ကိုမှ မသွားတဲ့နေ့ဆိုရင် စာအုပ်ပဲ ဖတ်လေ့ရှိတယ် ... တခြားယောကျ်ားတွေလို အပျင်းပြေ လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အကျင့်မျိုး မရှိဘူး ... အရက်ဆိုင်လည်း မသွားတတ်ဘူး ... အားရင် စာဖတ်တယ် ... စာမဖတ်ရင် သီချင်းဆိုတယ် ... "





"ဟုတ်တယ် ... ကိုအောင်သပြေ သီချင်းဆိုတာကို ပရိသတ်တော်တော်များများ နှစ်သက်အားပေးကြတာပဲ၊ လူကြိုက်များတဲ့ အဆိုတော်တစ်ယောက်ပဲ ... "

"ဟုတ်တယ် ကိုအောင်ကျော်မင်း ... ကိုအောင်ဟာ တီးဝိုင်းအဖွဲ့တစ်ခုခုမှ စွဲစွဲမြဲမြဲသာ အဆိုတော်လုပ်ရင် ဝိုင်းတွေက သူ့ကို အသင့်ကြိုဆိုနေတယ် ... စတီရီယိုအခွေသွင်းမလား ... ငွေ သောင်းနဲ့ချီရနိုင်တယ် ... ဒါပေမဲ့ ကိုအောင်က သီချင်းဆိုတာကိုလည်း စွဲစွဲမြဲမြဲ မလုပ်ဘူး ... ဒါဟာ ဝါသနာအလုပ်မို့ သူ စိတ်ပါတဲ့ အခါမှာသာ ဝင်ဆိုတာတဲ့၊ သူဆိုချင်စိတ်မရှိရင် ... ဘယ်ဝိုင်းကခေါ်ခေါ် မဆိုဘူး ကိုအောင်ကျော်မင်းရေ ... "

"ဒီလူက တစ်မျိုးပဲနော် ... ကျွန်တော် ကြားဖူးသလောက်ဆိုရင် ဒီလို အဆိုတော်ဖြစ်ချင်လွန်းလို့ ငွေတွေသိန်းနဲ့ သောင်းနဲ့ချီပေးပြီး ဆိုချင်တဲ့သူတွေ ... စင်ပေါ်တက်ချင်သူတွေကော ရှိတယ်လို့ကြားတာ ... "

"ဟုတ်တယ် ကိုအောင်က တကယ့်လူတစ်မျိုးမှ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်မျိုး ... သူမှာ ပိုင်း အနှစ်သက်ဆုံးကတော့ ကိုအောင်ဟာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်တတ်ဘူး။ နောက်ပြီး တည်ကြည်တဲ့နေရာမှာဆိုရင် သိပ်တည်ကြည်တယ် ... ကတိတစ်လုံး လွယ်လွယ်မပေးဘူး ... ကတိပေးပြီးရင်လည်း ပေးပြီးတဲ့ ကတိတည်ဖို့ အမြဲဂရုစိုက်တယ်။ ဒါကြောင့် ကိုအောင်ရဲ့စိတ်ဓာတ်တွေကို ပိုင်း ကြိုက်ပြီး သူ့ကိုချစ်တာ ... ဟော ... ဟော ... ဒီမှာ ကြည့် ... ဟောဒီ အင်္ဂလိပ် နိုဘယ်ဝတ္ထုစာအုပ်ကြား ညှပ်ထားတဲ့သတင်းစာဖြတ်ပိုင်းလေး ... ကိုအောင်ကျော်မင်းအတွက် အသုံးဝင်မလားပဲ ..."

ပိုင်း တွေ့ရှိသော စာအုပ်ကြားညှပ်သတင်းစာဖြတ်ပိုင်းလေးကို အောင်ကျော်မင်း ယူကြည့်လိုက်သည်။

ဖြတ်ပိုင်းဖြစ်နေသောကြောင့် ဘယ်နေ့ဘယ်ရက် ဘယ်ခုနှစ်ထုတ် သတင်းစာထဲက ဖြတ်ပိုင်းဆိုတာတော့ မသိနိုင်ပေ။

ဖြတ်ပိုင်းမှာ သတင်းစာတွင် ပါရှိသော ကြော်ငြာ





ဖြတ်ပိုင်းကို ကတ်ကြေးကိုက် ဖြတ်ယူထားသော ဖြတ်ပိုင်းသာ ဖြစ်သည်။

အောင်ကျော်မင်းရော ပိုင်းပါ သတင်းစာဖြတ်ပိုင်း ကြော်ငြာကို ငုံ့ကြည့်ကြသည်။

အကြောင်းအရာမှာ ...

အလိုရှိသည်

စွန့်စားမှုဝါသနာပါ၍ တကယ်လုပ်ဆောင်ရဲသော အသက်(၃၀)အောက် အသက်(၂၀)နှစ်အထက် လူငယ်တစ်ဦး အလိုရှိသည်။

ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်း အရာရာတွင် သွက်လက်ရမည်။ ကိုယ်ခံပညာ တတ်ကျွမ်းသူကို ပို၍ ဦးစားပေးမည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသားဖြစ်ရမည်။ မြန်မာပြည်ထဲ မည်သည့်ဒေသမဆို သွားနိုင်ရမည်။

လျှောက်လွှာကို ရန်ကုန်စာတိုက်ကြီး စာတိုက်သေတ္တာအမှတ် ( ) သို့ ပေးပို့ရမည်။ ဤသတင်းကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



သည့်ရက်မှ (၇)ရက်အတွင်း လျှောက်လွှာတင်သွင်းရမည်။

"ဒီကြော်ငြာထဲက သတ်မှတ်တဲ့အရည်အချင်း အားလုံးဟာ ကိုအောင့်ဆီမှာ ရှိနေတာပဲနော် ... ကိုအောင်ကများ ဒီအလုပ်လျှောက်သလားဟဲ ..."

"ကိုအောင်သပြေက စွန့်စားတဲ့အလုပ်တွေမှာ ဝါသနာပါလို့လား ဆရာမ ..."

"သိပ်ပါတာပေါ့ ... ဟောဒီ သူဖတ်သမျှ နိဘယ်ဝတ္ထုစာအုပ်တွေကို ကြည့်ပါလား ... စုံထောက်လျှို့ဝှက်စွန့်စားဝတ္ထုတွေချည်းပဲ ..."

"ဒါဆို ဒီသတင်းစာဖြတ်ပိုင်းလေး ကျွန်တော် ခဏယူသွားပါရစေ ဆရာမ ... ဒီထဲကပါတဲ့ စာတိုက်ကြီးရဲ့ စာတိုက်သေတ္တာနံပါတ် ( ) ကို စာတိုက်ကြီးမှာ သွားစုံစမ်းကြည့်ချင်လို့ပါ ... ကျွန်တော် ပြန်ပေးမှာပါ ..."

ဗိုင်းက ခေါင်းညိတ်ပြပြီး မေးခွန်းတစ်ခု ဆက်မေးလိုက်သည်။

"ကိုအောင့်အန္တရာယ်ကို ကိုအောင်ကျော်မင်းက ဘယ်လို





အကူအညီပေးမလဲ ..."

"ကျွန်တော် ဆရာမကို လိမ်ညာမပြောချင်ဘူး ... အခုကျွန်တော် ဆောင်ရွက်မှာက ရန်ကုန်စာတိုက်ကြီးကို သွားပြီး ဒီကြော်ငြာပါ စာပုံးအမှတ်ပိုင်ရှင်ဟာ သူဌေးဦးကိုကိုဖြစ်နေရင် ဒီကြော်ငြာအရ သူဌေးဦးကိုကို မသေမီက ကိုအောင်သပြေနဲ့ အဆက်အသွယ်ရှိခဲ့တယ်ဆိုတာကို သဲလွန်စရလာတယ် ... ဒါကို အခြေပြုပြီး ကျွန်တော်က ကိုအောင်သပြေကို စစ်ဆေးဖို့လိုလာမယ် ဆရာမ ..."

"ဒီကြော်ငြာကို ဦးကိုကို အသတ်ခံရမှုမှာ မိုးတစ်(မ်)အဖြစ် အသုံးပြုဖို့မဟုတ်လား ... ဒါဆိုရင်တော့ ကိုအောင်ကျော်မင်းက ပုလိပ်ဉာဏ်နဲ့ ညစ်တာ ..."

"ဒီကြော်ငြာထဲက စာတိုက်ပုံးနံပါတ်ဟာ ဦးကိုကိုရဲ့ ပုံးဖြစ်တယ်ဆိုတာနဲ့ ကျွန်တော်က သီတဂူရဲ့ စခန်းကို လုပ်ငန်းအရ တရားဝင် ဖုန်းဆက်နိုင်တယ် ... အဲဒီမှာ ရောက်နေတဲ့ ကိုအောင်သပြေဟာ ရန်ကုန်စုံထောက်အဖွဲ့က စစ်မေးစရာရှိနေတဲ့လူမို့ သီတဂူရဲက စောင့်ကြည့်ပေးပါလို့ ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုအောင်သမျှကို အန္တရာယ်ကာကွယ်ပြီးသား ဖြစ်သွားတာပေါ့ ဆရာမ ... ”

ပိုင်း မငြင်းသာ။





## သီတဂူရှာ ဘာတွေဖြစ်ကုန်သလဲ

ဦးကိုကို၏ အတွေ့ထွေမန်နေဂျာ ဦးစောရွှေက လှုပါးလှုနပ်။

ထွန်ရေးလည်း ညက်စေ၊ ကြက်နှစ်ကောင်လည်း ပန်းစေဆိုသည့် လယ်ထွန်ယောက်ျား၏ စိတ်ကူးမျိုး ထားရှိသည်။

လယ်ထွန်ရာ တောစပ်စပ်တွင် တောကြက်နှစ်ကောင် အကြိတ်အနယ် ခွပ်နေသည်ကို လယ်ထွန်ယောက်ျားက လှမ်းမြင်သည်။

ခွပ်နေသော တောကြက်နှစ်ကောင် ခွပ်လက်အပင် ပန်းဆုံးအချိန်ကို လယ်ထွန်ယောက်ျားက ဆက်ပြီး လယ်ထွန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် ဆက်စောင့်သည်။

ထွန့်ရေးညက်ချိန်တွင် ခွပ်နေသော တောကြက်နှစ်ကောင် ခွပ်ကြသည်မှာ အပင်ပန်းဆုံး ဖြစ်နေပြီ။

ထိုအခါကျမှ လယ်ထွန်ယောက်ျားက တောကြက်နှစ်ကောင်ကို အသာလေးဖမ်းယူကာ ချက်ကြော်စားပစ်ရန်ဖြစ်တော့သည်။

အောင်သပြေ သီတဂူသွားမှန်း ဦးစောရွှေ သိသည်။

ဆက်၍ လွင်ဦးက လေယာဉ်နှင့် အောင်သပြေနောက်သို့ လိုက်သွားမှန်းလည်း ဦးစောရွှေ သိသည်ပင်။

သူတို့နှစ်ဦးစလုံး သီတဂူသို့ သွားရောက်ကြသည်မှာ ဦးကိုကို၏ ပျောက်ဆုံးနေသော သိန်းကိုးဆယ်ကြောင့်ပင် ဖြစ်ရမည်ဟု ဦးစောရွှေက ကျိန်းသေတွက်ထားသည်။

ဦးကိုကို မသေဆုံးမီ နှစ်လကျော် သုံးလခန့်က ဦးကိုကိုသည် လားရှိုးဘက်သို့ ခရီးထွက်သွားသည်ကိုလည်း ဦးစောရွှေ သိထားသည်။

ဦးကိုကို လားရှိုးဘက်သို့ ခရီးထွက်သွားပြီးမှ သိန်းကိုးဆယ် စာရင်းပျောက် ဖြစ်သွားသည်ကိုလည်း ဦးစောရွှေ သိ





သည်ပင်။

ဦးကိုကို လားရှိုးဘက်သို့ ခရီးသွားခြင်းမှာ သိန်းကိုးဆယ် လုပ်ငန်းကြီးတစ်ခုကြောင့်သာ ဖြစ်ရမည်။

ဦးကိုကိုက အင်မတန် လျှို့ဝှက်သည်မို့ သိန်းကိုးဆယ်တန် လုပ်ငန်းကြီးသည် ဘာလုပ်ငန်းကြီးမှန်းတော့ ဦးစောရွှေလည်း မသိပေ။

ဦးကိုကို လားရှိုးမှ ပြန်ရောက်ပြီး မကြာမီမှာပင် ဦးကိုကိုက လျှို့ဝှက်စွာ အမည်နာမ မထည့်ဘဲ သူ၏ စာတိုက်ကြီးစာသေတ္တာပုံးနံပါတ်ဖြင့် လူငယ်တစ်ဦး 'အလိုရှိသည်'ကို သတင်းစာတွင် ကြော်ငြာထည့်ခဲ့သည်ကိုတော့ ဦးစောရွှေက ဦးကိုကို၏ မန်နေဂျာမို့ သိထားသည်။

စာတိုက်ပုံးအမှတ် ဆိုသည်မှာ ပိုင်ဆိုင်သူသာသိပြီး လျှို့ဝှက်ထားနိုင်သည်။ ကုန်ကုန်ပြောရလျှင် ဦးကိုကို၏ စာပုံးနံပါတ်ကို သူ၏ဇနီး ဒေါ်မိမိကြီးနှင့် သား လွင်ဦးပင် မသိသော်လည်း ဦးစောရွှေက အထွေထွေမန်နေဂျာမို့ သိထားခြင်းပင် ဖြစ်သည်။

သတင်းစာတွင် 'အလိုရှိသည်' ကြော်ငြာထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှစ၍ ဦးစောရွှေသည် သူဌေးဦးကိုကိုအား အလွတ်မပေး စောင့်ကြည့်တော့သည်။

ဦးကိုကိုသည် ကြော်ငြာတွင် လျှောက်ထားသည့် လူငယ်များအနက်မှ အောင်သပြေကို ရွေးချယ်လိုက်ကြောင်းလည်း ဦးစောရွှေ သိသည်။

ဘာအကြောင်းကြောင့် လူငယ်တစ်ဦး အလိုရှိမှန်းတော့ ဦးစောရွှေ မသိ။

အင်တာဗျူးခေါ်သည်ပင် ဦးကိုကိုက အလွန်လျှို့ဝှက်သောနေရာတွင် အင်တာဗျူးခေါ်ခဲ့ခြင်းဖြစ်သည်။

ဦးစောရွှေက ဦးကိုကို၏ စာတိုက်ပုံးအမှတ်ကို သိထားသောကြောင့်သာ ဦးကိုကို၏ လှုပ်ရှားမှုကို လိုက်ချောင်းရင်း အင်တာဗျူးတွင် အောင်သပြေကို ရွေးလိုက်ကြောင်း ဦးစောရွှေ သိရခြင်း ဖြစ်သည်။

အကယ်၍သာ ...

ဤအတောအတွင်း၌ သူဌေးဦးကိုကိုသာ မသေဆုံးပါက ဦးစောရွှေအနေနှင့် ဒီအင်တာဗျူးကိစ္စတွေ ဘာတွေ ညာတွေကို စိတ်ဝင်စားမည် မဟုတ်ပါလေ။





ဦးကိုကိုသည် ဤသို့ပင် သူလုပ်ချင်သော လုပ်ငန်းကို လျှို့ဝှက်သိပ်သည်းစွာ လုပ်ဆောင်ခြင်းတွေများခဲ့ပြီ။ ဦးစောရွှေ အဖို့ ရိုးနေပြီ။

သို့သော် ...

ဒီကြားထဲမှာပင် သူဌေးဦးကိုကို လူသတ်ခံရပြီး သေဆုံးသွားသည်။

သိန်းကိုးဆယ်လည်း ပျောက်နေသည်။

ယင်းစာရင်းပျောက် သိန်းကိုးဆယ်ကို ဦးကိုကို သေပြီးနောက် ဦးစောရွှေက ဝင်ရောက်အပ္ပကြံရန် စိတ်ကူးရလာခြင်း ဖြစ်ပါလေ၏။

ထို့ကြောင့်လည်း ... တရားခွင်တွင် တရားလိုပြသက်သေအဖြစ် ထွက်ဆိုရာ၌ အောင်သပြေကို လွတ်ပေါက်တွေ ရသွားအောင် ဦးစောရွှေ ထွက်ဆိုခဲ့သည်။

အောင်သပြေသည် တရားခွင်မှ လွတ်သည်နှင့် ဦးကိုကို၏ သိန်းကိုးဆယ်ကိစ္စကို ဆက်ဆောင်ရွက်မည်ဟု ဦးစောရွှေက တွက်ထားပြီးသား ဖြစ်ပါ၏။

ဤမှာပင် အောင်သပြေ၏နောက်သို့ ဦးစောရွှေ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ပုန်း ရှိုးပါလာခြင်း ဖြစ်ပါလေတော့၏။

အောင်သပြေနှင့် လွင်ဦးသည် ဘယ်နည်းနှင့်မဆို ဦးကိုကို၏ သိန်းကိုးဆယ်ရရှိရေးအတွက် အကြိတ်အနယ် ပွဲကြီးပွဲကောင်း ဆောင်ရွက်ကြရမည်။

တစ်ယောက်ကိုတစ်ယောက် အသေသတ်သည် အထိ ယှဉ်ပြိုင်ကြမည်။

ဒါကို စောင့်ကြည့်ပြီး ဦးစောရွှေက ထွန်းရေးလည်း ညက်စေ ကြက်နှစ်ကောင်လည်း ပန်းစေဆိုပြီး မျက်ခြည်မပြတ် အခွင့်ကောင်းကို စောင့်နေခြင်း ဖြစ်ပါလေ၏။





ညက အောင်သပြေ အိပ်ရေးဝဝ အိပ်ရသည်။

မနေ့က အိကေနိုင် ပြန်သွားပြီးနောက် အောင်သပြေသည် အပြင်သို့ လုံးဝပြန်မထွက်ဘဲ ရွှေဘုံနန်းမှာပင် ညစာစားပြီး အခန်းအောင်းနေလိုက်သည်။

နံနက် ခြောက်နာရီတွင် အိပ်ရေးဝဝ အားအင်အပြည့်အဝဖြင့် အောင်သပြေ နိုးလာသည်။

ယနေ့ည သူလုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စတွင် မိမိကိုယ်၌ အားအင်အပြည့်ရှိနေဖို့ လိုအပ်သည်။

ကိုယ်လက်သန့်စင်သည်။ ရေကို အားရပါးရ အေးစိမ့်သွားအောင် ချိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲပြီး ရွှေဘုံနန်း၏ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဆိတ်ရိုးစွပ်နှင့် နံပြား ကော်ဖီ အဝစားသောက်ပြီး ရွှေဘုံနန်းမှ ထွက်ခဲ့သည်။ ကြုံရာမြင်းလှည်းတစ်စီး ငှားကာ သီတဂူ မြို့ ပတ်လည်ကို မောင်းလေသည်။ မြင်းလှည်းပေါ်မှနေ၍ ရှေ့ နောက်ဝဲယာကို မပြတ်ကြည့်ရှုသည်။ အကဲခတ်သည်။ အောင် သပြေ၏ စိတ်ထဲတွင် အနည်းဆုံး ဦးကိုကို၏သား လွင်ဦး လိုက် ခြေရာခံ ဒိမ့်မည်ဟု တွက်ထားသည်။

သို့သော် မိမိနောက်သို့ ခြေရာခံသည့်လက္ခဏာ ဘာ မျှမတွေ့ရပေ။ မိမိမသိသော မျက်နှာစိမ်းများကိုသာ တွေ့ရပေ သည်။

တကယ်တော့ မဟုတ်ပါပေ။

အောင်သပြေ ရွှေဘုံနန်းက ထွက်လာကတည်းက သူ့နောက်သို့ နောက်ယောင်ခံလိုက်လာသည့် နှစ်ဦးပင် ရှိပေသည်။

ဦးဖိုးထွားနှင့် ဦးစောရွှေ ဖြစ်ပါ၏။

ဦးဖိုးထွားကို အောင်သပြေက တစ်ခါမျှ မြင်ဖူးသိဖူး ထားခြင်း မရှိသောကြောင့်သာ၊ နောက်ယောင်ခံလိုက်မှန်း မသိခြင်း





ဖြစ်တော့သည်။

ဦးစောရွှေကို တရားရုံးတွင် အမှတ်မထင် မြင်ဖူးခဲ့ သည်။ သို့သော် အောင်သပြေက တရားရုံးတွင် ထွက်ဆိုသော တရားလိုသက်သေများကို ဂရုတစိုက် ကြည့်မထားသောကြောင့် ဦးစောရွှေကို မြင်ဖူးခဲ့စေကာမူ သေချာမမှတ်မိ။

ထို့ထက်မှာမူ ဦးစောရွှေက ရုပ်ဖျက်ထားသည်။ အောင်သပြေက သူ့ကို ကောင်းကောင်းမမှတ်မိမှန်း အကဲခတ်မိ စေကာမူ မိမိကို လွင်ဦးက ကောင်းကောင်းသိနေသောကြောင့် ဦးစောရွှေ ရုပ်ဖျက်ထားခြင်း ဖြစ်ပါ၏။

ရန်ကုန်တွင် အမြဲ တိုက်ပုံအင်္ကျီ ချည်ပုဆိုးကိုသာ အမြဲဝတ်ခဲ့သော ဦးစောရွှေသည် ယခု ဘောင်းဘီရှည် ပါတိတ်ဆင် ဟာဝေယံရှပ်လက်တို ခါးဖုံးဝတ်ပြီး နေကာမျက်မှန် အစိမ်းရောင် တပ်ထားသည်။

သီတဂူတွင် တွေ့ရတတ်သော မှောင်ခိုသမားပုံစံ မျိုး ဦးစောရွှေ ယူထားသည်။

ထို့ကြောင့်လည်း အောင်သပြေက သူ့ကို နောက် ယောင်ခံလိုက်သူမရှိဟု ထင်မှတ်ခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မြင်းလှည်းဆရာကြီး ... "

"ပြောပါ ဆရာလေး ... "

"ကျွန်တော် ပေါက်ပြားတစ်လက်နဲ့ တူရွင်းကောင်းကောင်း တစ်ချောင်း လိုချင်တယ် ... မြင်းလှည်းဆရာကြီးအိမ်မှာ ရောင်းဖို့မရှိဘူးလား ... "

"ပေါက်ပြားရော ... တူရွင်းရော ရှိပါတယ် ... ဒါပေမဲ့ ကျွန်တော် သုံးထားပြီးသားတွေပေါ့ ဆရာလေး ... အသစ် လိုချင်ရင်တော့ ဆိုင်မှာ ဝယ်ပါလား ... "

"သုံးပြီးသားပဲ ကျွန်တော် လိုချင်တာပါ ... သုံးထားတာဆို တော့ အသွားတွေက ထက်နေတယ်လေ ... ရော့ ငွေတစ် ထောင်ယူပါ ... မြင်းလှည်းဆရာကြီးရဲ့ ပေါက်ပြားနဲ့ တူရွင်း ကျွန်တော့်ကို ရောင်းပါ ... "

"ဒါဆို ... ကျုပ်အိမ်မှာ ဝင်ယူမှ ရမယ် ဆရာလေး ... "

"ရတယ်လေ ... ဝင်ယူပေါ့ ... "

မြင်းလှည်းဆရာ၏ အိမ်မှာ အစွန်ပိုင်းကျ ဆင်းရဲ သားရပ်ကွက်ဖြစ်ပါ၏။ မြင်းလှည်းဆရာက သူ့အိမ်မှ ပေါက်ပြားနှင့် တူရွင်းကို ယူကာ ဂုန်အိတ်စွတ်ယူလာခဲ့သည်။



ရွှေဘုံရွှေနန်းသို့ပင် အောင်သပြေ ပြန်လာခဲ့သည်။ ရွှေဘုံနန်းရှေ့ရှိ ကားစတင်းတွင် ဂျစ်ကားအပြာနှင့် ဦးလေးဖြိုးကို အောင်သပြေ တွေ့ရသည်။

ဦးလေးဖြိုးကပင် အောင်သပြေကို မှတ်မိစွာ နှုတ် ဆက်သည်။

အောင်သပြေက ပြန်နှုတ်ဆက်ရင်း အကြံတစ်ခု ခေါင်းထဲဝင်လာသည်။

"ဪ ... ဦးလေးဖြိုး ကနေ့ညဦးပိုင်းမှာ ဦးလေးဖြိုး ဂျစ် ကားအားသလား ... "

"ရတယ် ဆရာ ... ဘယ်သွားချင်လို့လဲ ... အိကေနိုင်ကို သွားခေါ်ပေးရမလား ... "

"အိကေနိုင်ကို မခေါ်ပါနဲ့ ... ကျွန်တော်တစ်ယောက်တည်း သွားမှာပါ ... "

"ဘယ်ကိုသွားမလဲ ဆရာ ... ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

အောင်သပြေက မပြောသေးဘဲ ပြောသင့်မပြော သင့် ချိန်ဆနေသည်။

ဘယ်လိုပဲဖြစ်ဖြစ် လောကဝိဒူဘုရားသို့ ဒီည သွား

www.burmeseclassic.com

www.burmeseclassic.com



ကိုသွားရမည်။

"ဒီလိုဗျာ ... ကျွန်တော်က ဦးလေးဖြိုးလည်း မလိုက်စေချင်ဘူး ... မော်တော်ကားကိုပဲ လိုချင်တာ ... ကားချည်းပဲ ငှားမလား ဦးလေးဖြိုး ... "

"ရတယ်လေ ... မနေ့ကလည်း ကျွန်တော်မှ မလိုက်တာ အိမ်ကောင်ဒ် မောင်းယူသွားတာပဲ ... ဈေးနှုန်းကတော့ မနေ့ကအတိုင်းပေါ့ ဆရာ ... ဆရာ့လို စိတ်ချရတဲ့လူကို ကျွန်တော်ကားပေးလိုက်ဖို့ ဝန်လေးစရာမှမဟုတ်တာ"

"ဒါဆို ... ကနေ့ညဦး ခြောက်နာရီလောက် ကျွန်တော် ကားယူသွားမယ် ... အချိန်နှစ်နာရီကြာသလောက် ဦးလေးဖြိုး ထုံးစံအတိုင်း ကျွန်တော်ပေးမယ် ... "

"ရတယ် ဆရာ ... စိတ်ချ ... "

အောင်သပြေ သူ့အခန်းသို့ ပြန်လာသည်။ အိပ်ရာပေါ် လှဲရင်း စဉ်းစားသည်။

မိမိ လုပ်ဆောင်နေသည့် အလုပ်သည် အဓိပ္ပာယ်ရှိပါရဲ့လား။

ဒေါ်မိမိကြီး၏ လင်ယောကျ်ား ကိုလွင်ဦး၏ ဖခင်





ဦးကိုကိုသည် မိမိအား အင်တာဗျူးတွင် ရွေးချယ်ပြီး ယုံကြည်အားကိုးစွာဖြင့် လုပ်ငန်းကြီးတစ်ခု အပ်ခဲ့သည်။

လုပ်ဆောင်ခအဖြစ် မိမိကို ဦးကိုကိုက ငွေနှစ်သိန်းပေးမည်။ တစ်သိန်းကို ပထမ ပေးထားခဲ့ပြီးပြီ။

ဦးကိုကို၏လုပ်ငန်း မိမိ စတင်မဆောင်ရွက်ရသေးမီမှာပင် ဦးကိုကို သေဆုံးသွားသည်။

ဦးကိုကို သေဆုံးသွားပြီမို့ ဒီလုပ်ငန်းကို မိမိ ဆက်လုပ်သင့်သလားဟု စဉ်းစားစရာ ဖြစ်လာသည်။ လုပ်ဆောင်ပြီးမြောက်သည်ထားဦး မိမိကျန်ငွေတစ်သိန်း မရနိုင်ပါလေတော့။

လုပ်ဆောင်ခ သတ်မှတ်သည့်အတိုင်း မရနိုင်သဖြင့် လုပ်ငန်းကို ဆက်မလုပ်ဘဲ နေရမည်လား။

ဒါဆို မိမိသည် သစ္စာမရှိသူ ဖြစ်သွားမည်။ အထူးသဖြင့် သေဆုံးသွားသူအပေါ်တွင် သစ္စာမရှိခြင်းသည် ယုတ်မာရာရောက်သည်ဟု မိမိ ယူဆမိသည်။

ဦးကိုကို ပေးအပ်ခဲ့သော လုပ်ငန်းတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီး အားလုံးကို ရဲအဖွဲ့လက်သို့ အပ်လိုက်မည်။ ထိုအခါကျမှ အဖြစ်အပျက်အားလုံးကို ရဲအဖွဲ့အား ဖွင့်ပြောရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်သည်။

ကိစ္စတွေအားလုံး ပြီးမြောက်သွားပါက စွမ်းဆောင်ခရသော ငွေတစ်သိန်းနှင့်ပင် ဗိုင်းကို လက်ထပ်ကာ တည်တည်တံ့တံ့ အလုပ်တစ်ခုလုပ်ကိုင်ပြီး ရိုးရိုးသားသား နေတော့မည်ဟုလည်း ဆုံးဖြတ်သည်။

မိမိစိတ်တွင် ကရုဏာနှင့် သံယောဇဉ်တွယ်မိသော အိကေနိုင်ကိုလည်း စင်ပေါ်ရောက်အောင် တင်ပေးလိုက်မည်။

မှောင်ရီပျိုးသည်နှင့် အောင်သပြေသည် ဂုန်နီအိတ်ထုပ်ကိုဆွဲကာ အောက်ဆင်းလာခဲ့သည်။ ချိန်းထားသည့်အတိုင်း ဂျစ်ကားပြာနှင့် ဦးလေးဖြိုးကို ရွှေဘုံနန်းဝင်ပေါက်စတင်းမှာပင် တွေ့ရသည်။

ဦးလေးဖြိုးကို ထားခဲ့ကာ ဂျစ်ကားကိုမောင်းပြီး အောင်သပြေ ထွက်လာခဲ့သည်။

မနေ့က ကိုယ်တိုင်မောင်းခဲ့သဖြင့် အထစ်အငေါ့မရှိ အနီးယာရှာကို ကျော်လွန်ပြီး လောကစိဒ္ဓဘုရားဘက်သို့ ဆက်မောင်းခဲ့သည်။ လောကစိဒ္ဓဘုရားပေါ်သို့ မတက်ရောက်တော့ဘဲ ဘုရားဇပေါ်မှ လှမ်းမြင်ထားခဲ့သော အုန်းသုံးပင် ဖိုခလောက်ဆိုင်





နေရာသို့ မောင်းခဲ့သည်။

လမ်းဟူ၍ သေချာမရှိသောနေရာမို့ ဂျစ်ကားမှာ ဘောလုံးလို ခုန်မြောက်နေသည်။ သို့သော် ကုန်းမြင့်မြေအမာစားမို့ မောင်း၍ရပေသည်။

အုန်းသုံးပင် ဖိုခလောက်ဆိုင်တွင် ဂျစ်ကားကို ရပ်လိုက်သည်။

ဦးကိုကို၏ စာညွှန်းမှာ အုန်းသုံးပင်အနီး၌ ဓမ္မာဇောဓိဘုရားဟု ပါရှိသော်လည်း အိကေနိုင်က ဓမ္မာဇောဓိဘုရားဆိုသည်မှာ မရှိဟု ပြောသည်။ သိတဂူတွင် ဓမ္မာဇောဓိဘုရားဆိုသည်မှာ မရှိဟုပင် အိကေနိုင်က သေချာပြောသည်။

ဒါဆိုပါက ဤအုန်းသုံးပင် ဖိုခလောက်ဆိုင်နှင့် အနီးဆုံးမှာ ပြိုကျပျက်စီးနေသော ဘုရားတစ်ဆူသာ ရှိသည်။

ဘာပဲဖြစ်ဖြစ် ထိုဘုရားပြို ဘုရားပျက်ကြီးသို့ပင် အောင်သပြေ ဆက်မောင်းခဲ့သည်။

လက်နှိပ်ဓာတ်မီးဖြင့် ဝန်းကျင်တစ်ခုလုံးကို ဝေ့ဝိုက်ကြည့်သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးကာ မှောင်မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ကောင်းကင်မှ ရောင်ပြန်ဟပ်သောအလင်းဖြင့်သာ ဘာမဆို ဝိုးတဝါး မြင်ရသည်။

သက်ရှိသတ္တဝါ၏ လှုပ်ရှားမှုမျိုး ဘာသံမှမကြား။ ဘာကိုမှ မမြင်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးပင် မရှိ။

အောင်သပြေက လက်နှိပ်ဓာတ်မီးအလင်းကို လက်ဝါးဖြင့်အုပ်ကာ ဖွင့်လိုက်ပိတ်လိုက်ဖြင့်ပင် ဘုရားပျက်ကြီးထဲသို့ ဝင်ရောက်ခဲ့သည်။

ဘုရားပျက်ကြီးမှာ လိုဏ်ဂူအမျိုးအစားဖြစ်သည်မို့ ဝင်ရောက်လိုက်သည်နှင့် လိုဏ်ဂူထဲ ဝင်ရသော ခံစားချက်မျိုး ခံစားရသည်။

ဝင်လိုက်လေမှ ဖလမ်ဖလပ်နှင့် ဘေးနံရံတွင် တွယ်ကပ်နေသော လင်းနို့ကောင်တွေသည် ဝုန်းခနဲ ဂူပေါက်ဝသို့ ပျံထွက်သွားကြသည်ကို တွေ့ရသည်။

အောင်သပြေက လက်နှိပ်ဓာတ်မီး အလင်းဖြင့် ထိုးထားကာ မျက်နှာကို လက်ဝါးအုပ် ကာကွယ်ထားရပေသည်။

လင်းနို့ကောင်တွေသည် သာမန်လင်းနို့ထက် ပိုမို၍ အကောင်ကြီးမားပြီး အတောင်ပံရိုက်ခတ်သံ ပြင်းလှသည်။





ဘေးမရှိ ရန်မရှိ ဘုရားပျက်ကြီးထဲတွင် နေကြသဖြင့် အကောင်ကြီးထွားနေကြသလား မပြောတတ်။

ပင့်ကူအိမ်တွေကလည်း မနည်းမနောပါပေ။ ပင့်ကူကောင် အကြီးအငယ်အရွယ်အမျိုးမျိုးတွေကို လက်နှိပ်ဓာတ်မီးရောင်ဖြင့် တွေ့ရသည်။ တချို့ ပင့်ကူဆိုလျှင် ကိုယ်ထည်က ဆီးဖြူသီးကြီးကြီးအရွယ်ရှိပြီး ခြေရှစ်ချောင်းအရှိအရှည်နှင့် ဆိုပါက လက်ဖက်ရည်ပန်းကန်ပြားခန့်ပင် ရှိနေပါ၏။ လက်နှိပ်ဓာတ်မီးရောင် ထိုးမိသောအခါ ပင့်ကူတွေ၏ မျက်လုံးများမှာ ပတ္တမြားအနီရောင်ကဲ့သို့ တောက်ပနေသည်။

အောင်သပြေ နောက်မဆုတ် ရှေ့ဆက်တိုးသွားရာ လိုဏ်ဂူထဲမှာပင် အနိမ့်ပိုင်းသို့ဆင်းသော လှေကားထစ် အပျက်များကို တွေ့ရသည်။ အုတ်လှေကားဖြစ်ခဲ့ဟန်တူသည်။ ယခု အောင်သပြေ ရောက်ရှိနေသည်မှာ မြေတိုက်တစ်ခုထဲသို့ ရောက်နေသည့်ပုံစံပင်။

အောင်သပြေက လှေကားတွင် ရပ်ရင်း လက်နှိပ်ဓာတ်မီးဖြင့် ရှာဖွေထိုးကြည့်သည်။

"ဟော ..."



www.burmeseclassic.com

www.burmeseclassic.com



နံရံတွင် အုတ်ကိုထွင်းကာ ရေးထားသော စာတမ်း တစ်ခု မြင်ရသည်။

'ဓမ္မာဗောဓိ'ဟု ရေးထားသော စာတမ်းဖြစ်နေသည်။ ထွင်းထားသော စာတမ်းမှာ သေသပ်မှုမရှိ။ ကဘောက်တီး ကဘောက်ချာ ထွင်းထားခြင်းမျိုးဖြစ်သဖြင့် နဂိုကတည်းက ရှိနေသည့် စာတမ်းမဟုတ်တန်ရာ ... ။

တံစို့အချွန် သို့မဟုတ် ဓားဦးအချွန်ဖြင့် မကျွမ်းကျင်သူတစ်ဦးတစ်ယောက်က ထွင်းထားသော စာတမ်းသာဖြစ်ရမည်။

ဦးကိုကိုထွင်းခဲ့သောစာတမ်းဟုမှန်းဆကြည့်နိုင်သည်။

ထွင်းထားသည်မှာလည်း လတ်လတ်ဆတ်ဆတ် ရှိနေသည်ကိုလည်း တွေ့ရသည်။

ဤမျှ ခေါင်ပြီး ချောင်ကျသည့် ဘုရားပျက်ကြီးထဲသို့ အဘယ်သူက တကူးတက ဤစာတမ်း လာထွင်းလေမည်နည်း။

ဦးကိုကိုသာလျှင် ဤနေရာကို အမှတ်အသားအဖြစ် ဤစာတမ်းကို ထွင်းခဲ့သည်ပဲဖြစ်သည်။ အဓိကမှာ ...

"မဟာဗောဓိ"ဟု စကားလုံး သတ်မှတ်ပေးလိုက်ခြင်းသာ ဖြစ်မည်။





အောင်သပြေ လှေကားထစ်အတိုင်း ဆင်းသက်လိုက်သည်။

တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်။

သုံးထစ်သာ ဆင်းသက်ရသေးသည်။ အောင်သပြေ အန္တရာယ်တွေ့လေပြီ။

အောင်သပြေ ဘယ်လိုမှ မမြင်လိုက်သော တစ်စုံတစ်ယောက်သည် အောင်သပြေအား ခုန်အုပ်ပြီးနောက် ရစ်သိုင်းချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။

သို့သော် ...

ဒါမျိုးသည် အောင်သပြေအတွက် ရိုးနေပေပြီ။

နောက်မှ ချုပ်ကိုင်သူအား အောင်သပြေက ... တံတောင်နောက်ပြန်တွက်ပြီး သူ၏ခါးကို ရှေ့သို့ လေးဆယ့်ငါးဒီဂရီမက ကုန်းချလိုက်ရာ နောက်မှချုပ်ကိုင်သူသည် သူ့ဟာသူ တစ်ပတ်ကျွမ်းလည်ပြီး ရှေ့သို့ ဖုတ်ခနဲ ကျသွားသည်။

လွတ်ကျသွားသော လက်နှိပ်ဓာတ်မီးက ခလုတ်ပွင့်လျက်သားမို့ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုလူကို အောင်သပြေ မြင်တွေ့လိုက်သည်။

www.burmeseclassic.com



'လွင်ဦး' ဖြစ်ပါ၏။

အောင်သပြေက လွင်ဦးအား ဆက်လက်တိုက်ခိုက်ရန် ရှေ့သို့ တိုးအသွားတွင် အလွန်ကြီးမားသော လက်မောင်းကြီးတစ်ဖက်သည် အောင်သပြေ၏ လည်တိုင်ကို နောက်မှ ရစ်သိုင်းပြီး အောင်သပြေ ဆက်လက်မတိုက်ခိုက်နိုင်စေရန် အောင်သပြေ၏ နှာခေါင်းဝသို့ လက်ကိုင်ပဝါတစ်ထည် တေ့ပေးလိုက်သည်။

မေ့ဆေးဆွတ်ထားသော လက်ကိုင်ပဝါမို့ အောင်သပြေ ရန်းကန်ရင်းပင် ပျော့ခွေသွားတော့သည်။

နောက်မှ သန်မာသောလက်မောင်းကြီးဖြင့် ရစ်သိုင်းမေ့ဆေးဆွတ်လက်ကိုင်ပဝါတေ့သူမှာ ဦးဖိုးထွား ဖြစ်တော့သည်။

မနေ့က အိကေခိုင်သည် အိမ်ပြန်သွားပြီး ဦးဖိုးထွားကို သွားတွေ့ကာ နက်ဖြန်တွင် အစ်ကိုအောင်သပြေက သူမကို မခေါ်တော့ကြောင်း ပြောပြသည်။

ယနေ့ အစ်ကို အောင်သပြေနှင့်အတူ လောကဝိဒူဘုရားသို့ သွားခဲ့ကြောင်းတွေကိုလည်း ဦးဖိုးထွားအား ပြောပြခဲ့သည်။



ယခု ... အောင်သပြေ လှုပ်ရှားမှုများကို နောက်ယောင်ခံခဲ့ပြီး ယခုလို ဖြစ်သွားခြင်းပါတည်း။

ဦးဖိုးထွားနှင့် လွင်ဦးက သူတို့ကားနှင့် အောင်သပြေကို သယ်ပိုးခေါ်ဆောင်သွားသည်။ ဂျစ်ကားကို ဒီအတိုင်းထားခဲ့သည်။ ဂျစ်ကားကို အောင်သပြေ ငှားကတည်းက ဦးဖြိုးသည် ဦးဖိုးထွားအား အောင်သပြေ ဂျစ်ကားယူသွားကြောင်း ပြောထားသည်ဖြစ်ပါ၏။

ဦးဖြိုးသည် ဦးဖိုးထွား၏ တပည့်ပင် ဖြစ်သည်မို့ သူ့ဂျစ်ကားကို သူ့ဟာသူ လာယူပေမည်သာ ... ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောရွှေက အကွက်ချောင်းနေသူ ဖြစ်ပါ၏။

အောင်သပြေ၏ လှုပ်ရှားမှုကို ဦးစောရွှေသည် နောက်မှ ကားတစ်စီးဖြင့် လိုက်ချောင်းခဲ့သည်။ အမှောင်ကျသော သစ်ပင်အောက်အကွယ်မှ လိုဏ်ဂူဘုရားပျက်ကြီးထဲသို့ အောင်သပြေ ဝင်ရောက်သွားသည်ကို ဦးစောရွှေက ဝင်ရောက်လိုက်ပါခြင်းမပြုသေးဘဲ မှောင်ရိပ်မှ စောင့်ကြည့်နေစဉ်မှာပင် နောက်ထပ်ကားတစ်စီး ရောက်လာပြီး ကားပေါ်မှ လူနှစ်ယောက်ဆင်းကာ လိုဏ်ဂူဘုရားပျက်ထဲသို့ ဝင်သွားသည်ကို ဦးစောရွှေ တွေ့ရသည်။

ဦးစောရွှေတွင် ဒဿမ သုံးနှစ်ပစ္စတိုတစ်လက် ပါရှိပါ၏။





သို့သော် ... သေနတ်ကို ဤလို တိတ်ဆိတ်သော ကာလတွင် သုံး၍မဖြစ်မှန်းလည်း ဦးစောရွှေ သတိထားသည်။

ဦးစောရွှေသည် တောထဲက ခွေးအ,ကဲ့သို့ ကျင့်သုံးသည်။ ကျားဆွဲလာသော သားကောင်ကို ကျားလစ်သည်နှင့် ဝင်ဆွဲရန် ချောင်းနေသော ခွေးအ,ပုံစံ ဖြစ်သည်။

နောက်ထပ် ကားတစ်စီးနှင့် ရောက်လာသော လူနှစ်ယောက်သည် အောင်သပြေ ဝင်သွားသော ဘုရားပျက်လိုဏ်ဂူထဲသို့ပင် ဝင်သွားသည်ကို ဦးစောရွှေ တွေ့ရသည်။ တစ်ယောက်သောသူသည် လွင်ဦးဖြစ်မှန်းလည်း ဦးစောရွှေ သိသည်။

လွင်ဦးတို့နှစ်ယောက် ဝင်သွားပြီး မကြာမီမှာပင် ထိုလူနှစ်ယောက်က အောင်သပြေကို တရွတ်တိုက်ဆွဲချီကာ သူတို့ကားနှင့်ပင် ပြန်ခေါ်သွားသည်ကို ဦးစောရွှေ တွေ့ရပြန်ပေသည်။

အင်း ... ကြက်နှစ်ကောင် ခွပ်ပေပြီ။ နှစ်ကောင်စလုံး ပန်းပြီး မပျံနိုင် မလှုပ်နိုင်သည့် အခြေအနေထိ စောင့်စားပြီးမှ အပိုင်ဝင်ဆွဲရန် ဆုံးဖြတ်သည်။

အကြောင်းမူ ...

အောင်သပြေရော ... လွင်ဦးရော ဦးကိုကို၏



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးနေသော သိန်းကိုးဆယ်ကို ပြန်ရရေးအတွက် လှုပ်ရှားနေကြကြောင်း ဦးစောရွှေ ကျိန်းသေတွက်မိသောကြောင့်ပါတည်း။

ဦးစောရွှေသည် သူ့ကား၏ ရှေ့မီးကိုမဖွင့်ဘဲ လွင်ဦးတို့၏ ကားနောက်မှ တိတ်တဆိတ် လိုက်သွားပြန်သည်။

ရှေ့မှ လွင်ဦးတို့ကားသည် သီတဂူ မြို့ထဲအထိ မသွားဘဲ မြို့ပြင်ရှိ အိမ်ကြီးတစ်အိမ်၏ ခြံထဲသို့ ဝင်သွားသည်ကို တွေ့ရသည်။

အိမ်ကြီးထဲတွင် လျှပ်စစ်မီးမရှိ။

ဦးဖိုးထွားက ဖယောင်းတိုင်ကို မီးညှိထွန်းသည်။ ထိုဖယောင်းတိုင်မီးဖြင့်ပင် ဆေးပြင်းလိပ်ကြီးတစ်လိပ် အိတ်ထဲမှ ထုတ်ကာ မီးညှိရှူဖွာနေပေသည်။ ပြီး ... လွင်ဦး ဘာဆက်လုပ်မည်ကို ဦးဖိုးထွားက ကုလားထိုင်တွင် ထိုင်ပြီး စောင့်ကြည့်နေသည်။

လွင်ဦးသည် ငုတ်တုတ်ကျောမှီပါက ကုလားထိုင်တွင် အောင်သပြေကို ထိုင်စေလိုက်သည်။ ပြီး ... ကုလားထိုင်နှင့် ရောကာ အောင်သပြေ၏ လက်နှစ်ဖက် ခြေနှစ်ဖက်ကို ပူးတွဲချည်နှောင်လိုက်သည်။





အောင်သပြေ၏ ရင်ဘတ်နှင့် ကုလားထိုင် ကျောမှီကိုလည်း ကြိုးနှင့်ကပ်ချည်ထားသည်။

အောင်သပြေသည် မေ့ဆေးမိ မေ့မြောကာ လွင်ဦးလုပ်သမျှ ခံနေရတော့သည်။

"ဟ ... မင်းဟာက ခရုကို ခါးတောင်းကြိုက်ဖမ်းပြီး လိပ်သေကို ကြိုးတုတ်ရိုက်နေတာပါလား လွင်ဦး ... သတိမေ့နေတဲ့လူကို တုပ်ထားလိုက်တဲ့ကြိုးတွေက အထပ်ထပ်ပါလားကွာ ..."

"ဦးဖိုးထွားက ဘာသိလို့လဲ ... ဒီကောင် သိပ်သန်ပြီး သိပ်သွက်တယ် ... အခုတုပ်တဲ့ကြိုးတွေက ရှာနဲ့ တုပ်တဲ့ကြိုးတွေမို့ အပွစားဂုန်နီကြိုးတွေဗျ ..."

ဦးဖိုးထွား ဘာမှ ဆက်မပြောတော့ဘဲ ဆေးပြင်းလိပ်ကိုသာ ဖွာနေသည်။

"ဦးဖိုးထွား ... ဒီကောင် မေ့ဆေးပြေတဲ့အထိ စောင့်နေလို့ မဖြစ်ဘူးဗျ ... သူ သတိပြန်ရပြီး ကျုပ်တို့မေးတာတွေကို မြန်မြန်အဖြေရမှ ဖြစ်မှာ ... ကျွန်တော့်မှာ အချိန်သိပ်မရဘူးဗျ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မီးဖိုထဲက စည်ပိုင်းထဲက ရေတွေခပ်ပြီး သူ့ခေါင်းပေါ်က လောင်းချလိုက်ပေါ့ကွာ ... "

"ဦးဖိုးထွား သွားခပ်ပေးပါ ... "

"ဘာကွ ... ငါက သွားခပ်ပေးရမယ် ဟုတ်လား ... "

ဦးဖိုးထွားက ဆေးပြင်းလိပ်ငွေ့တွေကို မှုတ်ထုတ်ရင်း လွင်ဦးကို ထိုင်ရာမထ စိုက်ကြည့်ကာ ထန်ထန်မာမာပင် ပြန်ပြောလိုက်သည်။

"ဒီမှာ လွင်ဦး ... ငါဟာ မင်းအဖေ ဦးကိုကိုရဲ့ တပည့်ဆိုတာ မှန်တယ် ... မင်းအဖေဦးကိုကိုဟာ ငါ့ကျေးဇူးရှင်ဆိုတာလည်း ငါဘယ်တော့မှမမေ့ဘူး၊ မင်းအဖေက ငါ့ကိုနိုင်းရင် ချေးကျုံးနိုင်းလည်း ငါက မင်းအဖေရဲ့ချေးကျုံးပေးမှာ၊ ဒါပေမဲ့ မင်းက ငါ့ဆရာမဟုတ်ဘူး၊ ငါ့ကျေးဇူးရှင်မဟုတ်ဘူး၊ အခု ငါမင်းကို ကူညီနေတာ မင်းကိုငဲ့ညှာပြီး ကူညီတယ် မထင်နဲ့ ဒီကောင် အောင်သပြေဟာ ငါ့ဆရာကျေးဇူးရှင် ဦးကိုကို့ကို သတ်တဲ့ကောင်လို့ မင်းပြောပြလို့ ငါ့ဆရာ အတွက် ကူညီနေတာ၊ အခု မင်းက ငါ့ကိုရေခပ်နိုင်းတာ_

နေ ငါမခပ်ဘူး ... မင်းက ငါ့သားလောက်ရှိတဲ့ကောင် _





မင်းနိုင်းတိုင်း ငါမလုပ်ဘူး"

"ဟာဗျာ ... အရေးထဲ ဦးဖိုးထွားက ဘက်ကန်နေပြန်ပြီ"

လွင်ဦးသည် ညည်းညည်းညူညူနှင့်ပင် မီးဖိုထဲဝင် ရေခပ်ရန်ထွက်သွားသည်။

ရေပုံးဖြင့် ရေဆွဲလာကာ အောင်သပြေ၏ခေါင်းပေါ်မှ လောင်းချလိုက်သည်။

ခေါင်းခါခါ လည်ခါခါဖြင့် အောင်သပြေ သတိပြန်ရ မျက်လုံးပြန်ဖွင့်လာသည်။

မိမိကို ကြိုးတုပ်ထားပြီး ကုလားထိုင်ဘေးတွင် ရေလောင်းချသော လွင်ဦးကို အောင်သပြေသိထားပြီးသားဖြစ်ပါ၏။

သို့သော် ညိုညိုမောင်းမောင်း ဗလကောင်းကောင်း လူကြီးဖြစ်သော ဦးဖိုးထွားကိုမူ အောင်သပြေက ဘယ်သူ ဘယ်ဝါ မှန်းမသိပေ။ ထိုလူကြီးဆေးပြင်းလိပ်ခဲထားသည်ကို ငေးကြည့်နေမိသည်။

လွင်ဦးက မေးသည်။

"မင်း ငါ့ကိုသိတယ်နော် ... အောင်သပြေ"

"မင်း လွင်ဦးမှန်းငါသိသားပဲ ... အဲဒါ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … မင်းကို လောကဝိဒူဘုရားနားက ဘုရားပျက်ကြီး လိုဏ်ဂူထဲက ငါတို့ခေါ်လာတာ … အခု ငါတို့အားလုံး သိတဂူမှာပဲရှိသေးတယ် … မင်း ဘုရားပျက်လိုဏ်ဂူကြီးထဲ ဘာသွားလုပ်တာလဲ … အောင်သပြေ … "

အောင်သပြေက မဖြေ။

"ဟောကောင် … ငါမေးတာ ဖြေလေ … မင်း ဘုရားပျက်ကြီးထဲ ဘာသွားလုပ်တာလဲ … "

အောင်သပြေက လုံးဝမဖြေ။

လွှင်ဦးက ဦးဖိုးထွားကို အကူအညီတောင်းသော အကြည့်နှင့်ကြည့်လိုက်သည်။

"ဒီမယ် ဦးဖိုးထွား ခင်ဗျားက ဒီကောင့်ကို ငုတ်တုတ်ကြီး ထိုင်ပြီး အလုကြည့်နေတော့မှာလား … "

လွှင်ဦးကထိုညိုမောင်းမောင်းဗလကောင်းကောင်းနှင့်ဆေးပြင်းလိပ်ကြီးဖွာနေသူကို ဦးဖိုးထွားဟု ခေါ်လိုက်သံကို ကြားသည်နှင့် တစ်ခုခုပြောရန် ပါးစပ်ပြင်လိုက်စဉ်မှာပင် …

ထိုညိုမောင်းမောင်းဦးဖိုးထွားဆိုသည် လူကြီးက လွှင်ဦး တောင်းဆိုချက်အရ အောင်သပြေကိုရော ကြိုးတွဲချည်ထား





သော ကုလားထိုင်ကိုရော ဆောင့်ကန်လိုက်သည်။

ကုလားထိုင်နှင့်ပူးပြီး ကြိုးတုပ်ခံထားရသော အောင်သပြေမှာ ဝုန်းခနဲ ကုလားထိုင်ရော လူရော ပစ်လဲကျသွားပေတော့သည်။

ဦးဖိုးထွားကကန်ပြီးနောက် ဆေးပြင်းလိပ်သောက်မြဲသောက်နေသည်။

လွှင်ဦးက အောင်သပြေလဲကျရာသို့ ဒူးထောက်ထိုင်ချရင်း …

"ဒီမယ် … ငအောင် … မင်းဘုရားပျက်ကြီးထဲ ဘာလို့သွားတာလဲ ပြော … "

အောင်သပြေ စဉ်းစားပြီး ပြောပြရန် စိတ်ကူးလိုက်သည်။

"ပစ္စည်းတစ်ခု သွားရှာတာပဲ လွှင်ဦး … "

"ဘာပစ္စည်းလဲ … "

"ရွှေ … "

လွှင်ဦးက လဲကျနေသော ကုလားထိုင်နှင့်အောင်သပြေကို တည့်မတ်အောင် ပြန်ထူပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေသည် ဖွင့်ပြောရန်ဆုံးဖြတ်လိုက်တော့သည်။ အသားနာပြီး ကြောက်သောကြောင့် လုံးဝမဟုတ်။

အောင်သပြေအနေနှင့် ဦးကိုကိုမသေမီက နိုင်းခဲ့သောကိစ္စတစ်ခုတွင် တာဝန်ဆောင်ရွက်ခြင်းသာဖြစ်သည်။ တခြားဘာအကျိုးကိုမျှ မျှော်ကိုးခြင်း နဂိုထဲကမရှိ၊ မိမိတာဝန်ကျေချင်သည်။ လွှင်ဦးလိုကောင်၏လက်ထဲတွင် အချည်းနှီး မိမိအသက်မဆုံးရှုံးသင့်။

"ရွှေ ... ဟုတ်လား ... ဘယ်လိုရွှေလဲ"

"ရွှေချောင်းတွေ ..."

"ဘယ်လောက်များသလဲ ..."

"အဲဒါတော့ ငါ အတိအကျမသိဘူး ... ဦးကိုကိုက ရွှေချောင်လို့ သိန်းကိုးဆယ်ဖိုးဝယ်ထားတာလို့ပြောတာပဲ"

ဦးဖိုးထွားက ဖိုင်ရာမှထကာ လွှင်ဦး၏ပခုံးကို ပုတ်လိုက်သည်။

"ဒီကောင်ပြောတာ အမှန်ဖြစ်နိုင်တယ် လွှင်ဦး ... မင်းအဖေ ငါ့ဆရာဦးကိုကို နောက်ဆုံးအခေါက် ငါ့ဆီလာတုန်းက သူရွှေချောင်းတွေ ဘယ်ကရလာသလဲတော့မသိဘူး





သီတဂူက ကားငှားပြီး ရွှေတွေယူသွားတယ်၊ ဒါပေမဲ့ တစ်ညအိပ်ပြီး နောက်နေ့ပြန်ရောက်လာတယ် ... သူ့ရွှေတွေ ရန်ကုန်ကို သယ်ယူသွားဖို့ အဆင်မပြေဘူးတဲ့ ... အခက်အခဲတွေ အများကြီးပဲတဲ့၊ ဒါကြောင့် လမ်းမှာပဲ သူ ဝှက်ထားခဲ့တယ်တဲ့ ... အဲဒီလိုပြောပြီး လူချည်းသက်သက် ရန်ကုန်ကို လားရှိုးကတစ်ဆင့် ပြန်သွားတာပဲ ... ဒက်ဒီက ဦးဖိုးထွားကို တခြားဘာမှ မှာမထား ... ပြောမထားခဲ့ဘူးလားဗျာ"

"ပြောတယ် ... အဓိက ငါ့ကို ပြောခဲ့တာကတော့ ဒီရွှေတွေ အကြောင်း ငါက ဘယ်သူ့ကိုမှ မပြောနဲ့လို့ ဗိုတ်ထားခဲ့တယ်၊ ဒါကြောင့် ငါ မင်းကို ဒီရွှေတွေအကြောင်း ဘာမှ မပြောတာ၊ အခု ဒီကောင် အောင်သပြေက ဒီအကြောင်းတွေသိနေပြီး ... ဖွင့်ပြောတာမို့ ငါကလာပြန်ပြောပြတာ၊ ဆရာဦးကိုကိုပြောတာက ဒီရွှေတွေ ရန်ကုန်မှာသာ ပြန်ထုတ်ရောင်းရင် တစ်ကျပ်သားကို အနည်းဆုံးငွေတစ်သောင်း မြတ်နိုင်တယ်တဲ့ ..."

လွှင်ဦးက အောင်သပြေဘက်သို့ လှည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငအောင် ... မင်းက ဒက်ဒီကို ညှဉ်းပန်းနှိပ်စက်ပြီး ဒီဘုရားပျက်ကြီးထဲမှာ ဒက်ဒီ့ရွှေတွေ ဝှက်ထားတယ်ဆိုတာ သိတာပေါ့ ဟုတ်လား ..."

"မဟုတ်ဘူး ... မင်းဒက်ဒီက ငါ့ကိုရွေးပြီး ဒီဘုရားပျက်ကြီးမှာ ဝှက်ထားခဲ့တဲ့ရွှေတွေကို ပြန်ယူပေးရင် ငွေနှစ်သိန်းပေးမယ်ဆိုပြီး ငှားခဲ့တာ ... တာဝန်ပေးခဲ့တာ ... မင်း ဒက်ဒီကို ငါက သတ်ပစ်စရာအကြောင်း ဘာမှမရှိဘူး ... ညှဉ်းပန်းနှိပ်စက်စရာအကြောင်းလည်း ဘာမှမရှိဘူး ..."

"ဖျန်း ..."

လွင်ဦးက အောင်သပြေကို ပါးရိုက်လိုက်သည်။

"မင်း ... သိပ်ယုတ်မာပါလား ငအောင် ... ဒက်ဒီက မင်းကို ငှားခဲ့တယ်ထားဦး ... ဒီရွှေတွေ ဒီမှာဝှက်ထားမှန်း ဒက်ဒီပြောလို့သိတာနဲ့ ဒက်ဒီ့ကို တစ်ချီတည်း မင်းအသေသတ်ပစ်ပြီး ဒီရွှေတွေ မင်းအပိုင်စီးဖို့ကြံတာ မဟုတ်လား ... ကဲ... ယုတ်မာဦးကွာ ... ယုတ်မာဦး ..."

လွင်ဦးက အောင်သပြေကို လက်သီးဖြင့် ဆင့်ဆင့်ကာ ထိုးတော့သည်။





လွင်ဦးလို လူပျော့ကောင်၏ လက်သီးချက်ကို ခံနိုင်ရည်လေ့ကျင့်ထားသော အောင်သပြေက ခံနိုင်ရည်အပြည့်ရှိနေပါ ၏။

"ဦးကိုကို့ကို ငါမသတ်ဘူး လွင်ဦး ..."

"လုပ်မနေနဲ့ ငအောင် ... ဒီအချိုးနဲ့ တရားရုံးကို လှည့်ပတ်ပြီးတရားသေလွတ်ပေမဲ့ ... ငါ့လက်ကတော့ မင်းမလွတ်တော့ဘူး ငအောင် ..."

ထပ်ထိုးပြန်သည်။

လွင်ဦးဘယ်လိုထိုးထိုး ထိရောက်မှုမရှိမှန်း လွင်ဦးကိုယ်တိုင်သိလာသဖြင့် ဦးဖိုးထွားဘက်သို့ လွင်ဦးလှမ်းပြောလိုက်သည်။

"ဘယ်လိုလဲ ဦးဖိုးထွား ... ဒက်ဒီရွှေတွေကို အပိုင်စီးဖို့ ဒက်ဒီကို အသေသတ်ခဲ့တဲ့ ဒီကောင်ကို ဦးဖိုးထွားက လက်ပိုက်ကြည့်နေတော့မှာလားဗျ ..."

ဦးဖိုးထွားက ထိုင်ရာမှထလာပြီး သူ၏လက်သီးကြီးနှင့် အောင်သပြေကို ထိုးချလိုက်သည်။

ဤမျှအထိတော့ အောင်သပြေခံနိုင်ရည်မရှိတော့၊



www.burmeseclassic.com

www.burmeseclassic.com



စာစောက မေ့ဆေးဒဏ်လည်း ခံထားရသည်။

ဦးခေါင်းဒိုက်စိုက်ဖြင့် အောင်သပြေ သတိမေ့သွားပေတော့သည်။

"ဟာ ... ဒီကောင် မေ့သွားပြန်ပြီ၊ ဒီကောင့်ကို မေးစရာတွေရှိသေးတယ်ဗျ၊ ပေးစမ်းဗျာ ... ခင်ဗျားဆေးပြင်းလိပ်ကြီး"

လွင်ဦးက ဦးဖိုးထွားလက်မှ ဆေးပြင်းလိပ်ကိုယူကာ အောင်သပြေ၏လက်မောင်းတစ်ဖက်ကို ဆေးပြင်းလိပ်မီးဖြင့် ထိုးလိုက်သည်။

အောင်သပြေ တန့်ခနဲဖြစ်သွားသည်ကလွဲပြီး သတိပြန်မရတော့။

"ဟာ ... လွင်ဦး ..."

ဦးဖိုးထွားကခေါ်ရင်း သူ့ဆေးပြင်းလိပ်ကို လွင်ဦးလက်မှ ပြန်ယူသည်။

"ဦးဖိုးထွား ဘုရားပျက်ကြီးထဲက ရွှေတွေသွားပြန်တူးဖော်ကြရအောင်လား ... ဒီကောင်ကို ဒီမှာ ဒီအတိုင်းထားခဲ့ပြီး ပြန်လာမှ စီစဉ်တာပေါ့ ..."

"ဘယ်လွယ်မလဲလွင်ဦး ... ဘုရားပျက်ကြီးက အကျယ်ကြီး





ဗျာ ... နေရာအတိအကျမသိဘဲ အရမ်းလျှောက်တူးရင် ဘုရားကြီးထပ်ပြိုကျလာပြီး မင်းရောငါရော မြေမြှုပ်ပြီးသားအလောင်းတွေဖြစ်သွားမယ် ... နောက်ပြီး တူးဖို့ တူရွင်းနဲ့ ပေါက်ဆိန်၊ ပေါက်ပြားတွေလိုတယ်၊ မှန်အိမ်လည်းလိုတယ်၊ မှောင်ကြီးထဲမှာ တူးလို့ရမလား ..."

"ဒါဆို ဘယ်လိုလုပ်ကြမလဲဗျာ ..."

"ဒီကောင် သတိပြန်ရတဲ့အထိ မင်းစောင့်ရမှာပေါ့ လွင်ဦး၊ ဒီကောင်ကမှ တူးရမယ့်နေရာကို အတိအကျသိတာမဟုတ်လား ..."

"ခက်တာပဲဗျာ ... ခင်ဗျားကလည်း လက်သီးကြီးနဲ့တစ်ချက်တည်း အမေ့အလဲထိုးလိုက်တာကိုးဗျ ..."

"ဟ ... လွင်ဦး ... မင်းဟာက အခုတစ်မျိုး ... တော်ကြာတစ်မျိုးကောင်ပါလား ... မင်းပဲ ထိုးပေးပါဆိုလို့ ငါက ထိုးပေးတာ ..."

"ကဲဗျာ ... ဒါဆိုလည်း ဒီကောင် သတိမေ့နေတုန်း ... ခင်ဗျားပဲ ပေါက်တူးတွေ၊ တူရွင်းတွေ၊ မှန်အိမ်တွေသွားယူဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လွင်ဦး ... မင်းလွန်လာပြီ ... မင်းကို ပြော ပြီးပြီ ... ငါက မင်းတပည့်မဟုတ်ဘူး၊ မင်းက ငါ့ကို ခိုင်းစရာ မဟုတ်ဘူး ... မင်းက ငါ့ကိုခိုင်းစရာ ဘာမှမလိုဘူး၊ မင်းခိုင်း တိုင်း ငါလုပ်မဲ့ကောင်လား လွင်ဦး ..."

"ကျုပ်က ဒက်ဒီ့သားအနေနဲ့ ခင်ဗျားဆီက အကူအညီ တောင်းတာ ..."

"ငါ ကူညီသင့်သလောက် ကူညီသားပဲ၊ တကယ်တော့ မင်း ဒက်ဒီဆရာဦးကိုကို ငါ့ကိုမှာခဲ့တာက ... သူလွှတ်တဲ့ကိုယ် စားလှယ်မဟုတ်ရင် မင်းမာမီဒေါ်မိမိကြီးကိုယ်တိုင်လိုက် လာတောင် ရွှေချောင်းတွေအကြောင်း ငါက ဘာမှမပြောရ ဘူးလို့ မင်းဒက်ဒီက ငါ့ကိုမှာထားတာ၊ အခု မင်းကို ငါကူညီ တာဟာ ဒီအောင်သပြေဆိုတဲ့ကောင်ဟာ ... ငါ့ကျေးဇူးရှင် ဆရာဦးကိုကို့ကို သတ်တဲ့ကောင်ဆိုလို့ ဆရာ့အတွက် ဒီကောင်ကို ငါ နာကြည်းပြီး မင်းကိုကူညီနေတာ ..."

"ဒါဆို ခင်ဗျား ဒီမှာပဲ စောင့် ... ကျုပ် ကားနဲ့သွားပြီး မီးအိမ်တွေနဲ့ ပေါက်ဆိန်၊ ပေါက်တူး၊ တူရွင်းတွေကို သီတဂူ မှာ သွားယူမယ် ..."





"အေး ... ငါဒီမှာစောင့်ပေးဆိုတာလောက်တော့ ငါလက်ခံ တယ် ... စောင့်ပေးမယ် ..."

"ဩော် ... ဒါထက် ဦးဖိုးထွား ဒီကောင် သတိပြန်ရပြီး ရွှေတွေတူးဖော်လို့ပြီးရင် ... ဒီကောင့်ကို ဘာလုပ်ရင် ကောင်းမလဲဟင် ..."

"ရဲအဖွဲ့ ရဲစခန်းကို အပ်ပေါ့ကွ ..."

"ဟာ ... မဟုတ်တာ ... ဘယ်ဖြစ်မလဲ၊ ဒီကောင်က ရဲတွေ ကို ရွှေချောင်းတွေကိစ္စ ဖော်ပြောရင် ရဲက ရွှေချောင်းတွေ ကို သိမ်းမှာ ... ကျုပ်ကိုလည်း အမှုပတ်လာမှာ ဖွတ်မရ ဓားမဆုံးဖြစ်ကုန်မယ် ..."

"ဒါကတော့ မင်းကိစ္စပဲ လွင်ဦး ..."

"ကျုပ်ကတော့ ဒက်ဒီ့ကိုယ်စား လက်စားချေတဲ့ သဘောနဲ့ ဒီကောင့်ကို အပြီးအပိုင် နှုတ်ပိတ်ပစ်သတ်ပစ်ချင်တယ်"

"အဲဒီကိစ္စမှာတော့ မင်းကို ဘာအကြံမှလည်းမပေးဘူး၊ ဘာမှလည်း မကူညီနိုင်ဘူး ... လူကိုသတ်ရင် လူသတ်မှုပဲ ကွ ... ငါက မင်းကိစ္စကြားမှာ လူသတ်တရားခံ အဖြစ်မခံနိုင် ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဒီကိစ္စပြီးမှ ဒီကောင့်ကို ကျုပ်ဟာကျုပ်စီစဉ်မယ် ..."

လွင်ဦး ပစ္စည်းတွေယူရန် ကားဖြင့် ထွက်သွားတော့သည်။

အမှန်တော့ ...

လွင်ဦးက မိမိလက်မောင်းကို ဆေးပြင်းလိပ်မီးနှင့် မတို့မိကတည်းက အောင်သပြေသတိပြန်ရပြီ ဖြစ်သည်။

မိမိလွတ်မြောက်ရေးကို မည်သို့လုပ်ဆောင်ရမည် နည်းဟု စိတ်ကူးရင်း ဆက်လက်မေ့ဟန် ဆောင်နေခြင်းသာ ဖြစ်ပါ၏။

လွင်ဦး ဆေးလိပ်မီးနှင့်ထိုးသည်ကိုလည်း အောင့်အီးခံယူပြီး သတိမေ့မြဟန်ဆောင်နေလိုက်သည်။

ယခု လွင်ဦးထွက်သွားမှ အောင်သပြေမျက်လုံးဖွင့်ပြီး ကုလားထိုင်တွင် ဆေးပြင်းလိပ်ခဲမှိန်းနေသည့် ဦးဖိုးထွားဆိုသည့် လူကြီးကို ကြည့်လိုက်သည်။

ထိုလူကြီး၏နာမည်ကို ဦးဖိုးထွားဟု လွင်ဦးခေါ်သည်ကို အောင်သပြေကြားလိုက်သည်။





သို့တစေ သီတဂူတွင် ဦးဖိုးထွားဆိုသည့်အမည်နှင့် အခြားလူတွေလည်း ရှိချင်ရှိနေမည်သာ။

အောင်သပြေသည် ထိုလူကြီးကြားနိုင်လောက်အောင် လက်ာပုဒ်ဆန်ဆန် တစ်ခုကို အသံထွက်ရွတ်ဆိုလိုက်သည်။

"နတ်ပြည်မှာ သိကြား"

"လူ့ပြည်မှာ ဖိုးထွား"

ဆေးပြင်းလိပ်မှာနေသော ဦးဖိုးထွားသည် အောင်သပြေရွတ်လိုက်သံကြားသည်နှင့် ဆတ်ခနဲ တုန်သွားပေသည်။

"ဘာ ... ဘာကွ ... မင်း ခုနရွတ်လိုက်တာ ပြန်ရွတ်စမ်း"

"ဦးကိုကိုက ကျွန်တော့်ကို မှာထားခဲ့တယ် ... သီတဂူမှာ အခက်အခဲတွေ့လို့ အကူအညီလိုအပ်လာရင် ဦးဖိုးထွားဆိုတဲ့လူကို သွားတွေ့ပါတဲ့ ... ဦးဖိုးထွားကိုတွေ့ရင် နတ်ပြည်မှာသိကြား ... လူ့ပြည်မှာ ဖိုးထွားဆိုတဲ့ စကားကို ရွတ်ပြလိုက်တဲ့ ... အဲဒါ ဦးဖိုးထွားနဲ့ ဦးကိုကို ထားရှိတဲ့ လျှို့ဝှက်သင်္ကေတတစ်ခုတဲ့ ..."

"ဒါဆို ... ဒါဆို မင်းက ဆရာဦးကိုကိုရဲ့ကိုယ်စားလှယ်ပေါ့ ဟုတ်လား အောင်သပြေ ... အဲဒီလျှို့ဝှက်စကားကို ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆရာ ဦးကိုကို နှစ်ယောက်တည်းသာ သိတဲ့စကား၊ ဆရာ ဦးကိုကိုက ငါ့ဆီကို သူ့ကိုယ်စားလှယ်တစ်ယောက်လွှတ်မယ်တဲ့ ... သူ့ကိုယ်စားလှယ်စစ်မှန်ရင် အဲဒီလျှို့ဝှက်ချက်လက်ဘ်လေးကိုရွတ်ပြလိမ့်မယ်တဲ့ ... ”

“ကိုယ်စားလှယ်လား ဘာလားတော့မသိဘူး ... ဦးကိုကိုက ကျွန်တော့်ကို စရန်ငွေတစ်သိန်းပေးတယ် ... သူ လျှို့ဝှက်ချက်နဲ့ လျှို့ဝှက်တဲ့နေရာကိုလည်း ပြောပြတယ်၊ အဲဒါ ကျွန်တော်က ပြန်ဖော်ယူပေးဖို့ပဲ ... သူ့ဆီ ပြန်ရောက်ရင် ကျွန်တော့်ကို လုပ်ဆောင်ခ ထပ်ပြီးငွေတစ်သိန်းပေးမယ် ... ဒါကြောင့် ဦးကိုကိုစေခိုင်းတဲ့တာဝန်နဲ့ ကျွန်တော့်သီတဂူကို ရောက်လာတာပဲ ... ”

“ဒါဆိုကွာ ... မင်းသီတဂူရောက် ရောက်ချင်း ငါ့ဆီကို ဘာလို့ မလာတာလဲ ... ”

“ဦးကိုကိုမှာခဲ့တာကိုက အခက်အခဲရှိမှ ဦးဖိုးထွားကို သွားတွေ့လို့ မှာခဲ့တာကိုး ... သူ့ရွှေတွေ သီတဂူက ပြန်ထုတ်ယူလာတာကို ဦးဖိုးထွားတောင် မသိစေနဲ့လို့ ဦးကိုကိုက မှာထားတာကိုး ... ”





“အေး ... ဦးကိုကိုဟာ ... ဘယ်သူ့အပေါ်မှာမဆို လျှို့ဝှက်ထားတဲ့အကျင့်ရှိတာကိုး ... ဒါထက် ဆရာဦးကိုကို့ကို မင်းသတ်ပစ်လိုက်တာဆို ... ”

“လုံးဝမသတ်ဘူး ... ဦးဖိုးထွားပဲ စဉ်းစားကြည့်လေ ... ကျွန်တော့်ကို ဦးကိုကိုက အမျိုးမျိုးအင်တာဗျူး စမ်းသပ်ပြီးမှ လုံးဝယုံကြည်သွားပြီး ဒီကိစ္စတွေဖွင့်ပြောတာ ကျွန်တော့်ကို လုံးဝယုံကြည်သွားလို့ပေါ့ ... ”

“အဲဒီလို လုံးဝယုံကြည်မှ အခုဒီကိစ္စတွေကို ဖွင့်ပြောတာ သူ့ကိုယ်စား ဆောင်ရွက်ဖို့ ငွေနှစ်သိန်းစာန်ကြေးပေးပြီး ကျွန်တော့်ကို ခိုင်းလိုက်တာ ... သူ့သား လွင်ဦးကိုတောင် မခိုင်းဘဲ ကျွန်တော့်ကို ရွေးပြီးခိုင်းတာ ... ကျွန်တော့်ကို အဘက်ဘက်က ယုံကြည်စိတ်ချလို့ပဲပေါ့ ... သူ့ကိုသတ်ပြီး သူ့ရွှေတွေယူမယ်လို့ ... သူ ကျွန်တော့်ကို ယူမှတ်ရင် ... ဘယ်ခိုင်းမလဲ ... နောက်ပြီး ကျွန်တော်ဟာ ဦးကိုကို့ကို တကယ်သတ်တဲ့လူမဟုတ်လို့ တရားရုံးတော်က အဘက်ဘက်က စစ်ဆေးပြီးတရားသေလွှတ်လိုက်တာပေါ့ဗျာ”

“အေး ... မင်းဥပမိရုပ်ရည်မျိုးနဲ့ အပြောအဆိုအပြုအမူရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဟာ လူယုတ်မာမဖြစ်နိုင်ဘူးလို့ ငါယူတော့ယူဆမိသား၊ ကဲ ဒါဆို နောက်သင်္ကေတတစ်ခုရှိသေးတယ် … ဦးကိုကိုနဲ့ငါနဲ့ နှစ်ယောက်တည်းသိတဲ့ လျှို့ဝှက်သင်္ကေတပဲ … အဲဒီ သင်္ကေတကိုရော မင်းပြနိုင်သလား အောင်သပြေ … ”

“သိပ်ပြနိုင်တာပေါ့ … ဒါပေမဲ့ … အဲဒီသင်္ကေတက လက်နှစ်ဖက်နဲ့ပြရမဲ့ သင်္ကေတပဲ … ကျွန်တော့်လက်တွေကို ကြိုးတုပ်ထားတော့ ဘယ်လိုပြနိုင်မှာလဲ ဦးဖိုးထွား … ”

“ကောင်းပြီ … နောက်ပြန်ကြိုးတုပ်ထားတဲ့ မင်းလက်နှစ်ဖက်ကို ငါဖြေပေးမယ် … ”

ဦးဖိုးထွားက ကုလားထိုင်နှင့် နောက်ပြန်ပူးတွဲချည်နှောင်ထားသောကြိုးကို ဖြေပေးလိုက်သည်။

အောင်သပြေက လက်နှစ်ဖက်ဖြင့်ချက်ချင်းသင်္ကေတကို လုပ်ပြသည်။

ပထမ လက်မနှင့်လက်ညှိုးထိပ်တေ့ပြီး စက်ဝိုင်းသဏ္ဌာန်ပြသည်။

ဒုတိယ လက်ဝဲဘက်မှ လက်သူကြွယ်လက်ချောင်းကို ညာလက်ဖြင့် ထောက်ပြသည်။





တတိယ လက်ဆယ်ချောင်းစလုံးထောင်ပြပြီးမှ ညာလက်မကို ကွေးချပြီး လက်ချောင်းကိုးချောင်းကိုသာ ထောင်ပြသည်။

“အေး … မင်းပြတဲ့ လျှို့ဝှက်သင်္ကေတတွေအားလုံးမှန်တယ်၊ ပထမ စက်ဝိုင်းသင်္ကေတက ငွေလို့အဓိပ္ပာယ်ပြကာ … ဒုတိယလက်သူကြွယ်ကို ထောက်ပြတာ လက်စွပ်ဝတ်တဲ့ လက်မို့ ရွှေလို့ အဓိပ္ပာယ်ရတယ် … တတိယလက်ချောင်းကိုးချောင်းအဓိပ္ပာယ်က သိန်းကိုးဆယ်ကို ရည်ညွှန်းတာ … အားလုံး ဆရာဦးကိုကိုရဲ့ လျှို့ဝှက်သင်္ကေတတွေချည်းပဲ”

“ဒါ … ဦးကိုကိုကိုယ်တိုင် ကျွန်တော့်ကို အထပ်ထပ်အခါခါ သင်ပေးပြီးမှ လွှတ်လိုက်တာပဲဟာ … ”

“ကဲ … ဒါဆို ဒီလိုလုပ်ပေတော့ … ဟောဒီဆေးပြင်းလိပ် မင်းကို ငါပေးခဲ့မယ် … ချည်ထားတဲ့ကြိုးတွေကို မင်းဟာမင်း ဆေးပြင်းလိပ်မီးနဲ့တို့ပြီး ဖြတ်ပေတော့ … ဂုံနီအပ်စားကြိုးတွေမို့ မီးလောင်လွယ်မှာပါ … ကျန်တဲ့လွင်ဦးနဲ့ မင်းနဲ့ ကိစ္စကိုတော့ မင်းတို့ဟာ မင်းတို့ရှင်းကြတော့ … ကဲ … ငါသွားမယ် … ”



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထွားသည် နောက်သို့ပင် တစ်ချက်ပြန်လှည့်မကြည့်တော့ဘဲ အိမ်ကြီးထဲမှ ထွက်သွားပေတော့သည်။

အောင်သပြေသည် ဆေးပြင်းလိပ်မီးဖြင့် ချည်တုပ်ထားသော ကြိုးတွေကို တစ်ချောင်းပြီးတစ်ချောင်း မီးရှို့ဖြတ်တောက်ပေတော့သည်။





ဦးစောရွှေသည် သိန်းကိုးဆယ်အပိုင်ရရှိရေးအတွက် ဆည်ဝက ဖျိုင်းကြီး ငါးစောင့်သလို စိတ်ရှည်လက်ရှည် အခြေအနေကို စောင့်ဆိုင်းနေပေသည်။

မြို့စွန်အိမ်ကြီးထဲတွင် ဖယောင်းတိုင်မီးရောင်ဖြင့် သဲသဲကွဲကွဲ မဟုတ်စေကာမူ လှုပ်ရှားနေသည်များကို အဝေးမှ ချောင်းကြည့်နေသော ဦးစောရွှေ မြင်တွေ့နေရပါ၏။

သို့သော် ဦးစောရွှေ အိမ်ကြီးထဲသို့ မဝင်ရဲသေးပေ။

ရာဇဝတ်မှုတစ်ခု ကျူးလွန်တော့မည်ဆိုပါကအခင်းဖြစ်ပွားရာ၌ လူတစ်ဦးထက်ပိုရှိပါက မျက်မြင်သက်သေရှိသွားနိုင်သည်ကို ဦးစောရွှေနားလည်ပြီးသား ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ဦးစောရွှေ စိတ်ရှည်စွာ ဆက်စောင့်သည်။

စောင့်စား၍ မိနစ်လေးဆယ်ခန့်အကြာတွင် အိမ်ကြီးပေါ်မှ လူတစ်ယောက်ဆင်းလာပြီး သီတဂူမို့ထဲဘက်သို့ ခြေကျင်လျှောက်သွားသည်ကို တွေ့ရသည်။

ဒါဆို အိမ်ကြီးပေါ်တွင် အောင်သပြေတစ်ဦးတည်း ကျန်ခဲ့သည်မှန်း သေချာသွားသည်။

ဦးစောရွှေသည် သူ၏ပစ္စတိုသေနတ်ကို သေချာကိုင်ကာ မှောင်ရိပ် သစ်ပင်ရိပ်ခိုပြီး တရွေ့ရွေ့ကူးလာခဲ့သည်။

ယင်းအခိုက်မှာပင် ...

ကားမီးနှစ်လုံးထိုးပြီး အိမ်ကြီးဆီသို့ မောင်းလာသော ကားတစ်စီးတွေ့ရပြန်သောကြောင့် ဦးစောရွှေ လှစ်ခနဲ တောတန်းဘက်ပြေးကာ ပုန်းကွယ်နေလိုက်ရပြန်သည်။

ဝင်ရောက်လာသောကားမှာ လွင်ဦး၏ကားပင် ဖြစ်ပေသည်။

လွင်ဦးသည် မီးအိမ်၊ ဖယောင်းတိုင်၊ ပေါက်တူးပေါက်ပြား၊ တူရွင်းများယူလာရုံမက စားသောက်ရန် ဘီစကွတ်မုန့်





တွေ၊ မုန့်ကြွပ်တွေ၊ ကော်ဖီထည့်ဓာတ်ဘူးတွေပါ ယူလာသည်။

တူးရင်းဖော်ရင်း ဆာလောင်က စားသောက်ရန်တွေ ယူလာခြင်း ဖြစ်ပါ၏။

လွင်ဦးသည် ဦးဖိုးထွားကို အစောင့်ထားခဲ့ပြီး အောင်သပြေကို ကြိုးအထပ်ထပ် တုပ်ချည်ထားခဲ့သဖြင့် စိတ်အေးလက်အေးပင် ကားပေါ်မှဆင်း ပစ္စည်းတွေသယ်ကာ အိမ်ကြီးထဲသို့ ဝင်ရောက်လိုက်တော့သည်။

အိမ်ထဲရောက်သည်နှင့် ကုလားထိုင်နှင့်တွဲချည်ထားသော ကြိုးတွေအပိုင်းပိုင်းပြတ်နေပြီး မားမားကြီးရပ်နေသည့် အောင်သပြေကို ဘွားခနဲ လွင်ဦးတွေ့လိုက်ရတော့သည်။

ဘာမှမပြောဘဲ လွင်ဦးသည် အောင်သပြေထံ ပြေးဝင်ကာ ထိုးနှက်တော့သည်။

ဘယ်ရမလဲ ...

အောင်သပြေအဖို့ ခြေတွေလက်တွေ အတုပ်အနှောင်မရှိပါက လွင်ဦးလိုကောင် ဆယ်ကောင်ကို တစ်ပြိုင်တည်း ယှဉ်ပြိုင်နိုင်သူ ဖြစ်သည်။

မိနစ်ပိုင်းအတွင်းမှာပင် လွင်ဦးမှာ အောင်သပြေ၏



www.burmeseclassic.com

www.burmeseclassic.com



လက်သီးချက်၊ လက်ဝါးစောင်းချက်၊ ဒူးခတ်ချက်၊ တံတောင်တွက်ချက်တို့ကြောင့် ဖွဲ့အိတ်လိုပစ်ကျပြီး မတုံ့ပြန်နိုင်တော့ဘဲ ငုတ်တုတ်ခံဘဝသို့ရောက်သွားတော့သည်။

လွင်ဦးသည် အရှက်မရှိ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"မင်း အလကားကောင်ပဲ လွင်ဦး ... ပုဆိုးမဝတ်နဲ့ထဘီဝတ်နေ၊ မင်းကခါချဉ်လိုအကောင် ... ဟောကောင် ... လွင်ဦး ယောက်ျားဆိုတာ ပေဖြစ်ရင် ထုတတ်ရုံနဲ့ ယောက်ျားမဟုတ်ဘူးကွ ... ပေဖြစ်တဲ့အခါ ခံနိုင်ရည်ရှိမှ တကယ့်ယောက်ျား ... ထွီ ... "

ဟု တံတွေးထွေး ပြောပြပြီး အောင်သပြေအိမ်ကြီးထဲမှ ထွက်လာခဲ့သည်။

လွင်ဦး၏ကားဖြင့်ပင် အောင်သပြေ သီတဂူထဲသို့ ပြန်မောင်းလာခဲ့သည်။

လက်ရှိအခြေအနေမှာ ရွှေချောင်းတွေကိစ္စသည် လူသိသူသိဖြစ်သွားပေပြီ။

မိမိအနေနှင့် သွားရောက်တူးဖော်သည်ထက်





သီတဂူ ရဲစခန်းသွားပြီး ရဲသို့အားလုံး ဖွင့်ပြောခြင်းသာ အသင့်တော်ဆုံးဟု ဆုံးဖြတ်ပြီး သီတဂူရဲစခန်းသို့ အောင်သပြေမောင်းလာခဲ့တော့သည်။

www.burmeseclassic.com



ဆည်ဝစောင့်မျိုးကြီး ဦးစောရွှေသည် ကားပြန်မောင်းထွက်သွားပြီး ကားပေါ်တွင်မောင်းသူတစ်ဦးသာပါသွားကြောင်း ပုန်းကွယ်ချောင်းကြည့်ရာမှ မြင်တွေ့လိုက်ရသည်။

ကားပြန်မောင်းထွက်သွားသူမှာ အောင်သပြေလား၊ လွှင်ဦးလားဆိုသည်ကိုတော့ သဲကွဲစွာ မမြင်တွေ့လိုက်ရပေ။

မည်သို့ဖြစ်စေ ...

ယခုအချိန်တွင် အိမ်ကြီးထဲ၌ အောင်သပြေသော်လည်းကောင်း၊ လွှင်ဦးသော်လည်းကောင်း တစ်ယောက်တည်းရှိနေမည်ဟု ဦးစောရွှေတွက်မိသည်။

အောင်သပြေဆိုလည်း ရင်ဆိုင်မည်။





လွှင်ဦးဆိုလည်း ဦးစောရွှေက ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ယခုလက်ရှိအခြေအနေနှင့် ယခုလက်ရှိအချိန်သည် သိန်းကိုးဆယ်ကိစ္စပွင့်ထွက်သွားပြီမို့ အိမ်ကြီးထဲတွင် ကျန်ခဲ့သူတစ်ယောက်သည် မည်သူပင်ဖြစ်စေ မိမိက သေနတ်နှင့်ထိုးလျှင် အပိုင်ကိုင်ရတော့မည်ဟု ဦးစောရွှေခံယူပြီး အိမ်ကြီးဆီသို့ တိတ်တိတ်လေး ချဉ်းကပ်ကာ သေနတ်ကို ချိန်ရင်း အိမ်ကြီးထဲသို့ဝင်လိုက်ပေတော့သည်။

နံရံကိုမှီပြီး ငိုနေသော လွှင်ဦးတစ်ယောက်တည်းကိုသာ ဦးစောရွှေတွေ့ရပေသည်။

"ဟင် ... ခင်ဗျားကဘယ်သူလဲ ..."

ဟု လွှင်ဦးက သေနတ်နှင့်ချိန်ပြီးဝင်လာသူကို ကမန်းကတန်း မေးလိုက်သည်။

"ငါ ... မန်နေဂျာစောရွှေလေကွာ ..."

ဦးစောရွှေက ရုပ်ဖျက်ထားသော နှုတ်ခမ်းမွေးတုကို ဆွဲဖြုတ်လိုက်သည်။ ငိုက်စိုက်ဆောင်းထားသော ဦးထုပ်ပြားကြီးကို ချွတ်ပြလိုက်သည်။ တပ်ထားသောနေကာမျက်မှန်ကိုလည်း ချွတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဦးစောရွှေ၏ပကတိရုပ် ထွက်လာတော့သည်။

"ဟာ ... ဟန်ကျလိုက်တာ ဦးစောရွှေ ... ခင်ဗျားကို မာမီက ကျွန်တော့်ကို ကူညီဖို့ လွှတ်လိုက်တာမဟုတ်လားဟင်၊ ဟို ... ဦးဖိုးထွားဆိုတဲ့လူကြီးကတော့ သစ္စာဖောက်သွားပြီဗျ ..."

"အေးပေါ့ မောင်လွင်ဦးရာ ... မင်းကို ကူညီဖို့ ငါရောက်လာတာပေါ့ကွာ ..."

"ဒါဆို ... ဟိုကောင်အောင်သပြေ လွတ်ပြေးသွားပြီဗျ ... ဒီကောင့်နောက်ကို လိုက်ရမယ်ဗျ ..."

"လိုက်ရမှာပေါ့ မောင်လွင်ဦး ... ဒါပေမဲ့ မလိုက်ခင် မင်းကို ငါပြောမယ် ... အခု ငါတို့ သီတဂူကိုရောက်လာကြတာဟာ မင်းဒက်ဒီရဲ့ ငွေသိန်းကိုးဆယ်ကိစ္စကြောင့် မဟုတ်လား"

"ဟုတ်တယ်လေ ... ဒက်ဒီက သိန်းကိုးဆယ်ဖိုး ရွှေချောင်းတွေဝယ်ထားတာတဲ့ဗျ ... အခု အောင်သပြေက အဲဒီ သိန်းကိုးဆယ်ဖိုး ရွှေချောင်းတွေကို သွားဖော်တော့မယ် ဦးစောရွှေ ... ဒီကောင့်ကို အပျောက်ရှင်းပစ်ရမယ်ဗျ ..."

ဦးစောရွှေက လွင်ဦး၏စကားကို သံယောင်လိုက်





ပြီး သူသိချင်သောအချက်ကို သွယ်ဝိုက်ပြီး မေးလိုက်သည်။

ရွှေချောင်းတွေ အောင်သပြေကသွားဖော်ယူတော့မည်ဆိုသည့်စကားကို ဦးစောရွှေ အလေးအနက်ထားပြီး လွင်ဦးကို မေးလိုက်သည်။

"အေး ... အောင်သပြေနောက်ကို တို့ကလက်ဦးသွားအောင် လိုက်ရမယ် ... အဲဒီရွှေချောင်းတွေက ဘယ်မှာတဲ့လဲ မောင်လွင်ဦး ..."

"အနီးယာရွာနားက လောကဝိဒူဘုရားနဲ့ မနီးမဝေးမှာရှိတဲ့ ဘုရားပျက်ကြီးထဲမှာ ဒက်ဒီက မြှုပ်ပြီးဝှက်ထားခဲ့တာဗျ... ကဲ ... လာ ... သွားစို့ ဦးစောရွှေ ... ဒီကောင် အောင်သပြေနဲ့တိုးနေရင်လည်း ဦးစောရွှေက ဒီကောင့်ကို သေနတ်နဲ့ လက်ဦးအောင် အရင်ပစ်သတ်လိုက် ... ဦးစောရွှေမှာ သေနတ်ပါတာပဲဟာ ..."

နှစ်ယောက်စလုံး သိန်းကိုးဆယ်ဖိုး ရွှေချောင်းတွေအတွက် စိတ်အားထက်သန်နေကြသည်။

"ဦးစောရွှေ ... မော်တော်ကားပါတယ်မဟုတ်လား အောင်သပြေ ကျူပ်ကားကိုယူသွားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာကားပါလာပါတယ် မောင်လွင်ဦး ... ဒါပေမဲ့ ငါ့ကား ဟာ ငါစီးဖို့သက်သက်ပဲ ... မင်းစီးခွင့်မရနိုင်တော့ဘူးလေ"

ပြောပြောဆိုဆိုပင် ဦးစောရွှေသည် လွင်ဦး၏ လက်ဝဲရင်အုံကို အနီးကပ်ပင် သေနတ်နှင့်နှစ်ချက်ဆင့်ပစ်လိုက်သည်။

"ဒိုင်း ... ဒိုင်း"

လွင်ဦးတစ်ချီတည်း ဗိုင်းခနဲလဲကျသွားတော့သည်။

နှစ်ချက်စလုံး လွင်ဦး၏နှလုံးကို ထွင်းဖောက်သွားရာ လွင်ဦးနေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားပါ၏။

ဦးစောရွှေသည် သိန်းကိုးဆယ်ဖိုးကို သူတစ်ဦးတည်း လိုချင်သူဖြစ်သည်။

လွင်ဦးနှင့်အတူ တူးဖော်ရရှိလာပါက လွင်ဦးက သူ့ဒက်ဒီရဲ့ပစ္စည်းတွေဆိုကာ အားလုံးအပိုင်စီးမည်ကို ဦးစောရွှေစိုးရိမ်သည်။ လွင်ဦး၏မိခင် ဒေါ်မိမိကြီးသည် အပေါင်းအသင်းကောင်းသည် ထက်မြက်သည်။ ငွေအင်အားလည်း ရှိသည်။ ရွှေချောင်းတွေ ရရှိပြီးနောက် ဦးစောရွှေလိုလူကို အလွယ်တကူ ဒေါ်မိမိကြီးက ဘေးသို့ထုတ်ပယ်ပစ်နိုင်စွမ်းရှိသူဖြစ်သည်။ မိမိအတွက် ဝေစု ရှယ်





ယာပင် ရဖို့မလွယ်နိုင်တော့။

ဒီတော့ သက်သေမရှိ၊ မျက်မြင်မရှိ၊ လွင်ဦးကို သတ်ပစ်ရမည်။

လွင်ဦး အပစ်သတ်ခံသေဆုံးသွားသည်ကို အဘယ်သူက မိမိ၏လက်ချက်ပါဟု ပြောနိုင်အံ့နည်း။

အောင်သပြေ၏ လက်ချက်ဟုသာ အများက မြင်ကြ ယူဆကြမည်သာ။

ဒီတော့ ဒီနေရာ ဒီအခြေအနေတွင် လွင်ဦးကို ဦးစောရွှေက သတ်ပစ်ရမည်သာ။

ရွှေချောင်းတွေ ဝှက်ထားရာနေရာကိုလည်း ... လောကဝိဒူဘုရားအနီးရှိ ဘုရားပျက်လိုဏ်ဂူကြီးထဲမှာမှန်း ဦးစောရွှေသိထားပြီးပြီ၊ သူကိုယ်တိုင်လည်း အောင်သပြေကို နောက်ယောင်ခံရင်း ထိုလိုဏ်ဂူကြီးထဲသို့ ရောက်ဖူးပြီးပြီ။

ယခု သူသွားရောက်တူးဖော်ယူလိုက်ရုံသာ ရှိတော့သည်။

ဦးစောရွှေ အိမ်ကြီးပေါ်မှ ဘုရားပျက်လိုဏ်ဂူကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဟော့လူ ... မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေ လက်ထဲက သေနတ် အောက်ကို ချလိုက် ... သီတဂူ ရဲအဖွဲ့က ဒီအိမ်ကြီးကိုရော ခင်ဗျားကိုရော ဝိုင်းထားပြီ ..."

ဘာတတ်နိုင်တော့မည်နည်း။ ဆင်ပြောင်းကြီးအမြီး ကျမှ တစ်သွားးပေတော့သည်။

အောင်သပြေ၏ သီတဂူ ရဲစခန်းတွင် ဖွင့်ပြောပြ ချက်အရ သီတဂူ ရဲအဖွဲ့ရောက်လာပြီး ဦးစောရွှေက လွင်ဦးကို ပစ်သတ်သည်ကို ဒက်ထိကြီးမိသွားခြင်းဖြစ်တော့သည်။ ဦးစောရွှေ ကို လွင်ဦးသတ်မှုဖြင့် သီတဂူရဲက ဖမ်းလိုက်သည်။

လုပ်ဆောင်ဖွယ်ကိစ္စတွေအားလုံးကို အောင်သပြေ ၏ ပြောပြချက်အရ သီတဂူမှ သက်ဆိုင်ရာလူကြီးတွေ ရှေ့မှောက်မှာ ပင် သီတဂူ ရဲအဖွဲ့က လုပ်ဆောင်တော့သည်။

ထို့အပြင် သီတဂူရဲအဖွဲ့က သူတို့ထံ ဖုန်းဖြင့် ဆက် သွယ်ထားသော စီအိုင်ဒီစုံထောက် အောင်ကျော်မင်းထံသို့ သီတဂူ တွင် ဖြစ်ပျက်သမျှတွေ့ရှိသမျှတွေအားလုံး တယ်လီဖုန်းဖြင့် ပြော





ကြားလိုက်တော့သည်။

လွင်ဦးကို မန်နေဂျာဦးစောရွှေက ပစ်သတ်ကြောင်း ကိုပါ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်မိမိကြီး၏ ထုတ်ဖော်ချက်များ

"ဩော် ... မောင်ရင်က ပြန်လာပြီလား ... "

"ဟုတ်ကဲ့ မလာရင်မဖြစ်လို့ ကျွန်တော် ဒေါ်မိမိကြီးဆီကို လာခဲ့ရတာပါ ဒေါ်မိမိကြီး ... သတင်းတွေကတော့ ... မကောင်းလှဘူးပေါ့ဗျာ ... "

"ဘယ်လို မကောင်းတာတွေလဲ ... "

"သီတဂူမှာ ဖြစ်ပျက်တာတွေအားလုံး ကျွန်တော် သတင်းရတယ် ... ဒေါ်မိမိကြီး ... သီတဂူရဲစခန်းက ကျွန်တော့်ဆီ ဖုန်းဆက်အကြောင်းကြားတယ် ... "

"ပြောပါ ... ဆက်ပြောပါ ... ဘာလဲ ငါ့သားလေး လွှင်ဦးကို





သီတဂူရဲက ဖမ်းထားလိုက်သတဲ့လား၊ ဘာမှဖမ်းစရာမလို ဘူး၊ သားလေးလွှင်ဦးက သူ့အဖေလက်ထဲက ပျောက်သွား တာကို သွားရှာတာပဲဟာ ... "

"ဒေါ်မိမိကြီး ... စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါခင်ဗျား၊ မောင်လွှင်ဦးဟာ ... ဒေါ်မိမိကြီးရဲ့ အထွေထွေမန်နေဂျာ ဦးစောရွှေက သေနတ်နဲ့ပစ်သတ်လို့ သေသွားရှာပါပြီ ... "

"ဘာ ... ဘာ ... ဘာ ... ငါ့သား လွှင်ဦးသေပြီဟုတ်လား၊ စောရွှေက ငါ့သားကို ပစ်သတ်တယ် ဟုတ်လား ... "

"ဟုတ်ပါတယ် ဒေါ်မိမိကြီး ... ဦးစောရွှေက လွှင်ဦးကို ပစ်သတ်တာပါ ... ကျွန်တော်လည်း ပထမထဲက ဦးစောရွှေ အပေါ်မှာ မသင်္ကာခဲ့ပါဘူး ဒေါ်မိမိကြီး ... ကျွန်တော့်ရင်ထဲ မှာ ကွင်းဆက်တွေကို ဆက်စပ်ကြည့်တဲ့နေရာမှာ သူဌေး ဦးကိုကို့ကို အသေသတ်ခဲ့သူဟာလည်း ဦးစောရွှေပဲလို့ ဆက်စပ်ထားမိပါတယ် ... "

"ဟား ... ဟား ... ဟား"

ဒေါ်မိမိကြီး ဟားတိုက်ပြီး ရယ်လိုက်ပေသည်။ သို့သော် လည်းသေ ပြီးနောက် ယခု သားလွှင်ဦးလည်း အသတ်ခံရ၍ သေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောစကားသည် ဒေါ်မိမိအဖို့ သည်းခြေပျက် ရူးသွားနိုင်သော ကြားရချက်ဖြစ်သွားပေတော့သည်။

"ဟား ... ဟား ... အားလုံးသေပြီးမှ မင်းက ကွင်းဆက်တွေ ဆက်စပ်နေတုန်းပဲလား ... မောင်အောင်ကျော်မင်းရဲ့ ... မဆက်နေနဲ့တော့ဟေ့ ... မင်း ပင်ပန်းနေမယ် ... ငါကပဲ ပြောလိုက်တော့မယ် ... ငါ့ယောက်ျား ... သူဌေးဦးကိုကို ကို အသေသတ်တဲ့သူဟာ ... အောင်သပြေဆိုတဲ့ကောင် လည်းမဟုတ်ဘူး ... မန်နေဂျာစောရွှေလည်းမဟုတ်ဘူး၊ ဦးကိုကို့ကို တကယ်သတ်တာဘယ်သူလဲ ... မင်းမသိသေး ဘူးလား စုံထောက်စုတ်ရဲ့ ..."

"ဒေါ်မိမိကြီးက သိလို့လား ..."

"သိတယ်ဟေ့ ... သိတယ် ... ဦးကိုကို့ကို သေအောင်ပစ် သတ်ခဲ့တာ ... ငါ့သားလွင်ဦးပဲ ... လွင်ဦးက သူ့ဒက်ဒီကို ပစ်သတ်တာ ..."

"အေး ... ဦးကိုကို့ကို ငါ့သားလွင်ဦးက သတ်လိုက်တာ၊ အခု ငါ့သားလွင်ဦးသေပြီ ... မင်းက ငါ့သားလွင်ဦးကို ဖမ်း ပြီး ကြိုးစင်ပို့လို့ ရနိုင်သေးလို့လား စုံထောက်စုတ် ... ငါ့သား





ကို မင်းက ကြိုးဒဏ် ... ကျွန်းဒဏ်ပေးနိုင်သေးလို့လား"

အောင်ကျော်မင်းနှင့်အတူပါလာသော ရဲကြပ်ကြီး သည် ဒေါ်မိမိကြီးပြောသမျှတွေကို လိုက်၍ လက်ရေးတိုနှင့်ရေးမှတ် တော့သည်။

"ရေးစမ်း ... ကြိုက်သလောက်ရေးစမ်း ... မင်းတို့ ငါ့သား လွင်ဦးကို သေရာကထလာစေပြီး ... လူသတ်မှုနဲ့ အရေး ယူလို့ရတော့တာမှ မဟုတ်တာ ... ရေး ... ရေး ကြိုက် သလောက်ရေး ငါဆက်ပြောမယ် ..."

"ကိုကိုလေ ... ဟဲ ... ဟဲ ... ဟဲ ... သေသွားတဲ့ ငါ့ ယောက်ျား ... ကိုကိုပေါ့ ... သူက ငါ့ရဲ့ဒုတိယယောက်ျားပဲ၊ ငါ့ရဲ့ပထမယောက်ျားက အခု ဦးကိုကိုရဲ့သူငယ်ချင်း ကိုမြတ် ဆောင်လေ ... ငါနဲ့ကိုမြတ်ဆောင် ပထမအိမ်ထောင်ကျပြီး သား လွင်ဦးကို မွေးခဲ့တာ ... ကိုမြတ်ဆောင်သေသွားတော့ သားလေးလွင်ဦးက သုံးနှစ်သားအရွယ်ပဲရှိသေးတာ ... ကို မြတ်ဆောင်က ငါတို့သားအမိအတွက် ငွေနှစ်သိန်းကျန်ခဲ့ တယ်၊ အဲဒီတုန်းက ငါတို့က ဗျည်းမနားမှာနေတာ ... ဒီမှာ တင် ပထမ ငါ့ယောက်ျား ကိုမြတ်ဆောင်သေသွားတော့

www.burmeseclassic.com



ကိုကိုလေ ... ကိုမြတ်ဆောင်ရဲ့သူငယ်ချင်းကိုကိုပေါ့ ... အခုတော့ သူဌေးဦးကိုကိုပေါ့ ... ငါနဲ့လူမမယ်သားလေး လွင်ဦးကိုသနားလှချည်ရဲ့ တစ်သက်လုံးစောင့်ရှောက်ပါရစေဆိုပြီး ငါ့ကိုလက်ထပ်ခွင့်တောင်းတယ် ... ငါကလည်း အားကိုးအားထားမရှိတော့ ကိုကို့ကို လက်ထပ်ခဲ့တယ် ... ဒါပေမဲ့ ငါ့သားလေး လွင်ဦးကို အမွေစားအမွေခံ တရားဝင်စာချုပ်ပြီးမှ ကိုကို့ကို ငါတရားဝင်လက်ထပ်ခဲ့တာပါ ... ကြာပါပြီ ... အခုဆို ငါ့သားလေး လွင်ဦးတောင် အသက်နှစ်ဆယ့်ရှစ်နှစ်ထဲရောက်နေပြီ ... လွန်ခဲ့တဲ့နှစ်ပေါင်းအစိတ်ကလေ ... ကိုကို ငါ့ကိုလက်ထပ်ခဲ့တာ ... အဲဒီတုန်းက ငွေနှစ်သိန်းဆိုတာ နည်းနည်းနောနောမှမဟုတ်တာ ... မင်းပဲတွက်ကြည့်၊ ရွှေတစ်ကျပ်သားမှ တစ်ထောင်လောက်ရှိတဲ့ခေတ်လေ ... အေး ... ကိုကို့မှာလည်း ငွေ တစ်သိန်းကျော်ရှိပါတယ် ... ငါ့ငွေနှစ်သိန်းနဲ့ပေါင်းပြီး ကိုကိုက လုပ်ငန်းတွေလုပ်တယ် ... ကိုကိုက အကြံအဖန်ကောင်းတယ် ... လုပ်ကွက်တွေအများကြီးမြင်တယ် ... ဒီတော့ ငွေသုံးသိန်းကျော်နဲ့ရင်းနှီးလုပ်ကိုင်တာ ... လုပ်ငန်းတွေ တစ်ရှိန်ထိုး





တက်ပြီး အခုလို ချမ်းသာလာတာပဲ ... ”

“ဒါပေမဲ့ ... ကိုကိုက နောက်ပိုင်းမှာ ညစ်လာတယ်၊ သိန်းတွေ ထောင်ချီပြီး ချမ်းသာလာတော့ ... မယားပါသား လွင်ဦးကို အမွေတွေအားလုံး မပေးချင်ဘူး ... ဘာမဆို လုပ်ငန်းတွေမှာ လျှိုလျှိုဝှက်ဝှက်လုပ်လာတယ် ... ငါ့သား လွင်ဦးကိုလည်း အဖြစ်မရှိတဲ့ကောင် လက်ကြောတင်းတဲ့ကောင်မဟုတ်ဘူးဆိုပြီး ... လုပ်ငန်းတွေမှာ ထည့်မသုံးဘဲ သုံးဖို့စွဲဖို့ ငွေလေး လစဉ်ပေးထားပြီး အညွန့်တုံးထားတယ်၊ ဘေးချိတ်ထားတယ် ... ”

ဒေါ်မိမိကြီးပြောသမျှကို ရဲကြပ်ကြီးက တစ်လုံးမကျန် လိုက်၍ ရေးမှတ်ပါ၏။

နောက်ဆုံးအခြေအနေတွင် နဂိုကတည်းက လင်တော်မောင် ဦးကိုကိုအား မကျေနပ်သည့် ဒေါ်မိမိကြီးသည် သားအရင်း လွင်ဦး သေဆုံးသွားပြီမို့ စိတ်ဓာတ်တွေပျက်သွားပြီး ရူးသွပ်သွားလေပြီလားဟုပင် ထင်မှတ်ရတော့သည်။

“ကိုကိုဟာ ... ဘယ်လောက်ပဲ လျှိုလျှိုဝှက်ဝှက်လုပ်လုပ် အခုငွေသိန်းကိုးဆယ်ပျောက်နေတာကို ငါသိတယ် ... သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလျှို့ဝှက်မှန်းသာ ငါမသိတာ၊ ငွေသိန်းကိုးဆယ် ပျောက်နေမှန်းငါသိသလို ငါ့သားလွင်ဦးလည်း သိတယ်၊ ဒါကြောင့် ငါ့သားလွင်ဦးက ကိုကိုဘာတွေလုပ်ခဲ့တယ်ဆိုတာကို ခြေရာခံတာပဲ၊ ကိုကိုဟာ အောင်သပြေဆိုတဲ့ ကောင်နဲ့ဆက်သွယ်တာကို ငါ့သားလွင်ဦးက တွေ့လာတယ်၊ ငါ့သားလွင်ဦးကလည်း ခေတဲ့လူမှမဟုတ်ဘဲ၊ အောင်သပြေဆိုတဲ့ကောင်အလစ်မှာ သေနတ်ပေါ်မှာ အောင်သပြေရဲ့လက်ဗွေပုံစံတင်အောင် ဖန်တီးတယ် ... အဲဒီ သေနတ်ကို လွင်ဦးက လက်မှာ လက်အိတ်စွပ်ပြီးမှ ဦးကိုကိုကို ပစ်သတ်တာ ... အောင်သပြေက ကားရှေ့ခန်းမှာ ဦးကိုကိုနဲ့ စကားပြောနေတုန်း ဦးကိုကို့ကို သေနတ်နဲ့ပစ်တာနဲ့ အောင်သပြေက ကားပေါ်က ဆင်းပြေးတယ် ... ဦးကိုကိုက အောင်သပြေရဲ့ စွယ်တာအကျီဝတ်ထားတာကို လှမ်းဆွဲတယ် ... ဒါပေမဲ့ အောင်သပြေက ရုတ်ရန်းပြီး ထွက်ပြေးသွားတယ် ..."

"တကယ်တော့ ငါ့သားလွင်ဦးက အောင်သပြေကို အသေသတ်ဖို့ စိတ်ကူးမရှိပါဘူး၊ အောင်သပြေသေသွားရင် သိန်း





ကိုးဆယ်ဟာ လမ်းစပျောက်သွားမယ်ဆိုတာ ငါ့သားက သိနေတာပဲ ... လွင်ဦးက ဦးကိုကို့ကို ပစ်သတ်တဲ့သေနတ်ကို ဦးကိုကိုရဲ့ဘေး ကားကူရှင်ပေါ်မှာပဲ တင်ထားခဲ့တယ်၊ အဲဒီနောက် မင်းရဲ့ ရဲစခန်းကို ငါ့သားလွင်ဦးကပဲ တယ်လီဖုန်းဆက်တယ် ... သူဌေးဦးကိုကို့ကို အောင်သပြေဆိုတဲ့လူက ပစ်သတ်သွားတယ်လို့ သတင်းပေးတယ် ... အဲဒီမှာတင် မင်းက စစ်ဆေးပြီး အောင်သပြေကို ဖမ်းတယ် ... တရားစွဲ ရုံးတင်တယ်၊ ရုံးတင်တော့ ... ငါတို့သားအမိက အောင်သပြေအပေါ်မှာ အမှုကြီးအောင် မထွက်ဆိုဘူး ... ဘာမဆို မသိဘူးလို့ပဲ ထွက်ဆိုတယ်၊ ဒီတော့နောက်ဆုံး အောင်သပြေ တရားသေလွှတ်သွားတယ် ... ငါတို့သားအမိက အဲဒါကိုပဲ မျှော်လင့်ထားတာ အောင်သပြေဟာလွှတ်တာနဲ့ ဦးကိုကိုရဲ့ သိန်းကိုးဆယ်ရှိတဲ့နေရာကို သွားရမယ်လို့ ငါတို့သားအမိတွက်ထားပြီးသား ... အေး ... ကျန်တာတွေကတော့ မင်းအမှုလိုက် အိုင်အိုပဲ အားလုံး မင်းသိပြီးသား ... ဒီအထဲမှာ ငါတို့ဘယ်လိုမှ မထင်မှတ်တဲ့မန်နေဂျာ စောရွှေက အချောင်ဝင်လာပြီး ငါ့သားလွင်ဦးကို သတ်လိုက်တာ

www.burmeseclassic.com



ကဲ ... ရှင်းပလား ... ”

“ရှင်းပါပြီ ... ဒေါ်မိမိကြီး ... ”

ဟု အောင်ကျော်မင်းက ပြောခဲ့ပြီးနောက် ရဲကြပ်ကြီးနှင့်အတူ ဒေါ်မိမိကြီး အိမ်မှ ပြန်ထွက်လာခဲ့သည်။

အောင်ကျော်မင်းသည် ပြန်လာရင်း စဉ်းစားသည်။

အောင်သပြေတွင် ကိုင်ဆောင်သော သေနတ်မရှိဟု အောင်သပြေက သေနတ်မရှိကြောင်း ငြင်းဆိုခဲ့သည်။

ဒါဆိုလျှင် သေနတ်ပုန်းတစ်လက်ကို လွင်ဦးက ရှာပြီး သေနတ်ပေါ်တွင် အောင်သပြေ၏ လက်ဗွေပုံစံတင်၍ ကျန်ခဲ့အောင် တစ်နည်းနည်းဖြင့် လုပ်ဆောင်ပေမည်။

ဥပမာ အောင်သပြေအရက်မူးလွန်ချိန်တွင် လွင်ဦးက အလစ်ချောင်းပြီး သေနတ်ပေါ်တွင် အောင်သပြေ၏ လက်ဗွေပုံစံကျန်ရစ်စေရန် လုပ်ဆောင်မည်။

ဦးကိုကို၏ လက်တွင်တွေ့ရသော သိုးမွေးဆွယ်တာ၏ အမျှင်များကလည်း ဦးကိုကိုသေနတ်ပစ်ခံရသည်နှင့် အသက်မထွက်မီ အောင်သပြေအား အတင်းဆွဲကိုင်ထားရာ သိုးမွေးဆွယ်တာအနီဝတ်ထားသောကြောင့် သိုးမွေးအနီမျှင်များ ဦးကိုကိုလက်





တွင် ကျန်ခဲ့ခြင်းဖြစ်ပေမည်။

မည်သို့ဖြစ်စေ ...

ယခု ဦးကိုကိုအားသတ်ခဲ့သော လူသတ်သမားသည် လွင်ဦးဖြစ်ကြောင်း သိရသည်နှင့် အောင်ကျော်မင်းကျေနပ်သွားပေပြီ။

ဒေါ်မိမိကြီးကိုယ်တိုင် ဖွင့်ပြောသောကြောင့် ယုံမှားဖွယ်မရှိပြီ။

အောင်သပြေကို တရားရုံးတော်ကတရားသေလွှတ်ပြီးသားဖြစ်သည်။ တရားခံအစစ်ဖြစ်သော လွင်ဦးလည်း သေပြီ။

ဦးကိုကိုအသတ်ခံရသည့်အမှုတွဲတွင် ယခုနောက်ထပ် သိရှိရသည်။ ဒေါ်မိမိကြီး၏ ဖွင့်ဆိုချက်များ ထည့်သွင်းကာ အမှုတွဲကို ပိတ်ပြီး သိမ်းထားရုံသာရှိပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်များ၏ နိဂုံးဝယ်

"ဟယ် ... ကိုအောင်ပြန်လာပြီ ..."

"ဟုတ်တယ် ဝိုင်း ... ကိုယ်ပြန်လာပြီ ... ဒီတစ်ခါပြန်လာတာက ... ဝိုင်းအနားက ကိုယ်တစ်ဖဝါးမှမခွာတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြန်လာတာ ... ကိုယ့်ရဲ့ တေလေဘဝကို စွန့်လိုက်ပြီ ... အတည်တကျငြိမ်ငြိမ်လေးနေတော့မယ် ... ဖေဖေနဲ့မေမေ့ကိုပြောပြပြီး မနက်လေးက ဝိုင်းရဲ့ မိဘတွေဆီသွားပြီး မိကောင်းဖခင်သားပီပီ ဝိုင်းကိုတောင်းရမ်း လက်ထပ်မယ် ... ကိုယ့်မှာ ကိုယ်ပိုင်ငွေတစ်သိန်းရှိတယ် ..."

"သြော် ... ကိုအောင်ရယ် ..."





"နေဦးဝိုင်း ... ဒီမှာ ကိစ္စပါလာသေးတယ် ... ဟောဒီ ကိုယ်ခေါ်လာတဲ့ကောင်မလေးက အိကေခိုင်တဲ့၊ ဟောဒီဦးလေးကတော့ အိကေခိုင်ရဲ့ ဖေဖေ ဦးအုန်းမြိုင်တဲ့ ဝိုင်းနဲ့မိတ်ဆက်ပေးတာ ..."

ဝိုင်းက အလေးအနက်အရှိအသေပင် ဦးအုန်းမြိုင်ကို နှုတ်ဆက်ပြီး အိကေခိုင်ကိုတော့ ပခုံးလေးကိုပင် ဖက်ထားလိုက်သည်။

ကိုအောင် မော်တော်ကားဖြင့် ခေါ်လာကတည်းက ဝိုင်းက ဦးအုန်းမြိုင်နှင့် အိကေခိုင်ကို လှမ်းမြင်ပြီးသားဖြစ်ပါ၏။

သို့သော် ဝိုင်းက ဘာမဆို ကိုအောင်က ဘာမှမပြောသေးလျှင် ဘာမှမေးခြင်းမပြုပေ။ မေးမိပြောမိလျှင် မတော်တဆ မိမိကို ကိုအောင်စိတ်ကွက်သွားမည်ကို အလွန်စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

အားလုံးပင် ညနေခင်းဆက်တီကုလားထိုင်အသီးသီးတွင် ထိုင်ကြသည်။ ဝိုင်းက အိကေခိုင်ပခုံးကိုင်ကာ ဆက်တီကုလားထိုင်တွင် မိန်းမချောလေးနှစ်ဦးအတူ ပူးကပ်ထိုင်ကြသည်။

ဒေါ်ဒေါ်ခင်က လက်ဖက်သုပ်နှင့်ရေနွေးကြမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



ချပေးသည်။

အောင်သပြေက သူ ရန်ကုန်မှ သိတဂူသို့သွားသည့် အကြောင်းကို ပဏာမခံကာ သိတဂူတွင် အိကေခိုင်နှင့်စတင်တွေ့ခဲ့သည်မှ ယခု ခေါ်လာသည်အထိ ဝိုင်းကိုပြောပြသည်။

"အဲဒါပဲ ဝိုင်း ... အိကေခိုင်ကို တီးဝိုင်းသန့်သန့်ကောင်းကောင်းတစ်ခုမှာ နာမည်တက်လာတဲ့အထိကို ဆောင်ရွက်ပေးချင်လို့ခေါ်လာတာ ... ဦးလေးဦးအုန်းမြိုင်ကိုလည်း မျက်စိအထူးကုသမားတော်နဲ့ ကိုယ်အပ်ပေးမလို့ ... အဲဒါ သားအဖနှစ်ယောက်စလုံး ကိုယ်တာဝန်ယူပြီး ခေါ်လာတာပဲ ဝိုင်း ..."

"သိပ်ကောင်းပါတယ် ကိုအောင် ..."

"အဲဒါ အခုလောလောဆယ်မှာတော့ ဝိုင်းအိမ်မှာပဲ သူတို့သားအဖကိုထားချင်လို့ ..."

"ရတယ်ကိုအောင် ... အခုလောလောဆယ်ရယ်မဟုတ်ပါဘူး၊ ကိုအောင်နဲ့ပတ်သက်နေတာပဲဟာ ... ဘယ်လောက်ကြာကြာ ဝိုင်းဆီမှာနေလို့ရပါတယ် ... ညီမလေး အိကေခိုင်ကို ဝိုင်းနဲ့အတူ အိပ်ခန်းမှာနေစေပြီး ... ဦးလေး ဦးအုန်းမြိုင်





ကို ဘုရားစင်နဲ့တွဲလျက်အခန်းမှာထားပေးပါ့မယ်ကိုအောင်"

"ဟာ ... အဲဒါတော့မဖြစ်ဘူး ဝိုင်း ..."

"ဟင် ... ဘာလို့ ..."

"ဒါဆို ကိုယ်က ဘယ်မှာသွားအိပ်ရမှာလဲဝိုင်း ..."

ဝိုင်းသည် ချစ်လှစွာသောကိုအောင့်အား နားမလည်သလို ငေးကြည့်နေမိသည်။

အောင်သပြေ၏ မျက်နှာတွင် လွင်ဦးထိုးထားချက်များရော ဦးဖိုးထွား၏လက်သီးချက်ကြောင့်ရော ဖူးဖူးရောင်ရောင်လေးတွေ ရှိနေပါ၏။

တချို့နေရာတွင် ကွဲသွားသဖြင့် ဆေးပလတ်စတာကပ်ထားသည်ကိုလည်း တွေ့ရသည်။

ဝိုင်းသည် ဦးအုန်းမြိုင်နှင့် အိကေခိုင်ရှေ့မှာပင် အောင့်အည်းမနေနိုင်တော့ဘဲ အောင်သပြေဘေးတွင် သွားရောက်ဒူးထောက်ထိုင်ချကာ အောင်သပြေ၏အနာတရ မျက်နှာနေရာများကို သူမ၏လက်ချောင်းဖြူဖြူနုနုလေးများဖြင့် ကယုကယ ပွတ်သပ်ကြည့်ရင်း ပြန်၍ မေးခွန်းထုတ်လိုက်သည်။

"ကိုအောင် ဘာတွေပြောနေတာလဲဟင် ... ဝိုင်းအိမ်မှာ

www.burmeseclassic.com



ဘယ်တုန်းက ကိုအောင် ညအိပ်ညနေ နေဖူးခဲ့လို့လဲ ... ကိုအောင်ရောက်ရာနေရာမှာ အိပ်နေတာပဲဟာ ... ”

“အဲဒါက ဟိုတုန်းကလေ ဝိုင်း ... အခုဆို ကိုယ်ကငြိမ်တော့မှာ ... ဖေဖေနဲ့မေမေနဲ့တိုင်ပင်ပြီး သင့်တော်တဲ့အလုပ်တစ်ခုကို ဖင်မြဲမြဲလုပ်တော့မှာ ... ကိုယ်ငွေရှာမှုကိုဖြတ်လမ်းက လိုက်မိလို့ တရားရုံးမှာ ကံကောင်းလို့ ... ကြိုးဒဏ် ... ကျွန်းဒဏ် မကျတာ ... သီတဂူရောက်ပြန်တော့လည်း တစ်လျှောက်လုံး နောင်ချိန်ဇာတ်ခင်းပြီး ကံကောင်းလို့မသေတာ ... ငွေကို ဖြတ်လမ်းနည်းနဲ့ရှာတာဟာ ငွေနဲ့မနီးခင် အသက်ဘေးနဲ့နီးတာတွေ ကိုယ်လက်တွေ့တွေဖြစ်ခဲ့ပြီးပြီ၊ ဒီတော့ ကိုယ့်အစီအစဉ်ကို ပြောပြမယ် ... ”

“ပြောပါဦး ကိုအောင့်အစီအစဉ် ... ”

“အိကေခိုင်ကို ဒေါ်ဒေါ်ခင့်အိပ်ခန်းမှာ ဒေါ်ဒေါ်ခင်နဲ့အတူ အိပ်ပါစေ ... ဦးလေးဦးအုန်းမြိုင်ကတော့ ဝိုင်းပြောတဲ့အတိုင်း ဘုရားခန်းနဲ့တွဲနေတဲ့အခန်းမှာပဲထားပေါ့ ... ကိုယ်ကတော့ ဝိုင်း အိပ်ခန်းမှာပဲ အိပ်မယ်လေ ... ”

“ဟာ ... ကိုအောင်က ဘာမှန်းမသိဘူး ... ညီမလေးအိကေ





ခိုင်ရှေ့မှာ ပေါက်ကရတွေ ပြောနေတယ် ... ပြောချင်ရာ စွတ်ပြောတာပဲ ... တကယ် ... ”

အိကေခိုင်က ဟိုဘက်လှည့်ကာ ပြုံးရယ်နေပါ၏။

“ကိုယ် အလကားပြောနေတာပါ ဝိုင်း ... ကိုယ် ဝိုင်းနဲ့ တကယ်လက်ထပ်ပြီးရင် ကိုယ့်ဖေဖေနဲ့မေမေ့အိမ်မှာလည်း ဝိုင်းနဲ့အတူ သွားမနေချင်ဘူး ... ဝိုင်းအတွက် ယောက္ခမအိမ်မှာ လိုက်နေရတာ ... အနေကျပ်မှာစိုးတယ် ... မလွတ်လပ်မှာစိုးတယ် ... ဟော့ဒီဝိုင်းရဲ့အငှားနေတဲ့ မအူပင်လမ်း အိမ်လေးမှာပဲ ကိုယ်နဲ့ဝိုင်း အတူနေပြီး ... ကိုယ့်ဘဝသစ်ကို ဒီကပဲစချင်တယ် ... ချမ်းသာတဲ့ကိုယ့်မိဘအိမ်မှာလည်း မနေဘူး ... မန္တလေးက ဝိုင်းရဲ့ချမ်းသာတဲ့အိမ်မှာလည်း ယောက္ခမနဲ့အတူ ကိုယ်မနေချင်ဘူး ... မိဘတွေရဲ့ အကူအညီနဲ့ဝိုင်းကို အိမ်တစ်ဆောင်မီးတစ်ပြောင်မထားချင်ဘူး၊ ကိုယ်ရှာတဲ့ ပိုက်ဆံ ... ကိုယ်ရှာတဲ့ငွေနဲ့ပဲ ဝိုင်းနဲ့အတူဘဝကို တိုးတက်အောင် ကြိုးစားချင်တယ်ဝိုင်း ... ”

“သိပ်ကောင်းတာပေါ့ကိုအောင် ... ”

ဝိုင်းသည် သူမ၏ချစ်စွာသော ကိုအောင်က ဖြူလှုပ်



www.burmeseclassic.com

www.burmeseclassic.com



အမြဲလိုက်ဖြူသော ဇနီးလောင်းလေးပါတည်း။

ကိုအောင်ချစ်သူဆိုလျှင် ဝိုင်းက လိုက်ချစ်မည်။

ကိုအောင်မုန်းသူဆိုလျှင် ဝိုင်းက လိုက်မုန်း၏

တကယ်တော့ ...

သူမချစ်လှစွာသော ကိုအောင် သီတဂူသို့

သည်မှာ ...

ငရဲသို့ ပျော်ပွဲစားထွက်သလို ဖြစ်ခဲ့မှန်းသာ ဝိုင်းသိပါ

လျှင် ...

နားကြပါဦးဆို့
(တက္ကသိုလ်တင်မြင့်)



www.burmeseclassic.com